
www.burmeseclassic.com

# မအေးလေး

သက်တံရောင်ခြယ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မအေးလေး

# သက်တံ့ရောင်ခြယ်

မောင်ကျော်လှိုင် စေတနာစာပေမှ
စီစဉ်သည်။

## အခန်း(၁)

'သုနန္ဒာ'ထင်မှတ်ထားခဲ့တာက . . နှစ်ပေါင်းများစွာချစ်မြတ်နိုးခဲ့ရသော 'ညာဏ'ကိုလက်ထပ်ကြဖို့ပြောလိုက်ပါက 'ညာ'က အရမ်းကိုဝမ်းသာပျော်ရွှင်သွားလိမ့်မည်ဟု မျှော်လင့်ယုံကြည်ထားခဲ့တာပါ။

ယခုတော့ . . . . .

'ညာ' . . . ၏မျက်လုံးကလေးများဝိုင်းစက်အံ့အားသင့်သွားတာကလွဲလျှင် . . 'သု' ထင်ထား မျှော်လင့်ထားသလိုမျိုး ဝမ်းသာပျော်ရွှင်သွားတာမျိုး . . လုံးဝဆို လုံးဝကိုရှိမနေခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်လာတာလဲ"ဟူသော အံ့အားသင့်စွာကြည့်လိုက်သောအကြည့်က .. မျှော်လင့်စွာ ရင်ခုန်စောင့်ဆိုင်းနေခဲ့သော 'သု'၏နှလုံးသားကို ဖျတ်ခနဲရိုက်ချလိုက်သလို 'သု' ခံစားလိုက်ရလေသည်။

"ဟင် .. ဘယ်လိုကြည့်တာလဲ ညာရဲ့၊ ဘယ်လိုကြီးကြည့်လိုက်တာလဲ"

"အံ့အားသင့်သွားလို့ပါ .. ဘာတွေဖြစ်လာသလဲလို့ကြည့်တာ"

"နည်းနည်းလေးမှ ဝမ်းသာသွားတာမျိုးမရှိဘူးနော်"

'သု'အသံမှာ တြေကွဲရိပ်လွှမ်း၏။

"ဝမ်းသာရမယ် .. ဘာကိုဝမ်းသာရမှာလဲ"

"မြတ်စွာဘုရားရေ"

'သု'တကယ် ဘုရား 'တ' မိ၏။ 'ညာဏထင်'ဆိုသောကောင်ကလေးကို အင်မတန်မှထူးဆန်းလှသော(တစ်ခါမျှမမြင်စဖူးထူးကဲစွာမြင်တွေ့ရသောသတ္တဝါလေးလို)အကြည့်ဖြင့်ကြည့်မိ၏။

ကြားဖူးကြပါရဲ့လားကွယ်။

အနှစ်နှစ်အလလချစ်မြတ်နိုးခဲ့ကြသော ချစ်သူ





နှစ်ဦးကြားမှာ ... လက်ထပ်ခြင်းဖြင့်ပေါင်းစည်းလိုခြင်းကိုသာမျှော်လင့်ထားကြရမှာမဟုတ်ပါလား။

လက်ထပ်ခွင့်တောင်းဆိုရမှာကလည်း .. 'ချစ်လှချေရဲ့'ဟု တဖွဖွပြောဆိုခဲ့သော ယောကျ်ားလေးဖြစ်တဲ့ 'ညာဏထင်'ကသာ တောင်းဆိုရမှာပါ။

ယခု .. 'ညာ'ကပင် တောင်းဆိုစရာမလိုဘဲ 'သု'ကလက်ထပ်ကြဖို့ပြောတာ .. ညာဏအတွက် ဘယ်လောက်ဝမ်းသာပျော်ရွှင်စရာဖြစ်ဖို့ကောင်းလိုက်သလဲ။

ယခုတော့ ... ဝမ်းသာအားရဖြစ်ဖို့ဝေး၍ 'ညာ'က 'သု'၏တောင်းဆိုချက်အပေါ်မှာပင် အံ့အားသင့်သွားသတဲ့။

ဘာကို ဝမ်းသာရမှာလဲတဲ့ ...

ကောင်းရောကွယ်။

'သု'မှာ အံ့အားသင့်ခြင်းများစွာ .. မယုံကြည်နိုင်ခြင်းများစွာဖြင့် .. 'ညာဏထင်'ကိုကြည့်ရင်း ခေါင်းတယမ်းယမ်းခါနေမိ၏။

သူဟာ .. 'သု'ကိုချစ်သတဲ့။

အသက်လောက်ချစ်မြတ်နိုးတာပါတဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ပိရိသေသပ်လှသောနှုတ်ခမ်းကနေ တတွတ်တွတ်မပြောခဲ့တာလေ။

ဟော . . ယခုတော့ . . လက်ထပ်ဖို့ပြောခြင်းကို အံ့အားသင့်သတဲ့။ ဘာကိုဝမ်းသာရမှာလဲတဲ့ . . .

အဲဒီ . . နှုတ်ခမ်းကနေပဲပြောကြားသံကြားရခြင်းဟာ 'သု'နားကြားလွဲတာတော့ လုံးဝမဟုတ်ပါ။

"ဟင် . . သု . . ဘာဖြစ်တာလဲ၊ ဘာဖြစ်သွားတာလဲ"

ညာဏထင်က သူ့ကိုမျက်တောင်မခတ်စတမ်းကြည့်တာ တစ်လှမ်းချင်းနောက်ဆုတ်သွားသောသုနန္ဒာ၏လက်ကို လှမ်းဆွဲလိုက်၏။

"မကိုင်နဲ့ . . သု့လက်ကိုဘာမှကိုင်စရာမလိုဘူး"

ပြောရင်း . . သုနန္ဒာက လက်ကိုဆောင့်ရုန်းလိုက်၏။ ရှက်စိတ်မှာ ဒေါသစိတ်နှင့်ဝမ်းနည်းစိတ်ပေါင်းကာ မျက်ရည်တွေ ချက်ချင်းလို ပြည့်လျှံကျလာလေသည်။

ရင်မှာနာကျင်စွာခံစားရပါသောအဖြစ် . . .

နှလုံးသားတွေ ကွဲကြေသွားသလိုခံစားရပါသောအဖြစ်ကို . . . 'သု'သာအသိဆုံးဖြစ်လေသည်။

"ဟာ . . သု . . ဘာဖြစ်တာလဲ"





'ညာ'က ဘာကိုမှနားမလည်သလို စိတ်ရှုပ်ထွေးစွာကြည့်လေသည်။

'ညာဏထင်'နဲ့ 'သုနန္ဒာ'တို့ရဲ့ချစ်သူသက်တမ်းတစ်လျှောက်မှာ . . မကြာခဏ စကားများ၊ ရန်ဖြစ်၊ သဘောထားကွဲလွဲရတာ အဆန်းတကြယ်မဟုတ်ပါ။

အယူအဆကွဲလွဲမှုများစွာမှာ 'သု'ကသာ မကြာခဏအလျှော့ပေးခဲ့တာပဲဖြစ်၏။

'ညာဏ'ရဲ့စိတ်က တစ်ယူသန်တစ်ဇွတ်ထိုးစိတ်ဖြစ်လျက် သူ့မှန်တယ်ထင်ရင် ဘယ်တော့မှ အလျှော့ပေးလိုသောစိတ်မရှိခြင်းတစ်ခုကိုတော့ဖြင့် . . 'သု'စိတ်ပျက်မိတာအမှန်ပင်ဖြစ်လေသည်။

နောက်တစ်ခုက . . မှားတာကိုမှားမှန်းသိသည့်တိုင် . . ဝန်ခံအလျှော့ပေးလိုစိတ် . . ညာဏမှာ ရှိမနေခဲ့ပါ။

"ဘာဖြစ်ရမှာလဲ ညာရဲ့၊ ညာ့ပြောတဲ့စကားတွေ ညာပြန်တွေးကြည့်ပါဦး"

"ဟာ . . ဘာပြောမိလို့လဲ"

စိတ်ရှုပ်ထွေးတိုင်း လက်ငါးချောင်းဖြန့်ချဲကာ ဆံပင်ထဲထိုးဖွတာ . . 'ညာ'ရဲ့ ပြုနေကျအမူအရာတစ်ခုပဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ကြဖို့ပြောတာ ဘာအံ့အားသင့်စရာရှိလို့လဲ . . ကဲ၊ တကယ်ဆို . . ညာဏဝမ်းသာသွား မှာပဲလို့တောင် 'သု'ကထင်ထားခဲ့တာ၊ ခုတော့ . . ကြည့်ဦးပြောပုံက . . ဘာကိုဝမ်းသာရမှာလဲဆိုတာ . . 'သု'ကိုစော်ကားတာ . . သိက္ခာချတာ"

ပြောရင်း . . ပိုးပိုးပေါက်ပေါက်ကျလာသောမျက်ရည်တွေသုတ်ကာ 'သု'အော်မိလေသည်။

"ကွာ . . ခက်တာပဲ . . ဘာလဲ . . စော်ကားတာ သိက္ခာချတာက . . မဟုတ်တာတွေ၊ ကိုယ် . . တကယ်အံ့အားသင့်လို့ အံ့အားသင့်တယ်ပြောမိတာပဲ 'သု'ရဲ့ ကိုယ့်စိတ်ထဲရှိတာပြောမိတာပဲ"

"ဟုတ်လား . . ဒါဖြင့် စိတ်ထဲရှိတာပြောပါဦး၊ ရှင့်စိတ်ထဲမှာ 'သု'ကိုလက်ထပ်ဖို့လုံးဝစိတ်မကူးထားဘူးပေါ့ . . ဒီလိုလား"

"ဟာ . . မဟုတ်ဘူး . . 'သု'ဘာတွေလျှောက်ပြောနေတာလဲ၊ စိတ်မကူးဘဲနဲ့ 'သု'ကိုချစ်မလား၊ ဒီလောက်နှစ်ရှည်လများတွဲခဲ့တာ 'သု'ကိုချစ်လို့၊ 'သု'တစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်ခဲ့တာ 'သု'အသိဆုံး၊ ကိုယ့်ဘဝမှာ





'သု'ကလွဲပြီး ဘယ်မိန်းကလေးမှရှိခဲ့တာမှ မဟုတ်တာ"

"သု့ကိုချစ်ခဲ့တယ် . . တွဲခဲ့တယ် ဟုတ်တယ်၊ လက်ထပ်ဖို့တော့ ရှင် စိတ်မကူးသေးတာတော့ . . သေချာတယ်မဟုတ်လား ညာ၊ ဖြေလေ . . ရှင်က အမှန်အတိုင်းဖြေတတ်တဲ့သူပဲ၊ ဘယ်သူ ဘယ်လိုခံစားသွားရမလဲဆိုတာလုံးဝထည့်မတွက်တတ်တဲ့သူပဲ"

'သု' . . .

ညာဏထင်က 'သု'မျက်နှာပေါ်မှာ နာကြည်းရိပ်တွေ ဖျတ်ခနဲပြေးသွားတာကိုမြင်သွားကာ စိုးရိမ်စိတ်တွေပြည့်လျှမ်းလာလျက် အနားတိုးကပ်လာခဲ့လေသည်။

"သု . . ကိုယ်နားမလည်တော့ဘူးကွာ၊ သု . . ဘာတွေဖြစ်နေသလဲ၊ ကိုယ်လက်ထပ်မှာ . . သုနန္ဒာဆိုတဲ့ 'သု'ကိုပဲ၊ သု့ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်ကူးထဲ မထည့်ဘူး၊ အဲဒါကိုယုံ . . ."

"ဒါဖြင့် . . သုပြောတဲ့စကားကို ဝမ်းမသာနိုင်ဘဲ အံ့အားသင့်သွားတာ ဘာကြောင့်လဲ"

"မထင်မှတ်ဘဲ . . 'သု'က လက်ထပ်ဖို့ ဖြုန်းခနဲပြောတာကိုး သုရဲ့၊ အံ့အားသင့်တာပေါ့၊ ဝမ်းမသာနိုင်တာက

www.burmeseclassic.com



တော့ ကိုယ့်မှာ သူကို တင့်တောင့်တင့်တယ်ထားနိုင်တဲ့ အင်အားမရှိတော့ စိတ်မကောင်းဖြစ်သွားခဲ့တာပေါ့"

"သူ့ပြောတဲ့စကားထဲမှာ ဘယ်ဟိုတယ်မှာဘယ်လိုလက်ထပ်မှ ဘာမှဆိုတဲ့စကားများပါလို့လား"

"ဒါပေမဲ့ . . ကိုယ်ချစ်တဲ့သူကို . . ကိုယ် တင့်တင့်တယ်တယ်လက်ထပ်ချင်တာအမှန်ပဲ သူ၊ အဲဒါ . . ကိုယ့်ရဲ့စိတ်စေတနာအမှန်ပဲ၊ အခုအချိန်မှာကိုယ့်ဘက်ကဘာတစ်ခုမှ အဆင်သင့်ရှိမနေသေးတာလည်း အမှန်ပဲ၊ ပြောပါဦး . . သူကို . . သူတို့အိမ်ကဘာများပြောလို့လဲ"

"ဖေဖေ . . နိုင်ငံခြားတနေပြန်လာတော့မယ် ညာရဲ့"

ညာဏထင်၏မျက်နှာ တွက်ခနဲပျက်၏၊ တစ်ခုခုဖြစ်တော့မည်ဆိုတာ ကြိုတင်သိရှိနေသလို . . ရင်မှာ ဒိတ်ခနဲဖြစ်လေသည်။

'သူ'ဖေဖေ၏ ဂုဏ်ရှိန်ကြီးမားထည်ဝါမှုကို 'ညာဏ'တို့ဘက်မှ ဘယ်လိုနည်းနှင့်မျှ လိုက်မမီနိုင်ပါ။

'သူ'တို့က ချမ်းသာကြွယ်ဝသလောက် . . .

'ညာဏ'တို့က အရမ်းကိုနိမ့်ကျနေခဲ့သည်မှာ တစ်ဆင့်နိမ့်တောင်မဟုတ် . . . .





အဆင့်ပေါင်းများစွာ . . များစွာ . . ကွာလှမ်းသို့နေခဲ့သည်။

သူနှင့်နှင့် ပတ်သက်ဆက်နွယ်မှုရှိနေသည်ဟု သိရသောအခါ . . ညာဏ၏မေမေကိုယ်တိုင် စိုးရိမ်စိတ်ဖြစ်ပေါ်ခဲ့ရှာတာပါ။

"ဖြစ်ပါ့မလား သားရယ်၊ သူတို့က သားနဲ့သဘောတူပါ့မလား၊ မေမေကတော့ မထင်ဘူးနော်"

သတိပေးခဲ့တာလေ။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

"ကိုယ့်ကိုလက်ထပ်ဖို့ပြောတာ . . 'သူ'ဖေဖေပြန်လာတော့မှာနဲ့ပတ်သက်နေသလား"

"ဆိုပါတော့"

'သူ'၏မျက်နှာလေးကို . . 'ညာဏ[illegible]'က ဆတ်ခနဲကြည့်မိ၏။

ထင်တဲ့အတိုင်းပဲပေါ့။

'သူ'တို့ဖေဖေက ညာဏနဲ့ 'သူ'ကို သဘောမတူဘူးပေါ့။ ဒါကြောင့် 'သူ'တို့အဖေပြန်ရောက်မလာခင်မှာ လက်ထပ်ကြဖို့ မိန်းကလေးဘက်မှ စတင်ပြောရရှာတာပဲဖြစ်မှာပေ



www.burmeseclassic.com

www.burmeseclassic.com



နာလေသည်။

"ဘာလဲ . . ကိုယ်နဲ့ 'သု'ကို 'သု'တို့အဖေက သဘောမတူဘူးတဲ့လား . . ဟုတ်လား"

ညာဏ၏မျက်နှာကလေးက ခပ်ထန်ထန်ကလေးတင်းနေခဲ့၏။ အဲဒီ . . ညာဏတစ်ယောက်ဟာ စိတ်ထဲရှိသည့်အတိုင်း မျက်နှာမှာ ထင်းခနဲပေါ်လွင်စေတတ်တာမို့ . . ညာဏစိတ်ထဲ မခံချင်စိတ်ဖြစ်တာရော . . မကျေနပ်တာ . . ကျေနပ်တာအားလုံးက မျက်နှာကြည့်တာနဲ့ သိသာစေပါသည်။

"အိုး . . မဟုတ်ပါဘူး။ညာနဲ့ 'သု'တို့အကြောင်း ဖေဖေက လုံးဝသိသေးတာမဟုတ်ဘူး ညာရဲ့၊ အခုဟာက ဖေဖေ့ဆီကစာရတာ၊ ဖေဖေက ဂျပန်မှာသူတွေ့ခဲ့တဲ့ မြန်မာပြည်ကတစ်ယောက်ကိုသဘောကျပြီး သုနဲ့လက်ထပ်ဖို့ သဘောတူနေခဲ့တာတဲ့"

"ဟင်"

တကယ်ကို ညာဏ,ထင်တဲ့အတိုင်းဖြစ်လာခဲ့ပြီပေါ့။ 'သု'တို့ဖေဖေ ဦးရဲတင့်သဘောကျပါသည်ဆိုတဲ့သူဟာ . . ညာဏထက် အစစအရာရာ သာနေမှာသေချာတာလေ။

"အဲဒါကြောင့် သုက ကိုယ့်ကိုလက်ထပ်ဖို့ပြောတာပေါ့





ဟုတ်လား"

"ဟုတ်တယ် . . ဖေဖေပြန်လာရင် 'သု'က ညာနဲ့လက်ထပ်မှာဆိုတာကို ပြောပြဖို့လိုပြီလေ ညာရဲ့၊ ဖေဖေနဲ့ ညာ့ကိုတွေ့ပေးဖို့လိုပြီလို့ သု,တော့ထင်တယ်"

"သု . . ထင်သလား၊ ကိုယ်နဲ့ 'သု'ကို 'သု'ဖေဖေက သဘောတူလိမ့်မယ်လို့ . . မျှော်လင့်သလား"

"မျှော်လင့်တယ် . . ညာကလုပ်ရည်ကိုင်ရည်ရှိတယ်၊ ကြိုးစားသလောက်ကြီးပွားနိုင်တယ်လို့ 'သု'ယုံကြည်တယ်ဆိုတာ ဖေဖေ့ကို သု ပြောပြမှာပေါ့"

ဪ . . သုရယ် . . .

သု . . မျက်ဝန်းလေးတွေမှာ ယုံကြည်စိတ်ဖြင့် ဝင်းလက်တောက်ပလာကြတာ . . .

စောစောကငိုထားသောမျက်နှာလေးက တက်ကြွရွှင်လန်းလာကာ ညှိုးရိပ်ကွယ်ပျောက်သွားပုံကလေးက 'သု'၏ မျှော်လင့်စိတ်ကို မြင်တွေ့လိုက်ရတာပါ။

'ညာဏ'ကျတော့ 'သု'ဖေဖေက သု,နှင့်မိမိကို ယခုလိုအချိန်အခါမျိုးမှာ ဘယ်လိုနည်းနဲ့မှသဘောတူမှာမဟုတ်တာ သေချာစွာသဘောပေါက်နေခဲ့ပါသည်။

www.burmeseclassic.com



ညာဏ်ဆိုတာက . . လုပ်ငန်းကြီးတစ်ခုထဲဝင်တိုးနိုင်ဖို့ ယခုမှ ကြိုးစားနေရသောအချိန်ကာလ။

မုဆိုးမ,မိခင်ကြီးက ညာဏထင်ကိုပဲ အားကိုးအားထားပြုနေရသောအချိန်ကာလ။

မိခင်ကြီး၏ အသည်းကင်ဆာဝေဒနာက အချိန်ကာလအပိုင်းအခြားတစ်ခုအထိသာ အသက်ရှင်နေနိုင်တော့မည့်တာလ။

ဒါတွေအားလုံး . . ညာဏ,တစ်ယောက်တည်းကြိတ်မှိတ်မျိုသိပ်ခံစားရသောဝေဒနာကို . . ချစ်သူလေး 'သု'က ဘယ်လိုသိရှိနိုင်မှာလဲကွယ်။

"ညာ"

နွေးထွေးနူးညံ့သော 'သု'၏လက်က ပခုံးကိုလာရောက်ဆုပ်ကိုင်မှ . . ညာဏ၏စိတ်က ကိုယ်မှာပြန်လည်တွယ်ငြိ၏။

"ဘာလဲဟင် . . ဘယ်လိုဖြစ်တာလဲ၊ သု,ကိုလက်ထပ်ချင်တဲ့စိတ် ညာ့မှာမရှိဘူးလား"

"မဟုတ်တာ သုရယ် . . ကိုယ် 'သု'ကို အရမ်းချစ်တာ 'သု' သိပါတယ်၊ ကိုယ် 'သု'နဲ့ခွဲရမှာကြောက်တယ်၊ ကိုယ့်





မှာပိုင်ဆိုင်မှုအင်အား ဘာတစ်ခုမှမရှိသေးတဲ့ 'သု'ကို လက်ထပ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ကိုယ်နဲ့ သုတို့ . . 'သု'ဖေဖေက ဘယ်လိုမှသဘောတူမှာမဟုတ်တာကိုယ်သိနေတယ်"

"အဲဒီတော့လည်း . . ညာ့နောက်ကို 'သု'လိုက်ခဲ့မယ် ညာ၊ စိတ်ချပါ . . ဖေဖေပေးစားတဲ့သူကို 'သု'မယူပါဘူး"

"ဒါဖြင့်ရင် . . အခု 'သု' ငြင်းထားလိုက်ရင်ရော"

"အကြောင်းပြချက်လိုတယ်လေ 'ညာ'ရဲ့၊ 'သု'မှာ 'ညာ' ရှိနေပြီဆိုတာပြောပြဖို့လိုတယ်၊ ဒါမှ . . သုနဲ့ညာတို့အတွက်စိတ်အေးရမှာပေါ့ . . မဟုတ်ဘူးလား"

ညာဏ . . ပင့်သက်ရှည်ချမိလေသည်။

'သု'က သူမ,လိုပင် လောကကြီးတစ်ခုလုံးကို …းလှသည်ဟု ခပ်ပေါ့ပေါ့တွေးသည်ပါလား။

"အဲဒီတော့ . . ဖေဖေနဲ့တွေ့ရမယ်နော် 'ညာ' . . ကတိပေး"

"သုကလည်း . . သု,ဖေဖေကသာ သဘောမတူရင် ကိုယ့်နောက်ကိုလိုက်ခဲ့ရမယ် . . ကတိပေး"

www.burmeseclassic.com



သုနန္ဒာ၏မျက်နှာလေး ဝင်းလက်တော

သွားခဲ့၏။

"စိတ်ချ . . ဖေဖေကသာ 'ညာ'နဲ့သဘောမတူဘူး

ဟိုလူနဲ့သာဇွတ်အတင်းစီစဉ်လို့ကတော့ ညာ့နော

'သု'လိုက်ခဲ့မယ်"

"တကယ်"

"တကယ်ပေါ့ ညာရဲ့"

"ကိုယ်တို့တဆင်းရဲတယ် 'သု'ရဲ့၊ 'သု' ဆင်းဆင်း

နိုင်ရဲ့လား"

"ညာနဲ့သာအတူနေရရင် . . သု့စိတ်ချမ်းသာမှာ

ရဲ့၊ အရေးအကြီးဆုံးက စိတ်ချမ်းသာဖို့ပဲလေ၊

စိတ်ချမ်းသာချင်တာ"

'သု'ရယ် . . . .

'သု'ပခုံးလေးကို မြတ်မြတ်နိုးနိုးလေး ဖက်

ပြီ။

ချစ်သူရဲ့ဘဝမှာ ဆင်းရဲခြင်းဆိုတာလုံး

တွေ့ခဲ့ဖူးသူမို့ . . ဆင်းရဲခြင်း၏ဒုက္ခကို 'သု'ခမျာ လုံးဝ,သိ

မဟုတ်ပါ။





"ကောင်းပြီ . . 'သု'ဖေဖေကို ကိုယ်တွေ့မယ်၊ 'သု'က

လည်းကိုယ်တို့အိမ်လေးတိုလိုက်ကြည့်ရမယ်၊ မေမေ့ကို

တွေ့ရမယ်"

"ဟုတ်ပါရဲ့နော် . . ညာ့မေမေကို သု လုံးဝကိုမမြင်ဖူး

သေးဘူး"

"မေမေကတော့ . . ကိုယ်ပြောပြထားလို့ 'သု'ကိုသိနေ

တယ် 'သု'ရဲ့"

"ဟင် . . တကယ်လား ညာ"

"တကယ်ပေါ့ . . ကိုယ့်မေမေနဲ့တွေ့ရင် 'သုနန္ဒာ'ဆိုတဲ့

နာမည်သာပြောလိုက်၊ အဲဒါ သူ့ချွေးမလောင်းလေးပဲ

ဆိုတာ မေမေချက်ချင်းကိုသိမှာ 'သု'ရဲ့"

"ဟယ် . . ရှက်စရာကြီး၊ ဘာလို့လျှောက်ပြောထားရတာ

လဲ ညာရဲ့"

"ပြောရတာပေါ့ သုရဲ့၊ ကိုယ်တို့မှာက ဒီအမေနဲ့ ဒီသားပဲ

ရှိတာ၊ သားချစ်သူအကြောင်း မေမေသိနေတာပေါ့"

'သု' ရှတ်စနိုးလေး မျက်နှာဝှက်၏။ 'သု'ကျ

'ညာဏထင်'ဆိုတာ 'သု'ရဲ့ချစ်သူဆိုတာ အသိခံနိုင်ဖို့ဝေး

'ညာဏထင်'ဆိုသောနာမည်ကို လုံးဝသိစေခဲ့တာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တာလေ၊

ကြည့်စမ်း . . . .

'ညာ'ကျတော့ . . 'သု'၏အမည်ကို ပြော
ရုံမျှမက သူချစ်သောချစ်သူရယ်လို့ပါ သိနေစေခဲ့သတဲ့။

'ညာ့'ကို 'သု'အရမ်းကိုယုံကြည်မှုအပြည့်
ချစ်သွားရလေသည်၊

➤ ➤ ➤



## အခန်း(၃)

'သု'၏ကားကို 'ညာ'ကပဲမောင်းနှင်လျက်'ညာ' တို့အိမ်သို့ခေါ်ဆောင်သွားခဲ့ရာမှာ . . 'သု'၏ခြေဖျားလက်ဖျား လေးတွေ အေးစက်သည်အထိ ရင်ခုန်လှုပ်ရှား၏၊

'သု'က အနေအေးသူဖြစ်ပါသည်၊ အပေါင်းအ သင်းမိတ်ဆွေသင်္ဂဟရယ်လို့လည်း သိပ်ပြီးများများစားစားထားရှိ သူမဟုတ်ပါ။

'သု'၏ဘဝမှာ 'ညာ'သာလျှင် အရင်းနှီးဆုံး အနီးကပ်ဆုံးအဖော်ဖြစ်ခဲ့တာပါ။

လူကြီးသူမတွေနှင့်လည်း စကားပြောတတ်သူ


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ 'ညာ့'မေမေနှင့်တွေ့လျှင် 'သု'ဘယ်လိုပြောဆိုဆက်ဆံရပါမလဲ။

'သု' ရင်တွေ ဒလစပ်ခုန်နေလေသည်။

'သု'ကြောက်ရွံ့ထိတ်လန့်နေလေသည်။

"သု . . ဘာဖြစ်လဲ . . နေမကောင်းဘူးလား"

ညာကထင်တ 'သု'၏မျက်နှာလေး ဖြူဖပ်ဖြူရော်ဖြစ်ကာ မျက်နှာပျက်နေတာမြင်သွားခဲ့၏။

"စိတ်ပူလိုက်တာ ညာရယ်၊ အရမ်းကိုကြောက်တာပဲ၊ ညာနဲ့ခုလိုလိုက်လာခဲ့တာကို ညာ့မေမေက ဘယ်လိုထင်မလဲမသိဘူးနော်"

'ညာ' သဘောကျစွာ ရယ်ပစ်လိုက်၏။

'သု'က အရမ်းကိုအေးဆေးလှတာ၊ အရာခပ်သိမ်းကို အရိုးခံအတိုင်းတွေးဆတတ်သူဖြစ်ပါသည်။ စိတ်ထားနူးညံ့ပျော့ပျောင်းလှသူဖြစ်ပါသည်။

ပိုက်ဆံရှိ သူဌေးသမီးရယ်လို့လည်း . . မာနထောင်လွှားသောစိတ် လုံးဝကိုရှိတာမဟုတ်ပါ။

မာန်မာနကင်းစင်လျက် သိုးငယ်လေးလို ဖြူစင်စိတ်ထားရှိတာကြောင့်ကိုပဲ . . 'ညာ'က 'သု'၏အဖြစ်ကင်းစင်





ချစ်စရာကောင်းတာလေးတွေကို . . အသည်းနှင့်အောင်ချစ်ခဲ့ရတာပါ။

"ဟင် . . ဘယ်လိုထင်ရမလဲ၊ 'သု'တို့ခိုးလာခဲ့ပြီထင်မှာပေါ့"

'ညာ'နောက်ပြောင်ကျီစယ်ကာပြောတော့ 'သု'မျက်နှာလေး ရဲသွားရရှာ၏။

"ဟာ့ . . သွား . . ဘာတွေလျှောက်ပြောနေတာလဲ"

ညာ . . သဘောကျစွာ ရယ်၏။

"ဟော့ . . ဘာလို့အဲဒီလောက်ကြီးများတောင် ရှက်သွားရတာလဲ သုရဲ့၊ သုဖေဖေကသာသဘောမတူရင် ကိုယ်က သုကိုတကယ်ခိုးမှာနော်"

"ခိုးကာမှ ခိုးပေါ့ ညာရဲ့၊ ခု . . တကယ်လည်းခိုးရာလိုက်လာတာမဟုတ်ဘဲနဲ့လျှောက်ပြောရသလား"

"ဟင့်အင်း . . ဘယ်မှာလျှောက်ပြောလို့လဲ သုရဲ့၊ ဒီမှာလေ . . ကားမောင်းရင်းပြောတာကို သု မြင်သားနဲ့"

"ဟွန်း . . တော်တော်ပျော်နေတယ်ပေါ့ . . ဟုတ်လား"

"အဟုတ်ပဲ . . ကိုယ်ပျော်နေတယ် သုရဲ့၊ မေမေက 'သု'နာမည်ကို ဟိုးအရင်ကတည်းကကြားထားပြီး . . တင်



www.burmeseclassic.com

www.burmeseclassic.com



ခါမှမမြင်ဖူးဘူးတော့ သိပ်မြင်ဖူးချင်နေတာ"

"သုကလည်း ညာ့မေမေကိုမြင်ဖူးချင်နေတာပါ၊ ညာ

မေမေက ညာ့ကိုသိပ်ချစ်တော့ သုနဲ့သဘောမှ တူပ

လားပဲနော်"

"ဘာလို့သဘောမတူရမှာလဲ 'သု'ရဲ့၊ သုက ဒီလောက်

စရာကောင်းတာ၊ 'သု'မျက်နှာလေးကိုမြင်တာနဲ့ မေ

ချစ်သွားမှာသေချာတယ် သိရဲ့လား၊ ကိုယ်ကသာ

ဖေဖေသဘောမတူဖို့က နိုင်တိနိုင်း ပါဆင့်လော

သေချာတာ"

"လုပ်ပြန်ပြီ . . ဘာတွေလျှောက်ပြောနေတာလဲ"

"ကိုယ်တို့က ဆင်းရဲတယ်လေ သုရဲ့၊ ကြည့် . . အဲ

တိုယ်တို့ခြံလေးပဲ"

မင်္ဂလာဗိုလ်ကိုကျော်ပြီး ဟိုးအဝေးကြီးအဝေ

မှာ ဘယ်ချိုးညာကွေ့ပြီးကာမှ ပုလ္လာရိုက်ပင်တန်းဖြင့် ခြံစည်း

ဖွဲ့ထားသောခြံကို . . 'သု'မြင်ရ၏။

ခြံထဲမှာ သီးစားပင်များဖြင့် အုပ်ဆိုင်းလ

၏၊ ခြံတွင်းနောက်ဘက်ကျကျနေရာမှာ အိုမင်းယိုယွင်းနေ

အုတ်ခံပျဉ်ထောင်အိမ်အဟောင်းတစ်လုံးဟာ . . 'ညာ'တို့ရဲ့





ပေါ့။

"သု . . ဆင်းသွားကြည့်လေ"

"ဟင် . . ညာကရော . . ညာ,မလိုက်ဘူးလား"

ညာ ခေါင်းလေးယမ်းခါလေသည်။

"ညာရော့လို့မေးပြီး ဝင်သွားကြည့်ပေါ့ သုရဲ့၊ ဒါမှ ကိုယ်

ပြောထားတာတွေ ဟုတ်,မဟုတ် 'သု'သိရမှာလေ"

"ဘာတွေ ဟုတ်,မဟုတ်သိရမှာလဲ"

"သုနန္ဒာဆိုတဲ့နာမည်ပြောလိုက်တာနဲ့ မေမေက ညာ့ချစ်

သူဆိုတာ သိ,မသိဆိုတာရယ် . . ပြီးတော့ . . ကိုယ်တို့

ဘယ်လောက်ထိဆင်းရဲတယ်ဆိုတာကိုပါ 'သု'မြင်စေ

ချင်တာပါ"

"ဘယ်လိုလဲ ညာရယ် . . ဘာဖြစ်လဲ ဆင်းရဲတာ"

"အဲဒီလောက်ထိဆင်းရဲစုတ်ပြတ်နေတဲ့ 'ညာဏထင်'

နောက်ကို 'သု'လိုက်ခဲ့ရမှာလေ၊ 'သု'လိုက်နိုင်ပ့ါမလား

စဉ်းစားလို့ရတာပေါ့"

'သု' မျက်စောင်းလေးထိုး၏။ ကားပေါ်မှဆင်း

၏။

"ညာက သုကို အရမ်းအထင်သေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ပြောပြီး အိမ်ဘက်လျှောက်လာခဲ့၏။ တညင်းပင်၊ သရက်ပင်၊ ပိန္နဲပင်တွေမြိုင်ဆိုင်စွာတည်ရှိခြင်းကြောင့် ခြံက အေးစိမ့်စိမ့်လေးဖြစ်နေလေသည်။

ပုန်းညက်ပင်၊ ယုဇနပင်နှင့် နှင်းဆီပင်ရှည်များမှ ပန်းရနံ့က လေပြည်မှာဝေ့ပါလာကာ သင်းသင်းလေးမွှေးပျံ့နေလေသည်။

ဖွင့်ထားသော အိမ်တံခါးမကြီးရှေ့ရောက်သည့်တိုင် .. အိမ်ထဲမှ လူသံသူသံရယ်လို့ မကြားရ၊ လူမှရှိပါ့မလားရယ်လို့ ထင်မှတ်ရအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။

'သု'က ညာ့ကို လက်ပြခေါ်ယူဖို့လှည့်ကြည့်တော့ ကားရပ်ထားသောနေရာက အိမ်မှကြည့်၍ဘယ်လိုမှမမြင်ရသောနေရာမှာရောက်နေလေသည်။

ကြည့်စမ်း . . .

'ညာ'တို့များ အဲဒီလောက်ထိ စေ့စပ်သေချာစွာ သတိထားတတ်သည်ပဲ။

ချောင်းဆိုးသံသဲ့သဲ့ကြောင့် . . 'သု'၏အကြည့်က အိမ်ထဲပြန်ရောက်၏။

ညာဏတို့က သားအမိနှစ်ယောက်တည်းရှိ





တာဟု သိထားခဲ့သဖြင့် . . ဒါဟာ ညာ၏အမေချောင်းဆိုးသံပဲဟု သိလိုက်၏။

အိမ်ထဲဝင်ဖို့ခြေလှမ်းပြင်ပြီးကာမှ သူများအိမ်ထဲ ခွင့်မတောင်းဘဲဝင်ဖို့ 'သု'ရွံ့နေလေသည်။

"အန်တီ . . အန်တီ . ."

'သု'က အသံပြုလိုက်၏။

"ဘယ်သူလဲ . ."

ပြောရင်း အိပ်ခန်း,ခန်းဆီးလေးကိုလက်ဖြင့်ဖယ်ရှားကာထွက်လာသော အရွယ်ရနေပြီဖြစ်သည့် မိန်းမတစ်ယောက်ကို . . 'သု' မြင်လိုက်ရလေသည်။

ဒါ . . ညာ့အမေပေါ့၊ ညာ့အမေပဲပေါ့။

တစ်ချိန်ချိန်မှာ 'ညာ'နှင့်ပတ်သက်လျက်ဆွေမျိုးတော်စပ်ရမယ့်သူပဲပေါ့။

'သု'က ရင်ခုန်စွာငေးကြည့်နေခဲ့သလို ညာ့မေမေကလည်း 'သု'ကို မျက်လုံးအားစိုက်ကြည့်နေခဲ့၏။

ပြီးမှ . . သတိဝင်လာသလိုပြုံးလျက်ခေါ်လေသည်။

"လာကွယ် . . ထိုင်ပါ၊ ဘာကိစ္စရှိတယ်မသိဘူး၊ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



က တောင်းကောင်းကျန်းမာတာမဟုတ်တော့ စကား
သိပ်ပြောနိုင်လှတာမဟုတ်ဘူး"

ညာ့မေမေက ဒီလောက်စကားလေးပြောရတာကိုပင် အားကုန်ခန်းသွားသလို . . ရပ်တည်နိုင်စွမ်းမရှိတော့သလို နီးရာကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လေသည်။

သုတ ဖဲ့အားသင့်စွာငေးကြည့်မိ၏၊ ညာတအမေ နေမကောင်းဘူးရယ်လို့ တစ်ခွန်းတစ်စမျှမပြောခဲ့ပါလား။

'ညာ'တ သူ့အိမ်နှင့်ပတ်သက်လာလျှင် အားလုံးကို သိဝှက်နိုင်လွန်း၏၊ 'ညာ'နှင့် 'သု'တို့ ချစ်သူဖြစ်ခဲ့သောသက်တမ်းတစ်လျှောက်လုံးမှာ . . သူ့အိမ်ကိစ္စမှန်သမျှ 'ညာ' ပြောလေ့ပြောထမရှိခဲ့ပေ၊

'သု'ကသာ . . အိမ်တွင်းရေးကိစ္စမှန်သမျှ၊ အိမ်ဖော်ကိစ္စအဆုံး၊ ဖြစ် . . ဖြစ်သမျှ၊ ရှိ . . ရှိသမျှ မေးသမျှဖြေသိသမျှ ပြော စကားမချန်ခဲ့တာပါ။

"သမီးလေးတို့ အန်တီတစ်ခါမှ မမြင်ဖူးဘူးလို့ အန်တီထင်တာပဲ၊ အန်တီများ သတိနည်းလို့လားမသိပါဘူး"

"ဟုတ်ကဲ့ . . သမီးတို့ ခုမှမြင်ဖူးကြတာပါ"

"ဩော် . . ဒါကြောင့် ဘယ်သူပါလိမ့်လို့ တွေးလို့တောင်





မရတာ . . လာကွယ် . . ထိုင်ပါ"

'သု'တ သဘောကောင်းမည့်ပုံရသည့် 'ညာ့'မေမေ၏နံဘေးရှိ ထိုင်ခုံမှာ မရဲတရဲလေး ထိုင်၏၊

"အန်တီ နေမကောင်းတာကြာပြီလား"

"ဆိုပါတော့ကွယ် . . ဆေးရုံကဆင်းလာတာ ဘာကြာသေးလို့လဲ၊ ကြည့်ရတာ မရတော့လို့ ဆင်းခိုင်းလိုက်တာများလားပဲ"

"အို . . မဟုတ်တာ အန်တီရယ်"

'သု'တ စိတ်မကောင်းဖြစ်သွားတာ ဗျာဗျာသလားပြောမိလေသည်၊

"ညာဏက အန်တီနေမကောင်းဘူးလို့ လုံးဝကိုမပြောခဲ့တာ"

ညာဏ၏အမေက ယဲ့ယဲ့လေးပြုံး၏။

"သမီးတ သားသူငယ်ချင်းတို့၊ သူနဲ့ရွာများဖြစ်နေမလားပဲ"

"ဟင် . ."

'သု' အရမ်းအံ့ဩသွားခဲ့၏၊

"အန်တီက . . အန်တီက . . 'သု'ကိုသိနေတာပဲ"

www.burmeseclassic.com



"သုနန္ဒာ . . ဟုတ်တယ်ပေါ့နော်"

"ဟုတ်ကဲ့ပါ အန်တီ၊ သုက ကိုယ့်ဖာသာကိုယ် ဘယ် မိတ်ဆက်ပေးရမှန်း မသိဖြစ်နေခဲ့တာ၊ အန်တီကသိ တော့ အဆင်ပြေသွားပါတယ်"

"အန်တီက သားရဲ့ချစ်သူ 'သုနန္ဒာ'ဆိုတာလောက်ပဲ ထားတာကွဲ့၊ ပုံစံတ မှန်းကြည့်ရတာလေ၊ သားက ချစ်စရာကောင်းတာပဲ ပြောပြောနေခဲ့တော့ . . ရာကောင်းလိုက်တာလို့တွေးရင်းတနေ သုနန္ဒာမျ နေမလား မေးမိတာ"

"ကျေးဇူးပါပဲ . . အန်တီ"

ညာဏက သူ့အမေကိုပြောပြထားတာ အကန်မို့ 'သု' ကျေနပ်သွားရလေသည်။

"ခုရော . . သားပါလာသလား"

"ပါလာတယ် . . အန်တီ၊ ခြံထဲမှာ ကျန်ခဲ့တယ်"

"ကွယ် . . ဧည့်သည်ကို ဒီအတိုင်းလွှတ်ပေးရတ အားနာစရာကောင်းလိုက်တာ"

"သုက ဧည့်သည်မဟုတ်တော့ဘူး မေမေရဲ့၊ ကြာ . . ဒီအိမ်ရဲ့ အိမ်ရှင်မကလေးဖြစ်တော့





'ညာ'က ပြောပြောဆိုဆို အိမ်ထဲဝင်လာထာ ကြောင့် ညာ့မေမေဒေါ်မြမှင်၏မျက်လုံးလေးတွေ ဝင်းလက်သွားခဲ့ ၏။

"ဟုတ်လား . . သမီး၊ သားပြောတာ တကယ်ပဲလား"

'သု' ရှက်ရှက်ဖြင့် ညာ့ကို မျက်စောင်းလေးထိုး ခဲ၏၊ ညာက မျက်စိတစ်ဖက်မှိတ်ပြပြီး . . 'ပြောလိုက်လေ . . ပြောလိုက်"ဟု မေးလေးဆတ်ပြနေခဲ့သဖြင့် . . 'သု' ရှက်ရယ် လေးပဲ ရယ်နေမိလေသည်။

'သု'နှင့်ညာဏ၏မေမက ခဏအတွင်းမှာပင် ခင်မင်ကျွမ်းဝင်သွားခဲ့၏။ ဤမျှစိတ်ချမ်းမြေ့ပျော်ရွှင်ကြည်နူးစရာ ကောင်းသောမိသားစုဘဝလေးထဲ 'သု' ဝင်ဖို့ ဘယ်လိုမှ ဝန်လေး နေတော့ပါ။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

ဖေဖေ့ကို လေယာဉ်ကွင်းမှာ မေမေနှင့်အတူ သွားရောက်ကြိုဆိုခဲ့သော 'သူ'သည် 'ညာဏ'အကြောင်းပြောခွင့် ချိန်မှာပင် . . ဖေဖေမိတ်ဆက်ပေးခဲ့သော 'လင်းလက်ထွန်း'ကို မြင်တွေ့ခွင့်ရရှိခဲ့လေသည်။

"သူပဲလေ . . လင်းရဲ့၊ ဦးရဲ့သမီး သူနဲ့ရွာဆိုတာ"

မြင်တွေ့လိုက်တာနှင့် သန့်ပြန့်ခန့်ညားသော ဥပဓိရုပ်နှင့် ကြည်လင်သောအဆင်းကြောင့် 'သူ'ပင် ရှိန်သွားရလောက်သည်အထိ 'လင်းလက်ထွန်း'၏အရှိန်အဝါက နာမည်နှင့် ထိတ်ဖောင် ထွန်းလင်းတောက်ပသားနားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် . . လင်းလက်ထွန်းပါ မသုနန္ဒာ"

ခေါင်းလေးညွှတ်နှုတ်ဆက်သောပုံစံ . . .

'သု'ကိုပြုံးပြီးကြည့်သောအကြည့်၊ သိက္ခာအားလုံးက . . ဖေဖေဦးရဲတင့်နှင့် မေမေဒေါ်ကေသီတို့သဘောကျနှစ်ခြိုက်စေသောအနေအထားများပါ။

'သု'က ပြုံးပြီးခေါင်းလေးညိတ်ပြရုံကလွဲ၍ ဘာပြန်ပြော၍ ပြောရမှန်းမသိဖြစ်သွားတာကြောင့် ဖေဖေသဘောကျစွာရယ်လေသည်။

"သမီးကတော့ အဲဒီလိုပဲကွဲ့၊ ခပ်ရိုးရိုးခပ်အေးအေးပဲ သုနန္ဒာဆိုတဲ့နာမည်ကနေ 'သု'လို့ပဲခေါ်ကြတယ်၊ 'သု' လို့ပဲခေါ်ပေါ့"

"ဟုတ်ကဲ့ခင်ဗျ . . ကျွန်တော့်ကိုလည်း ဦးတို့ခေါ်သလို 'လင်း'လို့ပဲခေါ်ပါ သု"

ဟင့်အင်း . . .

အဲဒီလိုခေါ်ဖို့အခြေအနေပေးမယ် မထင်ပါဘူး

သု မှာက 'ညာ'ရှိနေခဲ့ပြီပဲ။

သု စိတ်ထဲကနေပြောရင်း သူနှင့်ခပ်ကွယ်ကွယ်ကလေးနေရာရွှေ့ရပ်တာကအစ သုသတိထားမိခဲ့ပုံပေါ်ပါ





သည်။

ဖေဖေနှင့်စကားပြောနေသော စကားများအရ သူက နာမည်ကြီးဟိုတယ်တစ်ခုမှာတည်းမှာဖြစ်၏။

အလုပ်ကိစ္စပြီးတာနှင့် မန္တလေးသို့ပြန်မှာဖြစ်လေသည်။

'သု' စိုးရိမ်ကြောက်လန့်သလို ချက်ချင်းကြီးသတ်ထပ်ခိုင်းမှာ မဟုတ်တာကြောင့် . . ဖေဖေနှင့်ညာဏတို့ ဆုံတွေ့ပေးဖို့အချိန်ရရှိတာ . . 'သု' နှင့် 'ညာ'အတွက်တံကောင်းခြင်းတော့ 'သု'ထင်မြင်ယူဆခဲ့တာ နောက်ဆုံးမှာ မှားယွင်းသွားခဲ့လေသည်၊

"လင်းက သမီးကိုတော်တော်သဘောကျနေတာပဲ ကေသီရဲ့၊ ချက်ချင်းကို စေ့စပ်လက်ထပ်ချင်တယ်တဲ့ဗျ"

အိပ်ရာကထပြီး လက်ဖက်ရည်ဝိုင်းသို့လာခဲ့သော 'သု'၏ခြေလှမ်းတွေ ရှေ့ဆက်လှမ်းဖို့ပင်မေ့လျော့သွားရသည်ပါ။

"ချက်ချင်းကြီးပါပဲလား"

"အရွယ်ကလည်းရောက်နေပြီလေ . . အိမ်ထောင်ပြုဖို့ သူ့အမေကိုယ်တိုင်က ဂျပန်တနေပြန်ခေါ်တာ ကေသီ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ ဓန္တလေးမှာ သူတို့သဘောကျစီစဉ်ပေးချင်တဲ့မိန်း
လေးက အဆင်သင့်ရှိနေခဲ့တာတဲ့"

'သု'ပျော်သွားရပါသည်။

ဒါဆို ပြီးပြီပေါ့။

'သု'က ဘာဝင်ပါစရာလိုတော့သလဲ၊ 'သု'
ဘာမှမသိသလို လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်လိုက်၏။

"ဒါဖြင့် . . 'သု'ကို လက်ထပ်ဖို့ ဘာလို့ပြောတာလဲ . .
အစီပွါယ်မရှိ"

မေမေ့ဒေါ်တေသီစကားက သုကို အားတ
စေရပါသည်။

"ဟိုက လူကြီးတွေစီစဉ်တာကွာ . . သမီးကိုတော့
ကိုယ်တိုင် သဘောကျသွားခဲ့တာပဲ"

"ဒါပေမဲ့ . . 'သု'ကတော့ သူ့ကိုသဘောမကျဘူးနေ
ဖေဖေ"

"ဘာလို့လဲ . . မောင်လင်းလက်ထွန်းက ဘာပြောစ
တစ်ခုရှိလို့လဲ၊ ပညာရေး၊ အဆင့်အတန်း လုံးဝကို ငြ
စရာမရှိတာ၊ ဖေဖေကိုယ်တိုင်က သူ့ကို သမီးနဲ့သဘေ
တူထားခဲ့တာ"





"သမီးမှာချစ်သူရှိနေပြီ ဖေဖေ"

"ဘာ . . ဘာပြောတယ်"

ဖေဖေ အံ့အားသင့်သွားပုံက တကယ့်ကို အ
လန့်တကြားဖြစ်သွားပုံပေါ်၏။

'သု'လောက်ရိုးသားအေးဆေးတာ၊ ရှက်တတ်
တာ 'သု'ပဲရှိတာမို့ . . ချစ်သူရှိမှာမဟုတ်ဟု ကျိန်းသေတွက်ထားခဲ့
ပြီးဖြစ်၏။

ထို့ကြောင့်လည်း . . .

လင်းလက်ထွန်းနှင့်လက်ထပ်ပေးဖို့ စိတ်အား
ထက်သန်ခဲ့ပါသည်။

ယခုတော့ . . .

သမီးမှာချစ်သူရှိနေပြီဟု ကြားလိုက်ရခြင်းအ
တွက် မယုံနိုင်လောက်အောင်ဖြစ်ခဲ့ရလေသည်။

"တေသီ . . ဟုတ်သလား . . သမီးပြောတာ"

ဇနီးသည်ကိုလှည့်ကြည့်တော့ တေသီက ပင့်
သက်ချ၏။

"တို့ . . စာကိုပေးဖတ်ပြမှ သူ့မှာချစ်သူရှိနေပြီဆိုတာ
တေသီသိလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်အေးအေးပြောလိုက်သော ကေသီ့ပုံစံကို ကြည့်ကာ ဦးရဲတင့် စိတ်ပျက်သွားရလေသည်။

"အဲဒီတော့ . . . . ."

ဦးရဲတင့်က ကေသီ့မျက်နှာကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်ပြီး စကားထောက်၏။

"အဲဒီတော့ . . ကေသီဘာပြောလိုက်တယ် ဘာညာ"

နောက်ဆက်တွဲစကား ကြားရမလားမျှော်လင့်မိ၏။

ကေသီကျတော့ ခင်ပွန်းဖြစ်သူ၏ခပ်စူးစူး အကြည့်နှင့် . . 'အဲဒီတော့ . . 'ကြောင့် သက်ပြင်းချမိလေသည်။

"အဲဒီတော့ . . ဖေဖေလာရင်ပြောပြပေါ့ဆိုတာပဲ တေသီ့မှာ ပြောစရာရှိတယ်လေ၊ ဒီထက်ထူးပြီး ကေသီ ဘာပြောလို့ရမှာလဲ"

"ကောင်းကွာ"

ဦးရဲတင့်က လှမ်းကိုင်မိသော ကြက်ဥပေါင်မုန့်ကြော်ကို စိတ်တိုတိုဖြင့် ပြန်ချထားလိုက်၏။

"ဘယ်ကလဲ . . ဘယ်သူလဲ . . မင်းမေးကြည့်သင့်တာပေါ့ ကေသီရဲ့"





"ဟုတ်လား . . ကေသီသဘောတူရင် ရှင်သဘောတူမှာလား၊ တေသီပြီးရင် ပြီးမှာလား"

"ဒါပေမဲ့ . . မင်းက အမေလေ ကေသီရဲ့၊ ဒီကိစ္စက အမေဖြစ်သူမှာ တာဝန်အရှိဆုံးပဲ"

"အဲဒါကြောင့် . . ကေသီပြီးရင် ပြီးမလားရှင်သဘောတူမလားမေးနေတယ်လေ"

"ငါ စဉ်းစားပေးမှာပေါ့"

"အဲဒါကြောင့်ပြောတာ၊ တေသီသဘောတူတူ မတူတူ ရှင်သဘောတူဖို့ကအရေးအကြီးဆုံးဆိုတော့ ရှင့်ကို ပြောလို့ပဲပြောတာ အမှန်အကန်ဆုံးပဲမဟုတ်လား၊ ရှင်သဘောတူရင် ကေသီငြင်းလို့ရမှာမှမဟုတ်တာ"

ကေသီပြောတာမှန်ပါသည်။ သို့ပေမဲ့ . . ဦးရဲတင့်က မကျေမနပ်ဖြင့် မျက်စောင်းတစ်ချက်ထိုးဖြစ်အောင် ထိုး၏။

ပြီးမှ . . ခေါင်းငုံ့ငြိမ်သက်နေသော သမီး 'သု' ကို ငဲ့ကြည့်လိုက်လေသည်။

"သု"

သမီးက ရှက်ရွံ့စွာ မျက်လွှာပင့်ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြောပါဦး . . သမီးချစ်သူက ဘယ်သူလဲ၊ ဘယ်သူ့သားများလဲ"

"ညာဏထင်တဲ့ ဖေဖေ၊ သမီးသူငယ်ချင်းပါပဲ"

"မိဘတွေကဘယ်သူလဲ"

"ဖေဖေသိမှာမဟုတ်ဘူး၊ သူ့အဖေက ဆုံးသွားပြီ၊ သူ့အမေနဲ့သူနဲ့ နှစ်ယောက်တည်းပဲရှိတာ"

ဦးရဲတင့်ဝင့်သက်ချမိလေသည်၊ 'သု'ပြောပုံအရဆိုလျှင် ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းကြီးကြီးမားမားထဲကမဟုတ်တာ သေချာလေသည်။

"စီးပွားဥစ္စာပြည့်စုံမယ်တော့ ဖေဖေမထင်ဘူး"

"ဒါပေမဲ့ . . ဉာဏ်ကောင်းတယ် ဖေဖေ၊ စာအရမ်းကိုတော်တာ . . အရမ်းကြိုးစားတတ်တယ်၊ ကြိုးစားသလောက် ကြီးပွားနိုင်တဲ့အရည်သွေးရှိတယ်လို့ 'သု'ယုံကြည်တယ်"

"သမီးက အဲဒီကောင်လေးကို တော်တော်အထင်ကြီးနေခဲ့တာပဲ"

"ဟင့်အင်း . . အထင်ကြီးတာမဟုတ်ပါဘူး"





"ဒါဖြင့် . . ဘာဖြစ်တာလဲ"

"ယုံကြည်တာပါ . . ညာတ . . အဲ . . ညာဏတ စိတ်ရင်းကောင်းတယ် ရိုးသားတယ်"

"ညာက . . ."

ဦးရဲတင့်က သံယောင်လိုက်ခေါ်ကြည့်၏၊ သဘောကျစွာ ရယ်၏။

"ညာလို့ခေါ်လိုက်သလား"

"ဟုတ်ကဲ့"

"ညာ ဆိုတဲ့အတိုင်း 'ညာ'သွားမှာ မစိုးရိမ်ဘူးလား"

ဦးရဲတင့် ခေါင်းတဆတ်ဆတ်ညိတ်လေသည်။

"လင်းလက်ထွန်းကို သမီးမြင်ဖြီးပြီနော်"

'သု' အားလျော့စွာဖြေမိ၏။

လင်းလက်ထွန်းနှင့်ညာဏကို နှစ်ယောက်ယှဉ်ကြည့်လိုက်တော့ တစ်ယောက်က နာမည်နှင့်လိုက်အောင် ခန့်ထည်ဝင့်ကြွားတာ အရောင်အဝါတွေ ဝင်းလက်နေလျက် . . .

'ညာ'ကျတော့ အားလျော့နေသောမီးသီးလုံးလေးလို မှေးမှိန်နေမှာ သေချာလေသည်။

"ဘယ်လိုမြင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သမီးရဲ့စိတ်ထဲမှာ လင်းလက်ကို မကျေနပ်စရာဘာရှိသလဲ၊ အလုပ်အကိုင် . . အဆင့်အတန်း . . ပညာအရည်အသွေး၊ နောက်ဆုံး . . ရုပ်ရည်ကအစ ပြောစရာမရှိတာ သမီးသိမှာပါ"

'သူ' မင့်သက်ချလေသည်။

"ဒါပေမဲ့ . . 'ညာ'နဲ့က နှစ်ပေါင်းများစွာ တွေ့ခဲ့ကြတာ ဖေဖေ၊ တစ်နေ့လက်ထပ်မယ်လို့ ရည်မှန်းထားခဲ့ကြတဲ့ ချစ်သူတွေပါ"

"စိတ်ကူးနဲ့လက်တွေ့က တစ်ထပ်တည်းကျချင်မှ ကျတာ 'သူ'ရဲ့၊ အဲဒီလိုပဲ . . အထင်နဲ့အမြင်ကလည်း ကွာချင်တိုင်းကွာဟသွားတတ်ကြတာလေ၊ ဘယ်အရာကိုမှ ကျိန်းသေတွက်လို့မရတာ 'သူ'သိမှာပါ"

"ဖေဖေ့ကို ညာဏနဲ့ 'သူ'တွေ့ပေးချင်တယ်"

"တွေ့ပေးတော့ . . . ."

"ဖေဖေ . . အကဲခတ်ကြည့်သင့်တယ် ထင်တယ်"

ဦးရဲတင့် ပြုံးလေသည်။

"လင်းလက်နဲ့ထက် သာမယ်လို့ သမီးထင်လို့လား"





'သူ'က ဖေဖေဘာပြောလိုက်တာလဲ နားမလည်နိုင်ဖြစ်ကာ မျက်လုံးလေးအဝိုင်းသားဖြင့် ဖေဖေ့ကိုကြည့်မိလေသည်။

ဒါကို . . ဦးရဲတင့် ရိပ်မိစွာ အသံမျှင်းမျှင်း ထွက်ရယ်၏။

"ဆောရီး . . ဖေဖေ စကားပြော လောသွားတယ်၊ ဖေဖေပြောတဲ့သဘောက . . လင်းလက်ကို ဖေဖေကတွေ့ခဲ့ပြီးပြီ၊ သဘောကျခဲ့ပြီးပြီ၊ ဒီတော့ . . သမီးပြောတဲ့ 'ညာ' ဘယ်သူ . . ."

"ညာဏထင်ပါ ဖေဖေ"

"အေး . . ညာဏထင်က လင်းလက်ထက်သာနေမှ . . အဲ . . ဒါမှမဟုတ် . . တန်းတူလောက်အနေအထားရှိမှ ဖေဖေက သဘောကျတော့မှာပေါ့၊ အခြေအနေချင်း အနေအထားချင်းက အဲဒီလောက်ရှိနိုင်သလား"

ဟင့်အင်း . . မရှိနိုင်ဘူး . . .

ဘယ်လိုမှကို မရှိတာပါ။

'လင်းလက်'က မြင်လိုက်တာနှင့် အဆင့်ရှိလူ . . . မှန်းသိသာစွာ . . အရှိန်အဝါတောက်ပ၏၊ ဝတ်တာ စားတာ



www.burmeseclassic.com

www.burmeseclassic.com



သပ်ရပ်၏။

'ညာဏ'ကျတော့ အကျီရင်ဘတ်ကြယ်သီး အပြည့်တပ်ရတာလောက် စိတ်အိုက်တာမရှိဘူးကွာ . . မနေတတ်ပါဘူး။ ညည်းညူကာ ရင်ဘတ်ဟပြနေ့င့်နေတာ . . .

အဆင်အသွေး ရွေးချယ်ဝတ်လေ့မရှိတာကြောင့် 'သု'ကိုယ်တိုင် စိတ်တိုင်းကျမဖြစ်ခဲ့တာ 'သု'သာအသိဆုံးဖြစ်တာလေ။

"ဟင် . . ယှဉ်ရွေးမယ်ဆိုရင်ပြောပါတယ်"

ဖေဖေ့စကားက 'သု'ကို စိတ်ပျက်စေခဲ့ရပါသည်။

"ဟင့်အင်း . . ယှဉ်ရွေးဖို့ 'သု'မပြောပါဘူး ဖေဖေ၊ တွေ့ကြည့်ဖို့ပဲ 'သု'ပြောခဲ့တာပါ၊ ညာဏက နိုင်ငံခြားပြန်တစ်ယောက်လောက် သပ်သပ်ရပ်ရပ် ရှိချင်မှရှိမှာပါဒါပေမဲ့ . . သူ့စိတ်ရင်းခံကို 'သု'သဘောကျတယ်၊ ဖေဖေ တွေ့ကြည့်စကားပြောကြည့်စေချင်တာပါ"

ဦးရဲတင့်က ဇနီးသည်ကို ငဲ့ကြည့်၏။

"ကေသီ့သဘောကရော"

"သမီးပြောသလို တွေ့ကြည့်လိုက်တာကောင်းတာပေါ့"





သု . . မျက်နှာလေး ဝင်းလက်ပျော်ရွှင်သွားရလေသည်။ မေမေ့ကို ကျေးဇူးတင်စွာ ပြုံးကြည့်မိ၏။

"ကောင်းပြီလေ . . အဲဒီကောင်လေးကို ဖေဖေတွေ့ကြည့်မယ်"

"ဟေး . ."

'သု' ထခုန်ပြီးမအော်မိစေဖို့ မနည်းသတိထားလိုက်ရလေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

"အမယ်လေး သားရယ် . . တော်ပါသေးရဲ့၊ အချိန်မီမှ ပြန်ရောက်ပါ့မလားလို့ မေမေ့မှာ စိတ်ပူလိုက်ရတာ"

"အချိန်မီ"

ညာဏာက အံ့ဩစွာ သံယောင်လိုက်ပြောပြီး မေမေကိုတအံ့တဩလှည့်ကြည့်၏။

"အချိန်မီ"ဆိုသောစကားအတွက် အံ့ဩစိတ်ဖြစ်၏။ ဒီနေ့ . . မေမေ ဆေးရုံသွားရမည့်နေ့လည်းမဟုတ်ပါ။

မေမေ့ပုံစံက ထူးခြားစွာ လန်းရွှင်နေတာကိုက ...ခံခုခုထူးသည်ဟု ညာဏာ၏စိတ်ထဲထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



“သု လာသွားတယ်သားရဲ့ . . သုနန္ဒာလေ၊ သားကို အ
တော်ကြာအောင်ကိုစောင့်နေခဲ့တာ”

“သု . . လာတယ်”

ညာဏ၏အံ့ဩသံကြောင့် ဒေါ်မြမှင်က အပြ
ဖြင့်ခေါင်းညိတ်၏။

“အံ့ဩစရာပဲ . . ဘာတဲ့လဲ”

“သားအလုပ်ကို သု ဖုန်းဆက်တာမရလို့ အိမ်အထိလိုက်
လာတာပဲ၊ သားအပြင်ထွက်သွားသတဲ့ . . ဟုတ်လား”

“ကုမ္ပဏီကိစ္စနဲ့အပြင်ထွက်တာပါ၊ ထွက်တုန်းတစော
ခဏပဲ . . လမ်းမှာ ကားအက်ဆီဒင့်ဖြစ်တဲ့ကားနဲ့တို
နေလို့ လူနာတွေကို ဝိုင်းကူးဆွဲထုတ်ပေး . . ဆေး
ပို့ပေးနဲ့လူဆိုတာလည်း ညစ်ပေသွားတာပဲ၊ ကြည
တော့ . . .”

“ဘုရား . . ဘုရား၊ အဆင်ပြေတယ်မဟုတ်မလားဟ
အသက်မီတယ်မဟုတ်လား”

ဒေါ်မြမှင်က လန့်သွားရသောရင်ကို ဖိပြီး စိုးရိမ်
တကြီးဖြစ်လေသည်။

ဒီနေ့မှ စိတ်လှုပ်ရှားဖွယ်ရာများကိုသာ တ





မျိုးပြီးတစ်မျိုး . . ကြားနေရကာ . . နှလုံးထဲမှ လှုပ်ခနဲ လှုပ်ခနဲ
လှုပ်ရှားကာ နှလုံးခုန်ချက်မမှန်တာ အဆင့်ခုန်ကျော်တာ မိမိ
သာအသိဆုံးဖြစ်၏။

“မိပါလိမ့်မယ် . . နှစ်ယောက်က သွေးထွက်များတာက
လွဲရင် . . သိပ်စိုးရိမ်စရာမရှိဘူး၊ တစ်ယောက်ကသာ
သတိပြန်လည်မလာသေးတာ”

“ဖြစ်ရမယ်ကွယ် . . သတိပြန်လည်ပါစေဆုတောင်းရ
မှာပဲ၊ ဒီနေ့မှ ကိစ္စတွေတကိုက်ဆိုင်လာရတယ်လို့”

“ဘယ်ကိစ္စလဲ မေမေ . . ဘာနဲ့တိုက်ဆိုင်နေလို့လဲ”

“သု . . လာတာ သားကိုလာခေါ်တာတဲ့ . . သုနန္ဒာ
လေ၊ သူ့အဖေနဲ့တွေ့ပေးမလို့တဲ့”

“ဩော်”

“အဲဒါ . . သူ့အဖေစောင့်နေမယ်တဲ့သားရဲ့၊ ဒီညနေ
ဧည့်ခံပွဲမသွားခင် တွေ့စေချင်တာတဲ့”

“ဟင် . . အချိန်ပြောသွားသေးသလား မေမေ . . ဘယ်
အချိန်တဲ့လဲ”

“သားပြန်ရောက်လာတာနဲ့ လွှတ်ပေးပါပြောတာပဲ”

“ဒါဆိုရင် . . သားသွားတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ရေမိုးချိုးသွားလေကွယ် . . ဒီလောက်ညစ်ပေနေတာကို . ."

ဒေါ်မြမို့အော်ပြောချိန်မှာ ညာဏက လေ့ကားမှအပြေးဆင်းပြေးသွားခဲ့ပြီဖြစ်၏။

"ရပါတယ် မေမေရဲ့၊ ကိစ္စမရှိပါဘူး"

ညာဏက ပြန်ပြီးလှည့်အော်ပြောခဲ့လေသည်။

"ဩော် . . ဒီကလေးကတော့လေ"

ဒေါ်မြမို့ခေါင်းတညိတ်ညိတ်ပြုကာ ပြုံးပြီးကျန်ခဲ့၏။ မျက်စိအကြည့်တ ဖိနပ်ချွတ်တွင်ကျန်ခဲ့သော စီးနေကျဖိနပ်ထံ အကြည့်ရောက်၏။

"ဟယ် . . ဖိနပ်မှားသွားပြီပဲ၊ အဲဒီ ညာဏတစ်ယောက်တတော့လေ . . ခက်တော့တာပဲ"

ဖိနပ်အကောင်းတကျန်ခဲ့တယ်ဆိုတော့ ခြံထဲဆင်းရင်းစီးနေကျဖိနပ်အဟောင်းကိုသာ 'ညာဏ'စီးသွားခဲ့တာဖြစ်၏။

"ညာဏ . . ညာဏ"

တိုးတိုးလေးခေါ်ရင်း ခေါင်းယမ်းလျက် ပြုံးမိ၏။





'သူ'နှင့်ပတ်သက်လာလျှင် အဖြစ်သည်းအကဲပိုသော သားအဖြစ်ကို သဘောကျမိ၏။

"ဘုရား . . ဘုရား"

အိမ်ထဲပြန်လှည့်အဝင်မှာ မျက်စိတွေပြာဝေသွားပါသောအဖြစ်၊ 'မိုက်'ခနဲ မူးဝေသွားသောအဖြစ်၊

ဒေါ်မြမို့က တလှပ်လှပ်အခုန်မြန်သောရင်ကိုဖိလျက် . . လှဲလျောင်းအနားယူနေကျ ဒရင်းဘတ်(ခ်)ရှိရာသို့အားတင်းကာလျှောက်ခဲ့၏။

ဟင့်အင်း . . ဘာမှမဖြစ်ပါစေနဲ့ . . .

ဘာမှ မဖြစ်ပါနဲ့ဦး . . .

သား၏မင်္ဂလာသတင်းကို မိမိကြားသိလိုပါသေးသည်၊ သားထံမှသတင်းကို မိမိ နားထောင်ချင်ပါသေးသည်၊

ဒရင်းဘတ်(ခ်)မှာအားယူလှဲရင်း လက်အုပ်ကသေးချီကာ ဒေါ်မြမို့ဆုတောင်းမိလေသည်၊

"သားတို့ကိစ္စ အဆင်ပြေပါစေဘုရား၊ သားလေး အိမ်ထောင်ရက်သားကျပြီး အခြေတကျရှိမှ တပည့်တော်မစိတ်ချရမှာပါ"

ဘုရားစင်ရှိရာဘက်သို့လှည့်၍ လက်အုပ်က



www.burmeseclassic.com

www.burmeseclassic.com



လေးချို ဆုတောင်းရင်းမှ . . ပူနွေးသောမျက်ရည်စီးကြောင်းက စီးကျလာခဲ့လေ၏။

> > >



## အခန်း(၆)

"ဟင်"

ခြံထဲသို့ ခပ်သွက်သွက်လျှောက်ဝင်လာသော ကောင်လေးက သမီးလေး 'သု'ရဲ့ချစ်သူများဖြစ်နေမလားဟု ဦးရဲထင့် ဝရန်တာမှာထွက်ရပ်နေရာမှ လှမ်းမျှော်ကြည့်မိ၏။

ချွေးသံရွှဲရွှဲဖြင့် ခပ်စုတ်စုတ်ကောင်လေးအနေအထားက ညာဏထင်ဘယ်လိုမှမဖြစ်နိုင် တွေးမိကာ ပြုံးမိသွားရ၏၊

ကြည့်စမ်း . . .

သူ့တိုယ်တိုင် . . 'ညာဏထင်'ဆိုတဲ့ကော



www.burmeseclassic.com

www.burmeseclassic.com



လေးကို မျှော်လင့်စောင့်ဆိုင်းနေမိသောအဖြစ်ပါလား။

သမီးလေး'သု'မှာ ချစ်သူရှိနေလိမ့်မည်ဟု .. လုံးဝ ထင်မှတ်မထားခဲ့တာကြောင့် ချစ်သူရှိနေသည်ဟူသော သတင်းစကားက ဦးရဲတင့်ကို အရမ်းကိုအံ့ဩစေခဲ့တာပါ။

'ဉာဏထင်'ဆိုတဲ့ .. သမီး၏ချစ်သူအပေါ်မှာ သူအရမ်းကိုမျှော်လင့်ခဲ့မိပါသည်။

နာမည်တစ်လို့ အဆင့်မြင့်အနေအထားမို့ .. သမီးအတွက် သူ နှစ်သက်သဘောကျကာရွေးချယ်ခဲ့သော 'လင်းလက်ထွန်း'ထက်မသာတောင် အဆင့်နိမ့်လူတန်းစားထဲကတော့ ဘယ်လိုမှမဖြစ်နိုင်တာသေချာလေသည်။

ဒါကြောင့် ...

သမီးက 'ဉာဏ'နှင့်တွေ့ကြည့်ပါဟုတောင်းဆိုခဲ့ခြင်းကို သူ ခေါင်းညိတ်ခဲ့ခြင်းဖြစ်၏။

'ဉာဏထင်'တသာ သူလက်ခံနိုင်သောအနေအထား၊ သူသဘောကျနိုင်သော အနေအထားမျိုးမှာရှိကြည့် ...

"သမီးမှာချစ်သူရှိနေပြီတဲ့ကွယ် .."

ဟု လင်းလက်ကို ငြင်းပယ်ရမှာဖြစ်ပါသည်။ သမီး၏ဆန္ဒကိုလိုက်လျောလိုခြင်းအတွက် လင်းလက်ကို ငြင်းပယ်





ရမှာဖြစ်ပါသည်။

ဩော် .. လင်းလက်ထွန်းကို အားနာစရာတောင်ကောင်းပါသေးတော့။

လင်းလက်ထွန်း၏အဆင့်မြင့်စိတ်ဓာတ်၊ အပြောအဆိုအနေအထိုင် .. လုပ်ရည်ကိုင်ရည်အားလုံးကို သူ အရမ်းကိုသဘောကျနှစ်ခြိုက်ခဲ့ပါသည်။

အကြောင်းတိုက်ဆိုင်ချင်တော့ .. 'လင်းလက်ထွန်း'ကလည်း ဦးရဲတင့်အလုပ်စားပွဲပေါ်မှာတင်ထားခဲ့သော သမီး 'သုနန္ဒာ'၏ဓာတ်ပုံကိုမြင်ကာ စိတ်ဝင်စားခဲ့ခြင်းဖြစ်၏။

"စိတ်ညစ်ပါတယ် ဦးရာ .. မေမေက မြန်မာပြည်ပြန်ခဲ့ဖို့ပြန်ခေါ်နေတယ်"

"ဟုတ်လား .. ဦးတောင် ပြန်မလို့ လင်းလက်ရဲ့ ဘာလဲ မင်းက မြန်မာပြည်တောင် မပြန်ချင်တော့ဘူးလား"

"ခုဟာက .. လက်ထပ်ပေးမှာ ဦးရဲ့ ဂျပန်ကို ပြန်လာခွင့်ရတော့မှာ မဟုတ်ဘူး၊ ကုမ္ပဏီလုပ်ငန်းဆက်လုပ်၊ အိမ်ထောင်ပြုရတော့မှာ"

"ဘာလဲ .. မင်းက အိမ်ထောင်မပြုချင်သေးဘူးလား"

ပြောရင်းမှ မိမိစိတ်ကူးယဉ်အိပ်မက်မက်ခဲ့သ

www.burmeseclassic.com



မှ 'သွားပြီ'ဟု ဦးရဲတင့် စိတ်ပျက်စွာ ခံစားခဲ့ရလေသည်။

"အိမ်ထောင်ပြုသင့်တဲ့အရွယ်ဆိုတော့ အိမ်ထောင်ကတော့ပြုရမှာပေါ့ ဦးရဲ၊ ဒါပေမဲ့ . . ကျွန်တော် သဘောကျတဲ့သူဆိုရင်တော့ ကောင်းတာပေါ့"

"မင်းမှာချစ်သူရှိနေလို့လား"

"ဆိုပါတော့ ဦးရာ၊ ကျွန်တော်ကသာ တိတ်တိတ်ကလေး ကြိတ်ပြီးစွဲလမ်းနေတာတော့ရှိတယ်၊ ဒါပေမဲ့ . . သူ့ကို အပြင်မှာ လုံးဝမမြင်ဖူးဘူး၊ သူကလည်း ကျွန်တော့်ကို လုံးဝမမြင်ဖူးဘူး၊ အဲဒီတော့ . . ဘယ်လိုဖြစ်နိုင်တော့မှာလဲ"

"ဟင် . . မမြင်ဖူးဘဲနဲ့ မင်းက ဘယ်လိုကြိတ်စွဲလမ်းတာလဲ"

"ဓာတ်ပုံထဲမှာ မြင်ဖူးခဲ့တာပါ"

"ဓာတ်ပုံ . . . ."

ပြောရင်းမှ သမီးသုနန္ဒာ၏ဓာတ်ပုံကို သူ ဖျတ်ခနဲသတိရ၏။ ဒီကောင်လေးက သမီးကိုများ ရည်ညွှန်းသလားဟု ဇဝေဇဝါအတွေးဖြင့် အကြည့်ရောက်၏။

'လင်းလက်'ဆိုတာက အရွယ်အားဖြင့် သား





အရွယ်ဖြစ်သော်ငြားလည်း လုပ်ငန်းပိုင်းအရ အဆင့်ရှိသူမို့ တစ်ယောက်နှင့်တစ်ယောက် လေးစားစွာ ဆက်ဆံနေကြတာပါ။

"ဦးကို ပွင့်ပွင့်လင်းလင်းပြောရရင် . . မရှိသေရာရောက်မလားလို့ ဦးရဲ"

ဦးရဲတင့် သဘောတကျစွာရယ်ရင်း မျက်နှာရဲ သွားရလေသည်။ သမီး'သု'ကို ရည်ညွှန်းပြောမှန်း စိတ်ကသိပြီးဖြစ်၏။

"ပြောပါ . . ဘာပြောမှာမို့လဲ"

လင်းလက်က လက်အုပ်ကလေးချီကာတောင်း ခံသောအကြည့်ဖြင့် ကြည့်၏။

"ကန်တော့နော် . . ဦး၊ ကျွန်တော်သဘောကျနေခဲ့တာက ဦးစားပွဲပေါ်က 'သု'ရဲ့ဓာတ်ပုံပါပဲခင်ဗျာ"

"သမီးကို"

မျှော်လင့်ခဲ့ပါသည်၊ ရည်စူးခဲ့ပါသည်။ မဖြစ်နိုင်တော့ပါဟု ထင်ထားချိန်ကျခါမှ မျှော်လင့်ရည်စူးသည်တို့ဖြစ်လာခဲ့ခြင်းအတွက် အံ့ဩစိတ်ဖြစ်ထွန်း၏။

"ဟုတ်ကဲ့ . . 'သု'ကလေ . . 'သု'ကနဲ့ သုနန္ဒာရဲ့နာမည်ကို ဦးပြောသံကြားနေကတည်းက စိတ်ဝင်စားခဲ့တော



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ၊ ဓာတ်ပုံတွေ့တော့ ပိုပြီး စိတ်ဝင်စားခဲ့တာခင်ဗျ
ဦးကသာခွင့်ပြုမယ်ဆိုရင် . . . "

လင်းလက်ထွန်း၏စကားပင်မဆုံးသေးပါ၊ ဦးရဲတင့် ပီတိပြုံးတွေ တဝေဝေဖြင့် ခေါင်းညိတ်ခဲ့မိတာပါ။

"ညှိုသည်ကတွေ့ချင်လို့တဲ့ ဆရာ . . "

ခြံစောင့် . . မောင်သန်း၏အသံကြောင့် ဦးရဲတင့်၏အတွေးမျှင်တို့ ပြတ်တောက်သွားခဲ့၏။

➤ ➤ ➤



## အခန်း(၇)

မဝှံမရဲပြောသံကြောင့် . . ဦးရဲတင့်လှည့်ကြည့်လိုက်၏။ မောင်သန်း၏အနီးမှာတွေ့ရသူက . . .

စောစောက မိမိမြင်တွေ့ခဲ့သောကောင်လေး ဖြစ်နေ၏။

"ဆို . . ကိစ္စက . . "

ဦးရဲတင့်မေးဆတ်ပြောချိန်မှာ မောင်သန်းက ကိစ္စပြီးစီးသွားပြီဟူသောသဘောဖြင့် ပြန်လည်ပြေးထွက်သွား၏။

ညာဏကျတော့ . . အမောတကော ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီးမှ . . .

"လာကွာ . . ဝင်ထိုင်" ဘာညာတစ်ခွန်း

ပြောဖော်မှရဘဲ အလုပ်သမားကောင်လေးကို အထက်စီးမှစကား

ပြောပုံမျိုး၊ မာရေကျောရေဆက်ဆံပုံ၊ အထင်သေးစွာ ကြည့်

တွေကြောင့် ရင်ထဲမှာ ထောင်းခနဲဖြစ်၏။

"သုရော . . သု . . ဘယ်မှာလဲ"

'သု'ကို ညာဏမြင်တွေချင်လှ၏။ ဖခင်

တွေ့ဆုံစေလိုသည်ဟု 'သု'ပဲပြောခဲ့တာ . . . .

'သု'ပဲ ခေါ်ခဲ့တာ . . . .

ခုတော့ . . . 'သု'ဘယ်မှာလဲ။

'သု'၏အရိပ်အယောင်ကို တစ်စွန်းတစ်

မမြင်မတွေ့ရခြင်းအတွက် ခံပြင်းစိတ်မှာ ဒေါသစွက်၏။

တကယ်ဆို . . 'သု'က စောင့်ကြိုနေသင့်

လေ။

"ဟင် . . ဘာကိစ္စရှိလို့လဲပြောလေ . . အလုပ်ကိစ္စဆို

တော့ ဦးဇနီးနဲ့ပြောရလိမ့်မယ်၊ ဒီအိမ်ကအလုပ်သ

မှန်သမျှ သူပဲခန့်ထားတာ . . သူ့သဘောပဲ၊ စောင့်

ရင်တော့ ခဏစောင့်၊ ကိစ္စရှိလို့ သမီးလိုက်ပို့တာ .





မကြာပါဘူး၊ တော်နေကြာ ပြန်ရောက်လာလိမ့်မယ်"

"ဦး . . ဘာတွေလျှောက်ပြောနေတာလဲ"

ညာဏ၏အသံက ခပ်ဆတ်ဆတ် ခပ်မာမာ

ပေါ်ထွက်လာခဲ့၏။

ဦးရဲတင့် အံ့ဩမျက်ခုံးပင့်၏။ တေသီပြောထား

သဖြင့် အလုပ်သမားတစ်ယောက် ထပ်ခေါ်ရလိမ့်မည်ဟု သိထား

၏။

ခြံထဲမှာအလှမွေးထားသော ထိုင်ဝမ်မြက်ခင်း

ပြင်က ပြုစုဖို့အထူးလိုအပ်၏။ ဂျပန်မြက်ထက်နူညက်မှုရှိသော

ထိုင်ဝမ်မြက်က ဂျပန်မြက်ထက်လည်း ပိုမိုဈေးကောင်း၏။ ဈေး

ကြီးပေးရ၏။

မြက်ခင်းပြင် အစဉ်သဖြင့် လှပစိမ်းစိုနေရေး

အတွက် ပေါင်းနှုတ်ရ၊ ပြုစုမျိုးထောင်ရ၊ ရိတ်သိမ်းရသောအလုပ်

ကို မောင်သန်းက နိုင်အောင်မပြုစုနိုင်သဖြင့် . . တစ်ယောက်

ထပ်ခေါ်ဖို့ အထူးလိုအပ်သည်ဟု ကေသီပြောထားခဲ့တာပဲ။

"နို့ . . မောင်ရင်က အလုပ်လုပ်ဖို့လာလျှောက်တာမ

ဟုတ်ဘူးလား"

ခေါင်းမှအစ ခြေဖျားအဆုံး ဘာတစ်ခုမျှ သား



www.burmeseclassic.com

www.burmeseclassic.com



သားနားနားရှိမနေတဲ့ကောင်လေးက 'ညာဏထင်'တော့ ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်တာ(ခြေဆုံးခေါင်းဆုံးကြည့်ပြီးဖြစ်၍)သေချာလေသည်။

ဒီလိုဖိနပ်စုတ်နှင့် ညစ်နွမ်းနွမ်းကောင်လေးက သမီးရဲ့ချစ်သူဖြစ်မတဲ့လားကွယ်။

"ကျွန်တော် . . ညာဏထင်ပါ ဦး၊ ဦးနဲ့တွေ့ဖို့ ကျွန်တော် လာခဲ့တာ"

"ဘာ . . ဘာပြောတယ်"

ဦးရဲတင့်၏အံ့သြစိတ်က လဲပြိုကျသွားမလား တောင် ထင်မှတ်ရ၏။

ဘုရားရေ . . .

ဒီလိုမျက်နှာကြောတင်းတင်း၊ မျက်ဝန်းအကြည့်က ဘာလုပ်တော့မလဲထင်ရသည့် အကြည့်မျိုး . . .

ယဉ်ကျေးမှု . . လုံးဝမရှိသည့်အကြည့် . . .

လူကြီးသူမကို ရိုသေလေးစားရကောင်းမှန်း သိသည့် အရိပ်အကဲဆန်သောအမူအရာ . . . .

သူဟာ . . 'ညာဏထင်'ကဲ့ . . အံ့သြစရာ၊

"သူက သူ့အဖေနဲ့တွေ့ရအောင် လာပါဆိုလို့ ကျွန်တော်





လာခဲ့တာ"

ပြောရင်း . . ဝရန်တာလက်ရန်းကို လွှားခနဲ တက်ကာ အထဲဝင်လာလိုက်ပုံက မြန်ဆန်လှ၏။

"ဟာ . . မင်း ရိုင်းလှချေလားဟင်၊ ဒီလိုခုန်တက်ဝင် လာရသလား၊ လူကြီးလူကောင်းမဆန်လိုက်တာကွာ"

ဦးရဲတင့် ဒေါသကြောင့် ဆွေ့ဆွေ့ခုန်ကာ အသင်တုန်လာရ၏။

'သူ' . . .

ကြည့်စမ်း . . .

ကြိုက်စရာရှားလို့ . . .

ဒီလို ကလေကချေ၊ အဆင့်မရှိတဲ့သူကိုမှကြိုက် ရသလို့ . . . .

ရင်မှာ ခံပြင်းဒေါသစိတ်ကို မနည်းကြီးထိန်း ထားရလေသည်။

"ဟာ . . ဦး . . ဘယ်လိုပြောလိုက်တာလဲ၊ ဦး ပြန်စဉ်းစားကြည့်ပါ၊ လူကိုမြင်တာနဲ့ အလုပ်သမားသဘောမျိုး ဦးက ပြောခဲ့တာပါ"

"အေးလေ . . မင်းပုံကိုလည်း မင်းပြန်ကြည့်ဦး၊ ဒီလိုပုံစံ

www.burmeseclassic.com



မျိုးကို ဒီလိုပဲထင်တော့မပေါ့၊ စီးလာတဲ့ဖိနပ် ဝတ်
တဲ့အဝတ်အစားက စောစောကအလုပ်သမားကို
မြင်တယ်မဟုတ်လား၊ ဟိုကောင်ကတောင် မင်း
သာသေးတာပဲ"

"စော်ကားလွန်းနေပြီနော် ဦး၊ ဦးစကားပြောတာ
လွန်နေပြီ"

ညာဏ ဒေါသဖြစ်လွန်းသဖြင့် အသားတ
ဆတ် တုန်နေလေ၏။

"ငါပြောတာ လွန်သလား . . ကြည့်လေ . . မင်းတို
မင်းပြန်ကြည့်"

"ဦးသမီးချိန်းထားလို့ အမီပြေးလာခဲ့တာပဲ၊ ဝတ်
ဆင်မလာတာက ချက်ချင်းပေးစားမယ်မထင်
"ဟားဟား . . မင်းလို စုတ်စုတ်ပြတ်ပြတ်၊ ညစ်
ပတ်ကောင်မျိုးနဲ့လား ငါ့သမီးကိုပေးစားမှာ၊ သွ
ပါလုံးဝမပေးစားဘူး သိရဲ့လား၊ မင်းကိုမှာထ
ချိန်ကဘယ်အချိန်လဲ၊ ခု . . မင်းရောက်လာတဲ့
မင်းပြန်ကြည့်၊ ဖွဲလုံ့လဝီရိယမရှိတဲ့ မင်းလိုကော
ဘယ်တော့မှ ကြီးပွားတိုးတက်မယ်မထင်နဲ့"





ညာဏ၏ မခံချိမခံသာရယ်လိုက်သံက ဦးရဲ
ဒင့်၏ဒေါသကို ပိုမိုဆွပေးသကဲ့သို့ ရှိလေ၏။

ထို့အတူ . . .

ဦးရဲတင့်၏စကားတွေက ညာဏကို မခံချင်
အောင်ကြွစေခဲ့လေသည်။

"စောင့်ကြည့်လေ . . ကြီးပွားတိုးတက်မလား မတက်ဘူး
လားဆိုတာ၊ အဝတ်အစားကြည့်ပြီး အထင်သေးတာ
ကတော့ ဂုဏ်ရှားနည်းလမ်းမကျလှဘူး၊ သိမ်ဖျင်းလွန်း
တယ်"

"ဟေ့ကောင် . . မင်းထွက်သွားစမ်း၊ သွား . . ငါ့မျက်စိ
ရှေ့တနေထွက်သွား"

ဦးရဲတင့်အော်သံက ဆင်ဝင်ရှေ့သို့ ကားထိုး
ဆိုက်လိုက်သော သူနှင့် သူ၏မေမေပါ ကြားလိုက်ရလေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

"ဟင် . . ဘာဖြစ်နေကြတာလဲ . . ဘာဖြစ်တာလဲ"

'သူ'ပြေးဝင်ရာနောက်မှ ဒေါ်ကေသီပါ အပြေးအလွှားလိုက်ပါလာခဲ့လေသည်။

"ဟယ် . . ညာ . . ညာရောက်နေပြီ"

'သူ'အသံမှာ အံ့ဩသံအဖျားဆွတ်ကာ ဘာတွေဖြစ်ကုန်ပြီလဲဟူသော ထိတ်လန့်သံလွှမ်း၏။

'သူ'၏မေမေ ဒေါ်ကေသီက အံ့ဩမှုလွှန်ကဲစွာကြည့်၏။

ဘယ်သူပဲဖြစ်ဖြစ်လေ . . .



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏မိဘတွေက ခေါ်ရတွေ့သည့်ဆို တည်က အဝတ်အစားသပ်သပ်ရပ်ရပ် တင့်တင့်တယ်တယ် ဖြစ်အောင် (ပင်ကိုယ်က ဘယ်လိုပုံစံနှင့်ပဲနေနေ) ဝတ်ဆင်လာ မည်သူသာရှိပါလိမ့်မည်။

ယခုတော့ .. ဘယ်လိုမှအသွေးအရော ပြောင်လက်ခြင်းမရှိသည့်အပြင် သပ်သပ်ရပ်ရပ်ရှိမနေခြင်း လူကြီးတွေကို အရေးမစိုက်ရာ၊ အလေးမထားရာရောက်နေ လားရယ်လို့ သိတောင်သိမည့်ပုံပင်မပေါ်ပါ။

"လာစမ်း .. မိသူ၊ ဒီလိုကောင်မျိုးကို ထည့်စဉ်းစား တယ်ဟုတ်လား၊ ကြည့်စမ်း .. ဘယ်လောက်အော တန်းကျလိုက်သလဲ"

ဦးရဲတင့်က ညာဏထင်အနားသို့ပြေးလာသည် သူနန္ဒာ၏လက်မောင်းကိုဆွဲကိုင်ထားလိုက်သဖြင့် ... 'သူ ညာဏ' အနားသို့ ရောက်မသွားတော့ပါ။

"ဘယ်လိုအဆင့်အတန်းထဲကလဲဆိုတာ ကြည့်တာနဲ့ လောက်တယ်၊ ကွာ ... နင့်မှာ ဒီလောက်မှ ဦးနှော မရှိဘူးလား .. အဲ့ရော .. ရဲတင့်သမီးလုပ်နေပြီး .. ဒီလို ဘာမဟုတ်တဲ့ကောင်မျိုးကိုမှ ကြိုက်ရတယ်





"ဦး .. ဒိထက်ပိုပြီး မစော်ကားရင်ကောင်းမယ်၊ ဦး ပြောတာတွေ လွန်လွန်းတယ်"

ညာဏအသံက ဒေါသပေါက်ကွဲလွန်းစွာ .. အသံတောင်တုန်နေလေသည်။

"ကျွန်တော် ဘာကောင်လဲ၊ ညာဏထင်ဘာကောင်လဲ ဦး သိစေရမယ်၊ ဦးပြောတဲ့အဆင့်အတန်းက ဘာကို ကြည့်အကဲဖြတ်တာလဲ၊ ဘာမဟုတ်တဲ့ကောင့်လို့ပြောရ လောက်အောင် .. ညာဏထင်အကြောင်း ဦး ဘယ် လောက်သိလို့လဲ"

"ဟော့ကောင် .. မင်းကိုထွက်သွားလို့ ငါပြောနေတယ်"

"ညာ .. ဘာတွေဖြစ်ကြတာလဲ၊ ဘာဖြစ်လို့ လဲ ဖေဖေ၊ သမီးပြောပါရစေ ဖေဖေရယ်၊ သမီးရှင်းပြပါရစေ"

'သူ'က မှိုက်ကြီးတငင်ငိုကာ ညာဏကိုတစ် လှည့်၊ ဖခင်ကိုတစ်လှည့် ရှိခိုးမတတ်တောင်းပန်နေခဲ့လေသည်။

"မလိုဘူး .. ဘာရှင်းပြစရာမှ မလိုဘူး သူ၊ မကြားချင် ဘူး၊ ဒီလောက်မိုက်ရိုင်းစုတ်ပြတ်တဲ့ကောင်စားမျိုးကို သမီးနဲ့ လုံးဝသဘောမတူဘူး သူ၊ လုံးဝ မပေးစားနိုင် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး ဖေဖေရယ်၊ သမီးပြောပါရ
"မကြားချင်ဘူးလို့ ငါပြောနေတယ်"

ဦးရဲတင့်အသံက ဟိန်းထွက်လာ၏။

"သမီး စဉ်းစားကြည့် . . ဖေဖေခေါ်ထားတဲ့အချိ
ဘယ်အချိန်လဲ၊ ဒီကောင်ရောက်လာတဲ့အချိန်က
အချိန်လဲ၊ ဒါ . . လူကြီးကို ပမာမခန့်လုပ်တာ၊ မ
စားတာ၊ ပြီးတော့ . . ဝတ်စားထားတဲ့ပုံစံက ဖေ
မရှိသေရာကျလွန်းမနေဘူးလား"

ဟုတ်ပါရဲ့ . . .

ခါတိုင်း . . သပ်သပ်ရပ်ရပ် ခန့်ခန့်သန့်သ
နေတဲ့ 'ဉာဏထင်'က . . ယခုတော့ သူမဟုတ်သလို ညစ်နွမ်း
ရေနေပုံက . . ဉာဏထင်မဟုတ်သလိုပါပဲလား။

"မဟုတ်ဘူး . . သုံ၊ သု ဖေဖေပြောသလို မလေးစ
မရှိသေလို့မဟုတ်ဘူး၊ ကိုယ်ဒီနေ့ ကားအက်ဆီဒင့်
ခုမှာ ဒဏ်ရာရတဲ့သူ . . အရေးပေါ် လူနာတွေကို
ရုံအချိန်မီပို့၊ ဝိုင်းဝန်းကူညီနေလို့ သု ခေါ်တဲ့အချိန်
ကိုယ် ရှိမနေခဲ့ဘူး၊ အိမ်ပြန်ရောက်တော့မှ သိသိခ
ကိုယ်ပြေးလာခဲ့လို့ အဝတ်အစားလဲချိန်မရလိုက်တ





"ဖိနပ်အစုတ်ကတော့ လဲစရာကိုမရှိလို့ မလဲခဲ့ရတာထင်
တယ်၊ တို့အိမ်မှာ ခြံထဲက မာလီတောင် မင်းလိုဖိနပ်
စုတ်မျိုး ဘယ်သူမှ မစီးကြဘူး ဉာဏထင်ရဲ့၊ မင်းကို
ဒါကြောင့် . . အလုပ်လာလျှောက်တာလို့ ငါထင်တာ
အံ့သြစရာမှမဟုတ်တာပဲ၊ အထင်ကြီးစရာ လုံးဝမှမရှိ
တာလေ"

ဦးရဲတင့်ပြောမှ . . သု မေမေခေါ်ကေသီနှင့်
အတူ သုရော ဉာဏပါ ခြေထောက်ကဖိနပ်ကို ငုံ့ကြည့်မိ၏။

ဟောဗျ . . .

ခြံထဲစီးဖိနပ်အစုတ်ကို သူ မှားယွင်းစီးခဲ့မိသည်
ပါလား။ ဉာဏကိုယ်တိုင် ယခုမှ သတိထားမိတာပါ။

"ဟုတ်ပါရဲ့ . . ဉာရယ် . . ဘယ်လိုဖြစ်တာလဲ"

'သု' ရှက်ရှက်ဖြင့်ငို၏။

ဉာဏက ခြေထောက်တစ်ဖက်ကို ကွေးတင်
ပြီး ဖိနပ်ကိုချွတ်ကိုင်လျက် လှည့်ပတ်ကြည့်ပြီး . . .

"ခြံထဲစီးဖိနပ်အဟောင်းကို ကျွန်တော် မှားစီးခဲ့မိတာပဲ၊
အဲဒီဖိနပ်တစ်ရန်နဲ့ အဝတ်အစားကိုကြည့်ပြီး 'ဦး'ကျွန်
တော့်ကို အထင်အမြင်သေးမယ်မှန်း မသိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

ဦးရဲတင့်ဒေါသသံက ဟိန်းထွက်လာ၏။

"မင်းက လူကြီးကို ထေ့လားငေါ့လားနဲ့ . . တော်တော် လူပါး ဝပါလား၊ ထွက်သွား . . ခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွားစမ်း၊ မင်းလိုကောင်မျိုးဘာလားကွာ . . ငါ့ သမီးကို တက်မှန်းရတယ်သို့ မောင်သန်း . . ချစ်တီး ဟောကောင်တွေ ဒီကောင့်ကိုခေါ်ထုတ်သွား၊ ငါ့မျက်စိ ရှေ့ကနေဆွဲထုတ်သွားစမ်း"

အော်ကြီးဟစ်ကျယ် စကားပြောသံကြားစဉ်က တည်းက အနီးအနားရောက်ရှိအကဲခတ်စောင့်ကြည့်နေသော ချစ် တီးနှင့်မောင်သန်းက အနားသို့ ချက်ချင်းလိုပြေးလာကြ၏။

"ဟင့်အင်း . . ညာဏကို မောင်းမထုတ်ပါနဲ့ ဖေဖေရဲ့ သမီးကိုချစ်တယ်ဆို . . သမီးကိုချစ်ရင် ညာဏနဲ့ အေး အေးဆေးဆေးစကားပြောကြည့်ပါ"

"မလိုဘူး . . ဘာစကားမှ ပြောစရာမရှိဘူး၊ အဲဒါ သမီး ကိုချစ်လို့ပဲ သုနန္ဒာရဲ့၊ ငါ့သမီး ခွေး,မဖြစ်အောင် ဖေ ဖေ ကယ်တင်ပေးလိုက်တယ်မှတ်"

"မဟုတ်ဘူး . . ဖေဖေမှားနေပြီ၊ ဖေဖေအထင်လွဲနေပြီ"





"သု"

ညာဏက လှမ်းအော်ခေါ်လေသည်။

"နေပေ့စေ 'သု' . . ပြောပါစေ၊ တစ်နေ့ကျမှ 'ညာဏ ထင်'ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ သုအဖေ သိလာ ပါလိမ့်မယ်၊ 'သု'ကို ကိုယ်ချစ်တယ်၊ လက်ထပ်မယ်၊'သု' ကိုယ့်ကိုချစ်ရင် ကိုယ့်နောက်ကိုလိုက်ခဲ့ဖို့သာကြိုးစား ပါ"

"ဟောကောင် . . မင်းပါးစပ်ပိတ်၊ မင်းလိုကောင်မျိုး ရွှေ ထွက်ပါစေ ဒီတစ်သက်လုံး လုံးဝ,မပေးစားဘူးမှတ်၊ငါ့ သမီးနဲ့ မင်းနဲ့ လုံးဝမတန်ဘူးဆိုတာ မြဲမြဲမှတ်ထား"

ညာဏ၏လက်မောင်းနှစ်ဖက်ကို မောင်သန်း နှင့်ချစ်တီးက လာဆုပ်ကိုင်၏။ ညာဏက ဆုပ်ကိုင်လာသောလက် တွေကို ပုတ်ချလိုက်၏။

ဦးရဲတင့်ကို ခပ်ပြုံးပြုံးလှည့်ကြည့်၏။

"ဦး . . စကားအတွက် ဦး နောင်တမရပါစေနဲ့လို့ ကျွန် တော် ဆုတောင်းပါတယ် ဦး"

ဦးရဲတင့်ထံမှ ဒေါသဖြင့် ဆဲသံထွက်လာ၏။

ညာဏက 'သု'ကိုလှည့်ကြည့်၏။ 'သု'မျာ



www.burmeseclassic.com

www.burmeseclassic.com



ဖခင်က လက်မောင်းကိုဆုပ်ကိုင်ထားသဖြင့် ညာဏကို ငိုမဲ့မဲ့မျက်နှာလေးဖြင့်သာ ကြည့်နေရှာပါသည်၊

"ကိုယ် . . သုကို စောင့်နေမယ်"

နှစ်ကိုယ်ကြားသာသိသည့် လျှို့ဝှက်သင်္ကေတလေးကို 'သု'မြင်အောင်ပြခဲ့တာ ဦးရဲတင့်တို့ ဘယ်လိုမှ မသိလိုက်ကြပါ။

➤ ➤ ➤



အခန်း(၉)

သာယာသောဝှက်အော်သံသွင်းထားသည့် နာရီမြည်သံလေးက မှိတ်ခနဲဖြစ်သွားခဲ့သော ဒေါ်မြမို၏စိတ်ကို ပုတ်နှိုးလိုက်သလိုဖြစ်၏။

အိပ်ပျော်သွားတာလား . . .

သတိလစ်သွားတာလား . . .

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားလို့ ဘာဖြစ်သွားမှန်းမသိအောင် ဒေါ်မြမို သတိကင်းလွတ်သွားခဲ့တာတော့ အမှန်ပဲဖြစ်၏။

သား . . ပြန်ရောက်ချိန်နီးပြီထင်ပါရဲ့။

နာရီအကြည့် . . ကိုယ်အရွှေ့မှာ ကိုယ်က လှုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားရှားဖြစ်မကောင်းဘဲ လေးပင်နေတာ သိလိုက်၏။

ဘုရားရေ . . .

နာရီမှ ဂဏန်းကွက်တွေကိုလှမ်းအကြည့် . . မဲမဲအရိပ်ကြီးတစ်ခု ဖုံးအုပ်ထားသလို သဲသဲကွဲကွဲမမြင်ရသော အဖြစ်။

ဘာဖြစ်တာလဲ . . .

မျက်စိတွေ ဘာဖြစ်သွားပြီလဲ။

မျက်စိကို အကျီစဖြင့် ဆွဲယူသုတ်သဖြင့် ဆွဲလိုက်သောအကျီစမီအောင် ခေါင်းကို ငုံ့၏။ ငုံ့၏။

ထိုအခါ . . ,

မိုက်ခနဲဖြစ်သွားခဲ့၏။ မျက်စိထဲမှာ အိမ်တစ်ခုလုံး ယိမ်းထိုးလှုပ်ရှားသွားခဲ့သဖြင့် . . ကပျာကယာမျက်စိစုံမှိတ်လိုက်၏။

မြတ်စွာဘုရား . . .

ဒေါ်မြမှိုက သတိကြီးစွာ ဒရင်းမ်ဘက်(ခ်)၏ လက်ရမ်းကိုဆုပ်ကိုင်လျက် ကျောမှီကာ ပြန်လှဲချ၏။

ဘုရားဂုဏ်တော်နှလုံးသွင်း၏။ ဒလစပ်ခုန်နေသောရင်ဝကို လက်မလေးဖြင့် ဖိနှိပ်ရင်းမှ . . ဖောက်ပြန်ပြောင်းလဲနေသော ဝေဒနာကို ရှုရင်း အသက်မှန်မှန်ရှူနိုင်ဖို့ ကြိုးစားနေ





ရ၏။

ထိုအချိန်မှာ . . .

ညာဏပြန်ရောက်လာခဲ့၏၊ အမေ့ကိုလှမ်းကြည့်တော့ အမေက ဒရင်းမ်ဘက်(ခ်)မှာ . . .

အမေက ညာဏအိမ်ထဲဝင်လာသော လှုပ်ရှားသံကို ကြားသိလိုက်၏။ မျက်လုံးဖွင့်အကြည့်မှာ ဝေဝါးနေသောပုံရိပ်ကိုသာမြင်ရလေသည်။

“သား . . အဆင်ပြေခဲ့ရဲ့လား”

အမေ့အသံ တိုးလွန်းနေတာ၊ အားယူစကားပြောရတာ ညာဏ လုံးဝသတိမထားမိပါ။

ဦးရဲတင့်၏ မတူဘူး မတန်ဘူးပြောဆိုလိုက်သမှု ဒေါသစိတ်ဖြင့် ခံပြင်းနာကျင်ခဲ့ရသော အစိုင်အခဲမှာ အမေ့ကိုမြင်သောအခါ ကြေကွဲဝမ်းနည်းခြင်းကြီးစွာဖြစ်ရလေသည်၊

“အဆင်မပြေဘူး အမေ . . သူတို့အဖေက အရမ်းကို မောက်မာစော်ကားလွန်းတယ်၊ ကျွန်တော့်ကို . . ကျွန်တော့်ကို ဘာတွေပြောလွှတ်လိုက်သလဲ . . သိလား”

ဒရင်းမ်ဘက်(ခ်)မှာ ပက်လက်ကလေးလှဲကာ ခြေဆင်းထားသော အမေ့ခြေထောက်ကို ‘ညာဏ’ဖက်ငိုမိ၏။

“ကျွန်တော်နဲ့ ‘သူ’တို့ မပေးစားနိုင်ဘူးတဲ့ အမေ၊ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူဘူးတဲ့၊ ကျွန်တော်နဲ့သူ မတန်ဘူးတဲ့"

"ဟင်"

ဒေါ်မြမို့၏ရင်ဝမှာ ဒိန်းခနဲ ဆောင့်တက်သွား၏၊ မထင်ခဲ့ပါ။ လုံးဝ မထင်ခဲ့ပါ။

"ကျွန်တော့်ကို စုတ်စုတ်ပြတ်ပြတ်အကောင်မျိုး ညစ်တီးညစ်ပတ်အကောင်မျိုးတဲ့ဗျာ၊ ဒီနေ့ ကျွန်တော် သူများတွေအတွက် ကိုယ်ကျိုးစွန့်ကူညီခဲ့လို့ . . ဒီလို ပေရေညစ်ပတ်တာပါပြောတာ လက်မခံဘူး . . အချိန်မှန်မရောက်တဲ့အတွက် ဖွဲလို့လ ဝိရိယမရှိတဲ့ကောင်တဲ့၊ဘယ်တော့မှ ကြီးပွားတိုးတက်မယ်မထင်နဲ့တဲ့"

ဘုရား . . ဘုရား . . ဖြစ်ရလေသားရယ်။

သားလေးကိုသနားလှသောစိတ်က နှလုံးသားထဲမှာ ဆို့နစ်စွာခံစားလိုက်ရ၏။

စူးခနဲဖြစ်သွားသောဝေဒနာက နှလုံးသားတစ်ခုလုံးသို့ ဖြာဆင်းသွားချိန်မှာ ဒေါ်မြမို့ မျက်နှာလေးမဲ့သွားရရှာတာ ညာဏမသိပါ။

"ထွက်သွားတဲ့ . . ငါ့အိမ်ထဲကနေ မင်းထွက်သွားတဲ့၊ သားကို ခွေးမောင်းသလို မောင်းထုတ်ခဲ့တာ အမေ၊ ကျွန်တော် . . 'သူ' မျက်နှာကိုငဲ့ပြီး အဲဒီလူကြီးကို ဘာ





မှမလုပ်မိအောင် စိတ်ထိန်းပြီး ပြန်လာခဲ့ရတယ် . . သိလား၊ အမေ့သား ခံလာခဲ့ရတယ်ဗျ"

ပြောရင်း . . ငိုရင်းခြေထောက်ကိုင်ထားသော ထောက်အနေအထားဖြင့်ပင် ညာဏရှေ့တိုး၏။ အမေ့ မျက်နှာ တိုးကပ်လာခဲ့၏။

"အဲဒါတွေအားလုံး အမေ့စကားကို သား နားမထောင်ခဲ့လို့ဖြစ်ရတာ အမေရဲ့၊ ရေချိုးသွား . . အဝတ်လဲသွားဆိုတာ သား,မလဲဘဲ ဒီအတိုင်းထွက်သွားလို့ဖြစ်ရတာ၊ လူတွေက အပေါ်ယံကြည့်ပြီး တန်ဖိုးဖြတ်ကြတာ ခက်တာပဲ . . ဟင် . . အမေ . . အမေဘာဖြစ်တာလဲ . . အမေ"

ညာဏ အထိတ်တလန့်အော်မိ၏၊ အမေ့ပါး ကို လက်ဖဝါးဖြင့် ညှပ်ကိုင်ခေါ်၏။

"ဟင်"

အမေ့မျက်လုံးတွေက အပေါ်ကို ဟိုးအဝေး ကို လှမ်းမျှော်ကြည့်နေသလို . . အပေါ်ရောက်နေသလိုလို . .

ညာဏရင်မှာ ဒိတ်ခနဲဖြစ်၏၊ လန့်သွား၏။

"အမေ . . အမေ . . ဘာဖြစ်တာလဲ၊ ကျွန်တော်ခေါ်နေတယ်လေ အမေ၊ ကျွန်တော်ပြောနေတာ အမေကြား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား အမေ၊ ဟာ . . အမေ . . ဘယ် . . ဘယ်လို ဖြစ်သွားတာလဲဗျာ . . အမေ . . အမေ . . . ”

ညာဏ ရင်ကွဲစွာ ငိုမိ၏။

ကျယ်လောင်စွာ ဟစ်အော်ခေါ်ပေမဲ့ အမေက လုံးဝ ပြန်လည်မထူးနိုင်တော့ပါ။

ထားခဲ့ပြီလေ။

အမေက ‘ညာဏ’ကို လောကကြီးထဲမှာ တစ်ယောက်တည်း ပစ်ထားခဲ့ရစ်ပြီ။

“အား”

‘ညာဏ’အမေ့ရင်ခွင်ထက်မှာ မျက်နှာအပ်လျက် အသံကုန်အော်ဟစ်ငိုကြွေးချိန်မှာ . . ညာဏကိုအားပေးမည့်သူ ဖေးကူထိန်းပေးမည့်သူရယ်လို့ ဘယ်သူမှကို မရှိခဲ့ပါ။

သုရေ . . .

ယခုအချိန်မှာ ‘သု’သာ အနားမှာရှိနေခဲ့ရင် ဘယ်လောက်ကောင်းမလဲကွယ်။

တမ်းတမျှော်လင့်မိလေသည်။

➤ ➤ ➤



## အခန်း(၁၀)

“ဒီနေ့ ဒီအချိန်ကစပြီး ‘သု’ လုံးဝအပြင်မထွက်ရဘူး”

ဖေဖေက ‘သု’ကို တင်းကျပ်စွာ တားမြစ်လိုက် ‘သု’ကိုယ်တိုင်မောင်းနေခဲ့သောကားသော့ကို သိမ်းလိုက်၏။

‘သု’သည် မေမေ့၏စောင့်ကြပ် ကြည့်ရှုမှု အောက်တွင် ပျင်းရိစွာအချိန်ကုန်ဆုံးစေလျက် ထွက်လို့ရမည့်အ ချိန်ကို စောင့်ဆိုင်းနေခဲ့ရလေသည်။

ညာဏက အခြေအနေပေးတာနဲ့ ‘သု’ထွက်ခဲ့ ဝှက်သင်္ကေတ ပြခဲ့သည်ဆိုတော့ ညာဏက ‘သု’နှင့်တွေ့ဆုံ ဖို့ မျှော်နေရရှာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



'သု'ကို ညာဏာခမျှာ ဘယ်လောက်စောင့်နေရ ရှာမလဲ၊ 'သု'ကိုင်နေသောဖုန်းကအစ ဖေဖေသိမ်းယူလိုက်တာ ကြောင့် ညာဏာက ဖုန်းဖြင့်ဆက်သွယ်ခဲ့ရင်တောင်မှ 'သု'နှင့်တွေ့ ခွင့်ရမှာမဟုတ်ပါ။

ဖုန်းပိတ်ထားချိန်မဟုတ်ခဲ့ရင် ဖေဖေ၏အော် ဟစ်ဆူဆဲခြင်းသာ ညာဏာကြုံတွေ့ရရှာမှာပါ။

'ညာဏာ'နှင့်ဆုံတွေ့ခွင့် လုံးဝမရှိသောအချိန် ကာလများအတွင်းမှာပင် . . ဖေဖေသဘောကျခဲ့သော 'လင်း လက်ထွန်း'နှင့် သုနန္ဒာတို့ စေ့စပ်ကြောင်းလမ်းဖို့ ပြင်ဆင်နေခဲ့ကြ ပြီဖြစ်၏။ ဖေဖေ ဂျပန်သို့ ပြန်မသွားမီအချိန်မှာပင် 'သု'ကို လက်ထပ်ပေးခဲ့မှာဖြစ်လေသည်။

'သု' ဘာလုပ်ရမလဲ မသိအောင်ဖြစ်နေချိန်မှာ ပင် 'ညာ'ဆိုနေကျ ခပ်တိုးတိုးညည်းနေကျ 'ပန်းချစ်သူ'တေးသီ ချင်းသံကို သဲ့သဲ့မျှကြား၏။

"ညာ . ."

သု . . အိပ်ရာထဲမှ လူးလဲထပြီး ပြတင်းပေါက် မှ မျှော်ကြည့်လိုက်၏။ အသံကို နားစွင့်၏။

"ဟုတ်တယ် . . ဒါ . . ညာ့အသံမှ ညာ့အသံအစစ်ပါပဲ"





'သု'ကြားရအောင် ညာက အသံပေးနေခဲ့ပြီ။

"လိုက်ခဲ့မယ် . . ညာရယ်၊ သု လိုက်ခဲ့မယ်"

'သု'က လိုအပ်မည်ထင်သည့်ပစ္စည်းအနည်းအ ကျဉ်းနှင့် အဝတ်သုံးလေးစုံလောက်ကို ရွေးချယ်လျက် အိတ်သေး သေးလေးထဲထည့်၏။

ကံကောင်းချင်တော့ . . သုအနားမှာ အမြဲရှိ တတ်သည့် အိမ်ဖော် 'မကြင်'က တီဗီကြည့်နေသဖြင့် 'သု'ထံမှာ ...ရှိမနေခဲ့ပေ။

မကြင်က ညဥ့်ဦးပိုင်းပြသည့် တရုတ်ကားကို ...တ်တတ်၏။ ထမင်းမစားရသေးရင်တောင်မှ ဗိုက်အဆာခံကာ ...တ်ကားထိုင်ကြည့်တတ်၏။

"ဟဲ့ . . ထမင်းမေ့ ဟင်းမေ့ပါလား"

ဟု ဒေါ်ကေသီဆူလျှင် ထမင်းပန်းကန်ထဲ ထ ...ရာဟင်းပါစုပြုံရောထည့်ကာ စတီးဇွန်းဖြင့် ထိုင်စားရင်းက ...သည်အထိ ဇာတ်လမ်းတွဲကြိုက်တတ်တာလေ။

ယခုတော့ . . .

ထိုအမူအကျင့်က 'သု'အတွက် အခွင့်အရေး ...င်းတစ်ခုဖြစ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'သု'က မကြွင်တီဗီထဲ အာရုံရောက်နေ...
အသံလေးလစ်ထွက်လာခဲ့၏။

ဒီလိုမှ မဟုတ်ရင် . . 'သု'နှင့် 'ညာ'တို့ ...
ရမှာလေ။ 'သု လာခဲ့ပြီ ညာရေ' . . . နှလုံးသားထဲမှ ဟစ်...
ရင်းရင်တွေ တဒိတ်ဒိတ်အခုန်မြန်နေလေသည်။

"အမယ်လေး"

အိမ်နောက်ဖေးတံခါးဖွင့်ပြီး ဝရန်တာ...
အထွက်မှာပင် . . 'သု'ရှေ့မှ ကာဆီးရပ်လိုက်သော ဖေဖေ့...
လိုက်ရသဖြင့် . . 'သု' လန့်အော်လိုက်မိလေသည်။ ဖေဖေ...
တာမှာရှိနေမယ်လို့ 'သု'ထင်မထားခဲ့ပါ။

"ဒါ . . ဘာလဲ၊ ဟင် . . ဘာလုပ်တာလဲ သု . . ...
စမ်း"

ဖေဖေ့အသံက ကြောက်မက်ဖွယ်...
လောက်အောင်ဟိန်းနေသဖြင့် . . အိမ်ထဲရှိ လူကုံနီး...
ဖော်ခတွပါမကျန်)ပြေးထွက်ကြည့်ကြရသည်အထိပါ။

'သု' ကြောက်လွန်းလှစွာ တစ်ကိုယ်...
သွားရလေသည်။ ဖေဖေက အကင်းပါးလှသူဖြစ်သည်။ ...
ဘာလုပ်တော့မည်ကို အတဲခတ်သည်နှင့် ရိပ်မိသွားခဲ့၏။





"ကြည့်စမ်း . . မိုက်လိုက်တဲ့သမီး၊ ဖေဖေဒီလောက်ဆုံးမ
ထားတာတောင် နားမဝင်ပါလား၊ မိဘကို အရှက်ခွဲဖို့
မည်းသုတ်မယ်ပေါ့ . . ဟုတ်လား"

သု . . ရှိုက်ငိုရပြီ။

"ခွင့်လွှတ်ပါ ဖေဖေ၊ သုကို ခွင့်လွှတ်ပေးပါ၊ သု . . ညာနဲ့
မခွဲနိုင်ဘူး"

"ဪ . . ဖေဖေတို့နဲ့တော့ ခွဲနိုင်တယ်ပေါ့ . . ဟုတ်
လား . . မိသု၊ သမီးကို ဒီကောင်နဲ့ခွဲရတာ သမီးအ
တွက်ပါ 'သု'ရဲ့၊ ဖေဖေ့သမီး ဒုက္ခမဖြစ်စေချင်လို့၊ စရိုက်
ကြမ်းကြမ်း လူရမ်းကားလိုကောင်မျိုးကို ဘယ်လိုစိတ်
မျိုးနဲ့ရွေးလိုက်သလဲ . . ဖေဖေအံ့ဩလိုက်တာရော့ . .
သု . . ဟောဒီမှာ ဓား"

လသာဆောင်က လေပြည်လေညင်းလေး
တိုက်ကာ နေ၍ထိုင်၍ကောင်း၏။ ယခုတလော . . အဲသားကွန်း
ဒဏ်သိပ်မခံနိုင်ဘဲ အကြောတက်နေခဲ့သဖြင့် . . ဦးရဲတင့်က လ
သာဆောင်မှာ ထွက်လာထိုင်နေခြင်းဖြစ်၏။

ဇနီးဖြစ်သူက အနားမှာစားသောက်ဖွယ်ရာ
များအသင့်လာချပေးရာမှာ . . ခင်ပွန်းဖြစ်သူ ပန်းသီးစားဖို့



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန် အဆင်သင့်စားနိုင်ရန် ခါးမှအစ ယူပေးထားသဖြ
'ခါး'တ ဦးရဲတင့်၏လက်ထဲ အလွယ်တကူရောက်ရှိလာခြင်းပါ

'သု'ကို 'ခါး'လှမ်းပေးသဖြင့် 'သု' အထိတ်တ
လန့်ဖြစ်ကာ မျက်လုံးလေး ဝိုင်းသွားရ၏။

"ဖေဖေတို့ကိုထားခဲ့ရက်ရင် ဟောဒီခါးနဲ့ တစ်ခါတည်
သာသေအောင်ထိုးသွားပါ သမီး၊ ဖေဖေတို့ အရှက်
တကွဲအကျိုးနည်းဖြစ်အောင်တော့ တိတ်တိတ်ကလေ
ခိုးပြီးထွက်ဖို့ မကြိုးစားပါနဲ့၊ သွားချင်ရင် အသေသာ
သတ်သွားလိုက်ပါ"

ဦးရဲတင့်၏အသံတ တကယ့်ကို ရင်နာခံစာ
စွာပြောခြင်းဖြစ်သဖြင့် .. အသံတုန်ကာ ဆို့နစ်ကြေကွဲသံအပြင်
ရှနာသံပါနေသဖြင့် .. 'သု' ဖေဖေ့ကိုကြည့်ကာ ခေါင်းလေး
တယမ်းယမ်းဖြင့် ဖတ်ငိုမိရပါပြီ။

"မဟုတ်တာ ဖေဖေ၊ သုက .. ဖေဖေ့ကို ဘာလို့သတ်
သွားရမှာလဲ .. မဟုတ်တာ မပြောပါနဲ့ ဖေဖေရဲ့၊ သ
မီးမကြားရဲလို့ပါ"

"ဒါဖြင့်ရင် .. ဖေဖေသေပြီဆိုတာရော သမီးကြားရဲသ
လား .. ဟုတ်လား"





"ဟင့်အင်း .. ဖေဖေက ဘာလို့သေရမှာလဲ၊ မသေရပါ
ဘူး .. မဟုတ်တာ"

"အကယ်၍ .. သမီးသာ အခုလို ဖေဖေတို့မသိအောင်
ထွက်သွားခဲ့ရင် .. ဖေဖေ ရင်ကျိုးပြီးသေမှာ အမှန်ပဲ
သုနော့"

"ဟုတ်တယ် .. 'သု'ရယ်၊ လူကြီးချင်း မျက်နှာပျက်ရရင်
သမီးဖေဖေ ရှက်တာနဲ့ သေမှာ"

ဒေါ်ကေသီက သမီးပခုံးလေးကို ဆုပ်ကိုင်
ျက်ဆို၏။ သမီး 'သု'လို အင်မတန်မှအေးဆေးသော သမီးက
အချစ်နှင့်ပတ်သက်လာတော့ ဘယ်တဘယ်လို သတ္တိတွေရှိနေ
န်းမသိတာကြောင့် .. အရမ်းကို အံ့ဩတုန်လှုပ်ရတာ အမှန်ပါ။

"သမီး .. သမီးမှ လင်းလက်နဲ့လက်မထပ်ချင်တာ"

"ပြောစမ်းပါဦး သမီးရယ် .. လင်းလက်မှာ ဘာအပြစ်
ပြောစရာရှိလို့လဲ၊ ဒီသူငယ်လေးက လူရိုး လူကောင်း
လူတော်မို့ ဖေဖေကိုယ်တိုင်က သဘောကျခဲ့တာ၊ သမီး
လေးနဲ့ အင်မတန်သင့်မြတ်မှာပဲလို့ ဖေဖေ့စိတ်ထဲဖြစ်ခဲ့
ရတာ၊ အဲဒီအချိန်မှာ သူကိုယ်တိုင်က သမီးကိုသဘော
ကျမြတ်နိုးပါတယ်လို့ ပြောလာတော့ ဖေဖေလေ .



www.burmeseclassic.com

www.burmeseclassic.com



သမီးရှင်ဖြစ်ပါရက်နဲ့ အရမ်းကိုပျော်ခဲ့ရတာ . . သ
သိရဲ့လား"

သမီးကို မေးလေးပင့်ကိုင်ကာမေးသော ဦ
တင့်မျက်ဝန်းအိမ်ရှိ မျက်ရည်ကြည်လဲ့လဲ့မှာ ကြည်နူးရိပ်ကို မြ
ရပါသည်။

"ဖေဖေ့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာပါ သ
ရယ်၊ ဖေဖေ့အသက်လောက်ချစ်တာပါ၊ ဒါကြောင့်
သမီး ရွေးချယ်မှုမှားသွားမှာ ဖေဖေကြောက်တယ်
လူရွေးမှားသွားရင် သမီးငယ်ငယ်က ကစားသလို
'ဘွာတေး' ခတ်လို့မရဘူး သမီးရဲ့၊ သမီးရဲ့ဘဝတ
လုံးနဲ့ပတ်သက်နေတယ်ဆိုတာ သမီးသိထားဖို့လိုတ

"ညာ့ကိုရော . . နည်းနည်းလောက်ထပ်ပြီး ဖေဖေ
စားပေးပါလား ဖေဖေ၊ ညာတ သမီးကို . ."

"တော် . . ထပ်မပြောနဲ့၊ မကြားချင်ဘူး"

ဦးရဲတင့်က သမီးကိုဖက်ထားရာမှ လက်လွှ
လိုက်၏၊ ဒေါသထွက် စိတ်ဆိုးခြင်းတ ရင်မှာ ဘောင်ဘင်ခတ်
လေသည်။

"ညာ . . ဟုတ်လား၊ သမီးခေါ်တာကိုက 'ညာ'တဲ့





တော့ ဘယ်သွားကောင်းတော့မှာလဲ . . ပညတ်သွား
ရာစာတ်သက်ပါဆိုတဲ့စကားအတိုင်း . . သမီးကိုညာ
မယ့်ကောင်ပဲ"

"ဟင့်အင်း . . ညာ့နာမည်က ညာဏထင်မို့ 'ညာ'လို့
ခေါ်တာပါ၊ သမီးတို့က ငယ်သူငယ်ချင်းတွေ ဖေဖေ . .
အထက်တန်းကျောင်းမှာတည်းက ဒီလိုပဲခေါ်ခဲ့ကြတာ
မို့ အကျင့်ပါနေခဲ့တာပါ"

"သမီး ယုံတယ်ပေါ့ . . ဒီကောင့်ကို"

"ဟုတ် . . ဟုတ်ကဲ့"

"ဒါဖြင့် . . ဖေဖေတို့ကိုသတ်သွား သုနန္ဒာ၊ သမီးလက်နဲ့
သတ်ပြီးမှ သမီးလိုက်သွား"

"ဟင့်အင်း . . မဟုတ်ဘူးလေ ဖေဖေ၊ သမီးကို အဲဒီလို
မျိုး အတျပ်မတိုင်ပါနဲ့၊ သူ ပြောတာတ ညာနဲ့သုကို
ဖေဖေသဘောတူပေးဖို့ပါ"

"ငါ့ကိုယ်ငါသာ အသေခံလိုက်မယ် မိသု၊ အဲဒီလိုကောင်
မျိုးနဲ့တော့ လုံးဝသဘောမတူဘူး၊ ဟောဒီမှာကြည့် . ."

ဦးရဲတင့်က သူ့လက်ထဲမှဓားဖြင့် သူ့ရင်ဝကို
ထိုးဖို့ ချိန်ရွယ်ပုံက မာန်ပါလှ၏။

"အမယ်လေး . . ကိုရဲ . . ရှင်ဘာတွေလုပ်မလို့လဲ . .



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ . . ရှင်၊ မကြံကောင်းမစည်ရာတွေ"

"ဖေဖေ . ."

. . ဒေါ်ကေသီက ငိုသံပါကြီးနှင့်ပြောဆိုလျက် လက်ဆွဲထားချိန်မှာ . . 'သု' ဖေဖေ့ကိုပြေးဖက်မိပါပြီ။

"သု ကြောင့်တော့ ဖေဖေ မသေလိုက်ပါနဲ့၊ သမီးအရှုံး ပေးပါပြီ ဖေဖေ၊ ညာ့ကို မယူနဲ့ဆိုရင် မယူပါဘူး . . သမီး လန့်အောင်တော့ မလုပ်ပါနဲ့"

"ဒါဖြင့် . . ဖေဖေစိတ်ချမ်းသာအောင် သမီးလိုက်လျော ပါ့မယ်ဆိုတဲ့ကတိပေးပါ သု၊ လင်းလက်နဲ့ သမီး အမြန် ဆုံးလက်ထပ်ရမယ်"

'သု'ကို ဖေဖေက စိုက်ကြည့်နေခဲ့၏။ သု ငိုရင်းမှ ခေါင်းညိတ်လိုက်ရပါပြီ။

'သု'ကိုခွင့်လွှတ်ပေးပါတော့ . . ညာရယ်။

စိတ်ထဲမှ ကျိတ်တောင်းပန်လိုက်ရတာတွေကို 'ညာ'သိပါရဲ့လားတွယ်။

ထိုနေ့မှစ၍ 'ညာ'နှင့် 'သု' မတွေ့ရတော့တာပါ။

➤ ➤ ➤



## အခန်း(၁၁)

'ညာဏထင်'သာ 'သုနန္ဒာ'၏ဘဝထဲမှာ စွဲ . . .စွာတည်ရှိမနေခဲ့လျှင် . . 'လင်းလက်ထွန်း'က ငြင်းစရာမရှိ . . .တ်အောင်ပြည့်စုံနေသူဖြစ်ပါ၏။

ဥပဓိရုပ်မှအစ အထက်တန်းကျစွာတည်ကြည် . . .ားခြင်းကြောင့် မြင်သူတိုင်းလေးစားဖွယ်ဖြစ်၏။ အပြောအ . . .ည်မွန်သိမ်မွေ့နူးညံ့၏။

ညာဏကို ချစ်သည့်စိတ်ကလွှမ်းမိုးနေခြင်း . . .င့် 'သု'သည် လင်းလက်ကိုလက်ထပ်လိုက်ရသည့်တိုင်အောင် . . .ာ်နှိုးစိတ်ကင်းဝေးလျက်ရှိနေလေသည်။

www.burmeseclassic.com



မင်္ဂလာဆောင်အခမ်းအနားကို ကုန်သည်ကြီးများဟိုတယ် (Traders Hotel) မှာ ကခမ်းတနားကျင်းပခဲ့ကြလေသည်။

ဘာအစီအစဉ်မျှလိုလေသေးမရှိအောင် ပြီးပြည့်စုံနေသည့်တိုင်အောင် . . 'သူ'က သက်မဲ့ကျောက်ဆစ်ရုပ်ကလေးပမာ . . ခံစားချက်အနှစ်ဗလာဖြစ်၏။

'ညာ'နှင့် သာလက်ထပ်ရခြင်းဖြစ်ခဲ့ပါလျှင် ဘယ် လောက်ပျော်ရွှင်ချမ်းမြေ့လိုက်ပါမည်လဲ။

'ညာ'ကို တမ်းတသတိရစိတ်ကြောင့် တစ်ချက်တစ်ချက်အကြည့်မှာ လင်းလက်ထွန်း၏နေရာတွင် 'ညာဏထင်'ကိုမြင်လျက် ကြည်လင်ရွှင်ပျသွားခဲ့ပြီးမှ . . .

'လင်းလက်'ပါလားဟု သတိဝင်လာချိန်မှာ မျက်နှာတလေး ချက်ချင်းပျက်ယွင်းသွားရတာ လင်းလက်သတိမထားမိပါ။

'ညာဏ'အမှတ်ဖြင့်ကြည့်ခြင်းကို 'သူ'က ချစ်မြတ်နိုးစွာလက်ခံသည်ဟုပဲ 'လင်းလက်'မှတ်ထင်ရှာလေသည်။

"ဟောဒီမှာ . . သူအတွက် ကိုယ်ရဲ့မင်္ဂလာဦးအထိမ်းအမှတ်လက်ဆောင်ပဲ သူရဲ့ ကိုယ် အမှတ်တရလုပ်ထားခဲ့





တာ"

"ဟင် . . ဘာတွေလဲ ကိုလင်း"

ကတ္တီပါဘူး ပြားပြားလှလှလေးထဲမှာအဖိုးတန်ည်းတွေပါရှိမှာ 'သူ' ရိပ်မိစွာ ယူဖို့လက်ကလေးတွန့်သွားရလေည်။

လက်ထပ်ပွဲမင်္ဂလာအခမ်းအနားပြီးတာနှင့် သက်တို့၏နေအိမ်ရှိရာ မန္တလေးသို့ 'သူ' လိုက်ပါလာခဲ့ရခြင်းဖြင့် . . 'သူ'စိတ်ထိခိုက်စွာ ခံစားရပါ၏။

မိဘနှစ်ပါးနှင့် မခွဲစဖူးခွဲခဲ့ရခြင်းကြောင့် အားတ် ဝမ်းနည်းစိတ်ကြီးစိုးကာ စိတ်ညှိုးငယ်ခြင်းအတွက် သူဖြည့်ပေးသည်လား။

"ဖွင့်ကြည့်လေ . . 'သူ'ရဲ့ သူအတွက် ကိုယ်ကိုယ်တိုင်ဒီဇိုင်းဆွဲပြီး အပ်ထားခဲ့ရတာ"

"သု မိဘတွေပေးတာက ပေးတာ သီးသန့်ပေါ့ 'သူ'ရဲ့ဒါက ကိုယ့်ရဲ့အချစ်တွေမေတ္တာတွေနဲ့ပေးတဲ့ မင်္ဂလာလက်ဆောင်၊ သူအတွက် တကူးတကလုပ်ထားတာ၊ သူမယူလို့ ဘယ်ဖြစ်မလဲ၊ ကဲ . . သု ဖွင့်မကြည့်ရင် ကိုယ်ပဲဖွင့်ပြမယ် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်က ရတနာဘူးမှ ခလုတ်ကလေးကို ဖိနှိပ်လိုက်သည်နှင့် အဖုံးလေးက ထောက်ခနဲ ပွင့်သွား၏။

အို . . 'သု' မျက်စိထဲမှာ မျက်လုံးလေး ဝိုင်း၏။

"တန်ဖိုးကြီးလိုက်တာ ကိုလင်းရယ်၊ မင်္ဂလာဆောင်စ ရိတ်ကလည်း အကုန်အကျအရမ်းများသွားတာ . . ဒီ ကြားထဲ . . ဒါတွေ . . ."

'သု'ပါးစပ်ကလေးကို လင်းလက်က ဖွဖွလေး ပိတ်ရင်း ခေါင်းလေးယမ်းခါပြုံးပြလေသည်။

"အကုန်အကျများတာတွေ ထည့်မပြောပါနဲ့ 'သု'ရယ် ကိုယ်က 'သုလေး'ကို အရမ်းချစ်လို့ တန်ဖိုးကြီးကြီးလား ပြီး လက်ထပ်ခဲ့တာပါ၊ ဦးတို့က ကိုယ့်ဆီကနေ ဘာတစ် ခုမှတောင်းဆိုခဲ့တာမဟုတ်ပါဘူး၊ အခု . . လုပ်ခဲ့တာ တွေအားလုံး ကိုယ့်စိတ်ကူးထဲကအတိုင်း ဖုံဖော်ခဲ့တာ ပါ၊ ကိုယ်တစ်ခုပဲ စိုးရိမ်ခဲ့တယ် သိလား"

'သု'က မျက်လွှာလေးပင့်ကြည့်၏။

ဘာကို သူ စိုးရိမ်တာလဲ။ 'သု'မသိချေ။

"ကိုယ့်ကို သု ချစ်မှချစ်ပါ့မလားလို့လေ"

'သု' ကဟျာကယာမျက်လွှာချ ခေါင်းလေးငုံ့၏။





မှာ လှိုင်းထ၏။

ဟင့်အင်း . . မမေးနဲ့။

အဲဒီစကားကို မမေးပါနဲ့ ကိုလင်းရယ်၊

ကိုလင်းစိတ်ချမ်းသာစေမယ့် အဖြေမျိုးပေးစ 'သု'မှာမရှိပါဘူး။

ပညာဝုဏ်၊ ဓနဝုဏ်၊ အဆင့်အတန်းအသိုင်း ခိုင်းတွေနဲ့ 'သု'ကို ချုပ်တိုင်လွှမ်းမိုးအနိုင်ယူလိုက်တာလို့ပဲ 'သု' တယ်။

'သု' . . သနားတာ 'ညာ'ပဲ၊ ညာဏထင်ပဲ။

'သု'ချစ်တာ 'ညာ'ပဲရှိခဲ့ပါတယ်၊

'သု'

လင်းလက်က 'သု'၏မေးဖျားလေးကို ဆွဲယူပင့် င်လိုက်၏။

'သု'က ခေါင်းကြောမာစွာ ပေကပ်နေဖို့ ကြိုး ပြီးမှ . . . .

"ဖေဖေစိတ်ချမ်းသာပါရစေ 'သု'ရယ်၊ ဘာပဲဖြစ်ဖြစ် . . ဖေဖေ့စကားကိုနားထောင်ခဲ့တဲ့အတွက် သမီးကို ဖေ ဖေ တျေးဇူးအရမ်းတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောစကားကို ကြားယောင်ကာ တင်းထားသောစိတ်တွေ 'သု'ဖြေလျော့ပေးရ၏။ အလိုက်သင့် ခေါင်းမော့ပေးလိုက်စဉ်မှာ 'သု'၏မျက်ဝန်းတွေက ဘယ်လိုမှပျော့ပျောင်းနေမှာ မဟုတ်ပါ။

"ကိုယ့်ကိုအဖြေတစ်ခုပေးလေ . . သု"

"သု . . ဘာဖြေရမှာလဲ"

"ကိုယ့်ကို 'သု' ချစ်၊မချစ်ဆိုတာလေ"

သု မဲ့ပြုံးလေးပြုံးကာ ရယ်လိုက်၏။

"ဖြစ်မှဖြစ်ရလေ . . ဦးလင်းလက်ထွန်းရယ်၊ အဲဒီစကားတွေမေးတာ ပြောတာ နောက်မကျလွန်းဘူးလား၊ အခု သုနဲ့ကိုလင်း လက်ထပ်ပြီးလို့ သုတောင် မန္တလေးကို ရောက်နေခဲ့ပြီပဲ"

"ဒါပေမဲ့ . . သု ဆီကအဖြေကို ကိုယ်မှမသိရသေးတာပဲ သုရဲ့"

"လိုအပ်သေးလို့လား ကိုလင်းရယ်"

"လိုတာပေါ့ သုရဲ့၊ ကိုယ်က သုကိုတကယ်ချစ်ခဲ့ရတာ၊ သုရဲ့ဓာတ်ပုံကိုမြင်ပြီးကတည်းက 'သု'ဆိုတဲ့နာမည် ဆန်းဆန်းနဲ့ကောင်မလေးကို စွဲလမ်းခဲ့ရတာ၊အဲဒီတော့





ကိုယ်ချစ်သလို 'သု'ဆီကအချစ်ကို လိုချင်တယ်၊ အဲဒါ. တကယ်ပြောတာ သု၊ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေး တစ်ယောက်ကိုမှချစ်ခဲ့ဖူးတာမဟုတ်ဘူး၊ ကိုယ်ချစ်တာ သု၊ ကိုယ်မြတ်နိုးတာ သုပဲ၊ ဟင် . . ကိုယ့်ကို ဘာလို့အဲဒီလောက်တောင် တအံ့တသြကြီးကြည့်နေရတာလဲ သုရဲ့"

ကြောင်ကြောင်လေးကြည့်နေရာမှ 'သု'ပြုံး၏။

"မိန်းမယူပြီးမှ အဲဒီမိန်းမကိုရည်းစားစကားပြောတဲ့သူ ဒီကမ္ဘာမှာရှိနေတာ အံ့သြလွန်းလို့ပါ၊ တကယ်ဆိုရင်အဲဒီစကားတွေကို ဟိုးအရင်လက်မထပ်ခင်ကတည်းက၊ ကိုလင်းပြောသင့်တာ"

လင်းလက် ရှက်ရယ်ရယ်သည့်အသံမှာ အားတွေလွှမ်းနေခဲ့လေသည်။

"ဆောရီးပဲ သုရယ်၊ ကိုယ့်ဘက်တမှားသွားရင် ခွင့်လွှတ်ပါ၊ ကိုယ်က . . ဟို . . တစ်ခါမှ . . မိန်းမ,မယူဖူးဘူးတော့ ဘယ်လိုပြောရမလဲ မသိခဲ့ဘူး"

'သု'မျက်ခုံးလေးပင့်တက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရေ ...

တစ်ခါမှ မိန်းမ မယူဘူးတော့တဲ့ ...

ကြည့် .. ပြောပုံက ....

"ရည်းစားတော့ထားဖူးမှာပါ ကိုလင်းရယ်"

"ဟင့်အင်း .. ကိုယ်ပြောပြီးပြီပဲ၊ ဒီလောကကြီးထဲ 'သု'ကိုပဲ ကိုယ်စိတ်ဝင်တစားနဲ့ချစ်ခဲ့မိတာ၊ ဘယ်သူ့ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး၊ ကြည့်ပါဦး .. သုရဲ့ ဒီ စိန်လော့ကက်ကလေးဘယ်လောက်လှသလဲဆိုတာ

လင်းလက်က စိန်လော့ကက်ကလေးကို ထု ပြ၏။ အင်္ဂလိပ်အက္ခရာ အယ်လ် (L) နှင့် (T) ကို အသည်းပုံထဲ ယှက်နွယ်ထားပါတဲ့ ပုံစံကလေး။

"အယ်လ် (L) က ကိုယ်နာမည် လင်းလက်ကို အ ကောက်လေ သုရဲ့၊ တီ(T) က 'သု'နာမည်ကို ယူ တာ"

စိန်က ခဲသားရောက်လက်ကာ ကြွတက် ၏။လက်ရာမြောက်လွန်းလှသောကြောင့် .. ဘာပုံစံလေးပါ ဟု မြင်သူတိုင်း ငေးမောကြည့်ချစ်ရပါ၏။

"ဟောဒီလော့ကက်ကို ဒီစိန်ကြိုးထဲထည့်ပြီးဆွဲထား





သုရဲ့၊ ပေး .. ကိုယ်ဆွဲပေးမယ်"

လင်းလက်က စိန်ကြိုးထဲ စိန်လော့ကက်ချိတ် ကာ ဆွဲပေးဖို့ပြင်လေသည်။

"ဟာ .. ဒီလောက်တန်ဖိုးကြီးတာကြီးကို အမြဲတမ်းဆွဲ ထားလို့ ဘယ်ကောင်းပါ့မလဲ ကိုလင်းရဲ့ .. မဟုတ် တာ"

"ဘာလို့မကောင်းရမှာလဲ သုရဲ့၊ ဒါ .. ကိုယ့်ရဲ့မင်္ဂလာ ဦး အထိမ်းအမှတ်ပေးတဲ့ဟာ၊ ဟောဒါက နှစ်တန်းသွား စိန်လက်ကောက်နဲ့ ဘဲဥပုံ စိန်လက်စွပ်လေ၊ အဲဒါ .. ထက်ထက်မိုးဦးဝတ်လို့ ထက်ထက်လက်စွပ်ပုံလို့ပြော ကြတယ်တဲ့၊ ဆိုင်ကပြောပြတာ၊ တချို့ကျတော့ အမေရိ ကင်(န်)စိန်လော့ကက်နဲ့လုပ်ထားကြတာ၊ အဲဒီလိုမျိုးလုပ် ပါလားဆိုလို့ ကိုယ်တောင်စိတ်ဆိုးခဲ့ရသေးတယ်"

"ဟင် .. ဘာလို့စိတ်ဆိုးရတာလဲ"

"စိတ်ဆိုးတာပေါ့ .. ကိုယ်က 'သု'ကို စိန်အစစ်တွေနဲ့ပဲ ဆင်ချင်တာကိုး .. 'သု'ရဲ့"

'သု'နှင့် 'လင်းလက်'တို့အခန်းနဘေးမှဖြတ် ောက်ခဲ့သော 'မြသိင်္ဂီ'၏ခြေလှမ်းတွေက တုံ့ခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်အစစ်တွေ . . . တဲ့။

နားနှင့်ဆတ်ဆတ်ကြားလိုက်ရသောပြေ
မောင်ဖြစ်သူ၏အခန်းဘက် ငဲ့ခနဲ ကြည့်မိပြီးဖြစ်သွား၏။

ဖြစ်ချင်တော့ . . အခန်းတံခါးတစ်ချပ်က
ချာစွာပိတ်ထားခြင်းမရှိတာကြောင့် လေအတိုက်မှာ ခပ်ဟ
နေခဲ့၏။

မြသိင်္ဂီက နောက်နှစ်လှမ်းသုံးလှမ်းပြန်
ကာ ကြည့်၏။

ဟင် . . . .

မြသိင်္ဂီ၏မျက်စိက လက်လက်ဖြာနေပါတဲ့ စိန်ကြ
စိန်လော့ကက်ကို တန်းခနဲမြင်တွေ့သွား၏။

လင်းလက်က သူ့မိန်းမ၏လည်ပင်းမှာ
တိုင်ကိုယ်ကျဆွဲပေးနေသည်ပါလား။

"လှလိုက်တာ သုရယ်၊ ကြည့်ပါဦး ကိုယ့်မိန်းမနဲ့
ကိုလှတာပဲ"

"လှတာတော့ လှတယ်၊ ဒါပေမဲ့ . . အမြတမ်းဝတ်
တော့မကောင်းဘူး ကိုလင်းရဲ့၊ တန်ဖိုးကြီးတော့
စနှစ်လုံးစ ပြုတ်ကျရင်တောင် တန်ဖိုးသေးမှာ





ဘူး"

"ဒါတော့ . . ."

"သိမ်းထားလိုက်မယ်လေ . . သွားစရာ လာစရာကိစ္စ
မှ 'သု'ထုတ်ဆွဲပါမယ်"

မြသိင်္ဂီက 'သု'ကို မနာလိုဝန်တိုလှစွာ မျက်
စောင်းထိုးလျက် ခြေဆောင့်ထွက်ခဲ့လေသည်။

ယခင်တဆိုလျှင် မသိင်္ဂီအတွက်ဟု ဦးဦးဖျား
ဖျားသတိရစွာ ဝယ်ခြမ်းပေးခဲ့သော လင်းလက်က ယခုတော့
မြသိင်္ဂီကို ခြယ်နားကပ်လောက်တောင်မှ ဆင်ဖို့ သတိမရတော့ပါ။

သုမှ သုဖြစ်နေပြီ။

မောင်ဖြစ်သူအပေါ် မကျေမနပ်ဖြစ်စိတ်က
'သု'ထံသို့ ဦးတည်သွား၏။

ဒီမိန်းမ အိမ်ပေါ်တောင်ရောက်မယ်မကြာ
သေးဘူး ပစ္စည်းတွေ သူ့အတွက်ကြီးဖြစ်ကုန်ပြီ . . .

ဝန်တိုမစ္ဆေရစိတ်က မြသိင်္ဂီ၏ ငယ်ထိပ်သို့
ရောက်၏။ ဒေါသစိတ်က နှလုံးသားကို တဒိတ်ဒိတ်ပူလောင်စေ
လေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၀၂)

'သူ'အိပ်ရာမှ နိုးချိန်မှာ အနီး၌'လင်းလက်'ကို တွေ့ရသဖြင့် အံ့ဩသွား၏။

ဘုရားရေ . . .

သူ . . အိပ်ရာထနောက်ကျနေခဲ့ပြီလား။

နာရီကိုအကြည့်ရောက်တော့ . . ခြောက်နာရီ။

ဟို . . အစောကြီးရှိပါသေးလား။

အိမ်မှာဆိုလျှင်တော့ . . 'သူ'ပြန်လှဲချပြီး ပြန်အိပ်လိုက်ပြီဖြစ်၏။ 'သူ'၏အစောဆုံးအိပ်ရာထချိန်က ခုနစ်နာရီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ . . . သူများအိမ်လေ။

တကယ့်ကို . . သူစိမ်းတစ်ရံဆံများ၏အလ

သို့ 'သု'တစ်ယောက်တည်းရောက်လာခဲ့ရတာဖြစ်၏။

လင်းလက်၏မိသားစုက 'သု'တို့၏မင်

ဆောင်သို့လာရောက်ခဲ့ကြပေမဲ့ . . 'သု'နှင့်မြင်ဖူးတွေ့ဖူးရုံမျှဖြ

လင်းလက်မှာ အမေမုဆိုးမကြီးနှင့် အစ်

ယောက်သာရှိပါသည်။



ဒါက လင်းလက်၏အမေ မဒေါ်တင်နွယ်

ဒါက အစ်မ မြသီဂီ။

မြသီဂီ၏ခင်ပွန်း လင်းလက်၏ယောက်

ကျော်ဝဏ္ဏဆိုတာလောက်သာ 'သု'သိခဲ့ရခြင်းဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက်အပြုံးယဲ့ယဲ့မျှ

ကြည့်နှုတ်ဆက်အကဲခတ်မိကြရုံကလွဲ၍ တရင်းတနှီးခင်မင်

ကြသေးတာက အဆန်းမှမဟုတ်တာ။

လင်းလက်နှင့်တောင်မှ 'သု'ကမန္တလေးနေ

ရောက်မှ တရင်းတနှီးစကားပြောဆို ကျွမ်းဝင်လာခဲ့ခြင်းဖြ

လင်းလက်ကလည်း . . မိမိ၏နောက်သို့

ထက်ကြပ်မကွာလိုက်ပါလာခဲ့ရသူလေး စိတ်မညှိုးငယ်ရစေ





ထူးကို ဂရုပြုနေခဲ့ရှာသည်။

'သု' ဘာလုပ်ချင်သလဲ . . .

'သု'ဘာလိုချင်သလဲ . . .

စောင့်ကြည့်အကဲခတ်နေခြင်းက 'သု'မျက်လုံး အရွှေ့မှအစ ဂရုစိုက်နေသလိုဖြစ်သဖြင့် . 'သု'တောင်မနေတတ် မထိုင်တတ်ဖြစ်လာရကာလင်းလက်ကိုအားနာလာရသည်အထိပါ။

ယခုလည်း . . .

လင်းလက် ဘယ်ရောက်နေသလဲ၊ သု . . အိပ်ရာပေါ်မှထထိုင်ပြီး . . ဟိုဒီ ကြည့်မိ၏။

ကြည့်စမ်း . . .

တစ်လောကလုံးမှာ ကိုယ်တစ်ယောက်တည်း၊ ဘယ်လောက်များ စိတ်အားငယ်စရာကောင်းလိုက်ပါသလဲ။

ကိုယ့်အိမ်မဟုတ်ဘူးဆိုသည့်အသိက 'သု'၏ စိတ်ကို ကျဉ်းကျပ်စေပါသောအဖြစ်များ။

သု . . ဘာကိုလုပ်သင့်၍ ဘာကိုမလုပ်သင့်ဘူး ဆိုတာပင် 'သု'ဝေခွဲ၍မရပါ။ သု . . မသိပါ။

ညာရယ် . . . .

ညာဏာထင်ကိုသတိရစိတ်က လှစ်ခနဲပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။

'ညာ'နှင့်ကျတော့ နှစ်ရှည်လများရင်းနှီးကျွမ်းဝင်စွာချစ်ခဲ့ကြသော ချစ်သူတွေလေ။

'ညာ'စိတ်ကို 'သု'သိ၏။ 'သု'၏စိတ်ကို 'ညာဏထင်'သာအသိဆုံးဖြစ်၏။

'လင်းလက်'နှင့်က လက်ထပ်ပြီးဖြစ်သောခင်ပွန်းပေမဲ့ . . စိတ်ချင်းဆက်နွယ်၍မရသေးပါ။ တစ်ယောက်၏စိတ်ကို တစ်ယောက်တသိအောင် ယခုမှကြိုးစားနေရတာမို့ . . စိတ်ထဲမှာ စိမ်းနေလေသည်။

ပြီးတော့ . . .

'ညာ'မေမေ၏ရိုးသား ဖြူစင်သောအကြည့်နှင့် 'သု'အပေါ်မှာနှစ်လိုမှုများစွာရှိခြင်းက ညာဏ၏မေမေနှင့် 'သု'၏အကြားမှာ မေတ္တာဆက်နွယ်မှုရှိစေကာ ခဏအတွင်းမှာပင်ခင်မင် ရင်းနှီးသွားခဲ့ကြပါသည်။

လင်းလက်၏မေမေနှင့် လင်းလက်၏အစ်မကျတော့ 'သု'ကိုမြင်သည်နှင့် ဘာတွေဘယ်လိုဝတ်ဆင်ထားသလဲဆိုသောအကြည့်ဖြင့် ပြင်ဆင်ထားသောဆံပင်မှအစ ခြေဖျားအဆုံးတရွေ့ရွေ့အတဲခတ်ကြည့်သောအကြည့်မျက်ဝန်းများမှာအကဲခတ်





ကြည့်ဖြင့်ထုံမွှန်းလျက် အားပြိုင်မှုတွေ ပြိုင်ဆိုင်လိုစိတ်တွေကိုအထင်းသားမြင်တွေ့နေရခြင်းကစိတ်ပျက်စရာကောင်းလှလေသည်။

'သု'က အခန်းတံခါးအဖွင့်မှာ ကောင်မလေးတစ်ယောက်နံရံမှီရပ်နေတာမြင်သဖြင့် . . ဒိတ်ခနဲ လန့်သွားရလေသည်။

သူမကျတော့ . . 'သု'တံခါးဖွင့်လိုက်သဖြင့် ဝမ်းသာအားရဖြစ်သွားပုံပေါ်ပါသည်။

"မမ . . တအားကိုလန့်သွားတာပဲနော် . . အားနာလိုက်တာ"

'သု'လန့်သွားတာကိုပင် သူ့ခမျာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိဖြစ်သွာပုံရ၏။ အားနာပုံလေးတ မျက်နှာမှာအထင်းသားပေါ်လေသည်။

"အခန်းပေါက်ဝမှာ ဒီလိုကြီးလာရပ်နေမယ်လို့ ထင်မှမထင်ထားခဲ့တာ"

'သု'က စိတ်လွတ်လပ်စွာနေလိုသူပဲဖြစ်ပါသည်။ တစ်စုံတစ်ယောက်က စောင့်ကြည့်နေတာမျိုးလောက်မုန်းတာ မရှိပါ။

"ဟိုဒင်း . . မမရဲ့၊ ကိုကိုကြီးက မမကိုစောင့်ခိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ထားရီ လာစောင့်နေရတာ"

"ထားရီ . . အဲဒါ . . နင့်နာမည်လား"

"ဟုတ်"

"ကိုကိုကြီး . . ဆိုတာက . ."

"ကိုကိုကြီး လင်းလက်ထွန်းကိုပြောတာ"

"ဪ"

တခြားတစ်ယောက်ကစောင့်ကြည့်ခိုင်းထားတာလားဟု ထိတ်သွားသောစိတ်က ယခုမှ ပင့်သက်ချနိုင်လေသည်။

"မမနိုးလာရင် တစ်ယောက်တည်း ကြောင်နေမှာစိုးလို့ ကြည့်နေတဲ့၊ ဘာလုပ်ပေးရမလဲ မေးတဲ့ . ."

"သူကရော . ."

"ကိုကိုကြီးကိုပြောတာလား"

"အေး"

"ဟိုမှာ"

ထားရီညွှန်ပြသောအခန်းကို 'သု' က ခေါင်းလေးငဲ့ကြည့်၏။

"မမ . . မနက်စာစားတော့မလား"





'သု' ပင့်သက်ချမိလေသည်။

'သု'တို့အိမ်မှာကျတော့ 'သု'နှစ်သက်မည့်အအသောက်ကိုထမင်းစားပွဲခုံပေါ်မှာ အသင့်အုပ်ဆိုင်းထားလေ့ပါသည်။

'သု' ထချင်သည့်အချိန်မှာ ထလာပြီး အဆင်ဖွင့်စားရုံသာဖြစ်၏။ စိတ်လွတ်ကိုယ်လွတ်ရှိခဲ့တာလေ။

ယခုတော့ . . စားချင်စိတ်ပင်မရှိပါ။

"နင်သွားနှင့် ထားရီ"

"ဟင် . . ထားရီ ဘာလုပ်ပေးရဦးမလဲ"

"မလိုဘူး . . ငါ သူ့ကိုသွားကြည့်ဦးမယ်"

'သု'က ထားရီညွှန်လိုက်သောအခန်းဘက်သို့က်လာခဲ့၏။ ဖိပ်ပျော်နေသော 'သု'ကိုထားရစ်ခဲ့ပြီး . . သူအခန်းထဲ ဘာလာလုပ်တာလဲ၊ လေ့ကျင့်ခန်းလုပ်တာလား၊ အကိစ္စတစ်ခုခုလုပ်နေတာလား သိချင်လေသည်။

"ဟင်"

'သု' တံခါးဖွင့်ဝင်အသွားမှာ သပ္ပါယ်လှသောရားစင်ကိုဖူးတွေ့လိုက်ရ၏။

ဘုရားစင်ရှေ့မှာ ငြိမ်သက်စွာ တရားထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော 'လင်းလက်'ကိုတွေ့မြင်ရသောအခါ အံ့အားအသင့်ကြီးသင့်သွားရလေသည်။

မျက်လွှာချကာ တရားရှုမှတ်နေသော လင်းလက်၏ပုံစံက တည်ငြိမ်အေးချမ်းလှပါသည်။

'သူ'သည် . . . သူနှင့်သည် လင်းလက်ကို ပထမဦးဆုံးအကြိမ်အဖြစ် အံ့သြစိတ်ဖြင့် လေးစားသွားခဲ့ရလေသည်။ ဒီအရွယ်လေးဖြင့် ဘုရား၊ တရားမြဲသူက ရှာမှရှားတာလေ။

ကြော် . . ဒါကြောင့် သူ့မျက်နှာသွင်ပြင်က တည်ငြိမ်အေးချမ်းနေခဲ့သည်ပဲ။

'သူ' စိတ်ထဲမှာ လေးလံနေသမျှအားလုံး ပေါ့ပါးကာ ကျေနပ်စိတ်ဝင်လေသည်။

လင်းလက် တရားထိုင်နေသည့်နေရာ၏အနောက်ဘက်နားမှာ ပုဆစ်တုပ်ထိုင်ကာ ဘုရားဦးချဝတ်ပြုရင်း တစ်ခါမှ တရားမထိုင်ဖူးခြင်းအတွက် ရှက်ပြုံးလေးပြုံးမိလေသည်။

➤ ➤ ➤



အခန်း(၁၃)

"စိန်ထည်တွေက တစ်ခုတည်းမဟုတ်ဘူးနော် မေမေ၊ နှစ်မျိုးသုံးမျိုးအနည်းဆုံးကိုရှိမှာ၊ စိန်ရောင်တွေဆိုတာ အခန်းထဲမှာ ဝင်းလက်နေတာပဲ၊အဲဒါ 'သူ'အတွက် မင်္ဂလာဦးလက်ဆောင်တဲ့၊ မေမေ့သားက သူ့မိန်းမကိုဆင်နေတာ . .သိရဲ့လား"

ထမင်းစားခန်းသို့ ဆင်းလာခဲ့သော'သူ'၏ခြေသံလေးများ တုံ့ဆိုင်းသွား၏။ ထမင်းစားခန်းထဲမှာ မြသီဂီနှင့်သူ့အမေက သူတို့အကြောင်းပြောဆိုနေချိန်မှာ ဝင်သွားဖို့မသင့်တော်သဖြင့် အခန်းပေါက်ဝမှာပင် ရပ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မလား .. သိင်္ဂီရယ်၊ သမီးစိတ်ထင်လို့ဖြစ်
လိမ့်မယ်၊ တစ်ခုခုဆို .. သားက မေမေ့ကိုအသိ
တိုင်ပင်နေကျပဲဟာ"

"အခုက သူကကြိုက်တဲ့မိန်းမယူလာခဲ့ပြီလေ၊ မေမေ
ဘောတူတဲ့သူကို လှည့်တောင်မှမကြည့်တဲ့ဟာ၊ သူ
ကြိုက်ဆင်ပြီပေါ့ မေမေရဲ့"

"ဒါပေမဲ့ .. စိန့် ထည်နှစ်မျိုးသုံးမျိုးဆိုရင် ခုနေ
သိန်းရာနဲ့ချီတန်ဖိုးရှိနေတာနော် သိင်္ဂီ"

"အဲဒါလေ .. အဲဒါ သိင်္ဂီမကျေနပ်တာပေါ့ မေမေ

"ဟင် .. မမ၊ လာလေ"

ထားရီ၏အသံကို အနီးကပ်ကြားလိုက်ရသဖြ
'သု'ကိုယ်လေး တုန်သည်အထိ လန့်သွား၏။

ထားရီတျတော့ ရှေ့နောက်ဆင်ခြင်တိုင်း
နိုင်သောဉာဏ်အင်အားနည်းပါးလှပါသည်။ ထမင်းစားခန်း
'သု' ကိုမြင်လိုက်ရတာနှင့် ဝမ်းသာအားရခေါ်လိုက်မိတာပါ

မြသိင်္ဂီနှင့် ဒေါ်တင်နွယ်ဝင်းတို့ကတစ်ယော
မျက်နှာတစ်ယောက်ကြည့်ကာ ဖွဲ့အားသင့်သွားကြလျက်မြသိင်္ဂီ
ဝုန်းခနဲ ထကာထွက်လာခဲ့တာ 'သု'မသိပါ။





"ရတယ် ထားရီ၊ မမ .. သူနဲ့မှ ပြန်ဆင်းလာခဲ့တော့
မယ်"

'သု'က လှစ်ခနဲလှည့်ထွက်ခဲ့၏။

"သု .. ဆာနေမှာပေါ့၊ သွားလေ .. တစ်ခုခုသွားစား
ထား၊ ကိုလင်း .. ခဏနေ ဆင်းလာခဲ့မယ်"

လင်းလက်က 'သု'ကိုမြင်သွားသဖြင့် ဘုရား
တ်ပြုရာမှ လှည့်ပြောခဲ့ခြင်းကြောင့် 'သု'ဆင်းလာခဲ့ရတာပါ။

"ဟင် .. ကြည့်စမ်း၊ ဒီမှာလာပြီး ချောင်းနားထောင်နေ
တယ်ပေါ့လေ၊ မေမေကြည့်ပါဦး .. ဟောဒီမှာ တယ်
သူလဲလို့"

ဒေါသတကြီးအော်ဟစ်ပြောဆိုသံက 'သု'၏
ားထဲသို့ ခါးသီးစွာ ဝင်ရောက်လာခဲ့၏။

"ဟဲ့ .. ဘာလို့ပြောတာလဲ၊ မပြောနဲ့ .. ရပ်"

'သု'မပြောပါ။

ပြောတာ မဟုတ်ရပါ။

သို့သော် .. စိတ်ဆင်းရဲလှစွာ ခပ်သုတ်သုတ်
ှည့်ထွက်ခဲ့ခြင်းကြောင့် ခြေသွက်သွားတာတော့ အမှန်ပင်ဖြစ်
ါ၏၊ သူခိုးဖမ်းသလို အော်ဟစ်သံကြောင့် 'သု' နေရာမှာပင်မိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟင် . . သုနန္ဒာ"

ဒေါ်တင်နွယ်ဝင်းက 'သု'ကိုမြင်တွေ့သွား
အခါ အရမ်းကိုအံ့အားသင့်သွား၏။ 'သု' ရှက်လှစွာ ရင်
တဒိန်းဒိန်း အခုန်မြန်လျက် တစ်ကိုယ်လုံး ထူပူကာတုန်နေ
သည်။

"မမေ့ချွေးမက သမီးတို့စကားပြောတာကို လာချော
နားထောင်နေတာ မေမေ"

မိခင်ဖြစ်သူက သမီးကိုတစ်လှည့် ချွေး
သစ်စက်စက်ကိုတစ်လှည့်ကြည့်ကာ ဘာမှနားမလည်နိုင်သလို
နေချိန်မှာ . . မြသီရိက 'သု'ကို မေးဆတ်ပြောပုံက မုန်းတီးမှု
ဖြင့် ပြည့်နေခဲ့၏။

"မဟုတ်ဘူး . . သု ချောင်းနားထောင်နေတာမဟုတ်
ပါဘူး။ 'သု'ကို ကိုလင်းက သွားနှင့်ဆိုလို့ 'သု'လက်
ရည်သောက်ဖို့ ဆင်းလာခဲ့တာပါ"

'သု'အသံက ရှက်စိတ်မှာဒေါသရောကာ အ
တွေတုန်နေခဲ့၏။ ဒေါ်တင်နွယ်ဝင်းက ဒါကိုပဲ . . မှုမမှန်တာ
သတိမှတ်ကာ . . 'သု'ကို မျက်နှာထားတင်းတင်းဖြင့် စူးစိုက်ကြ





တ်ပုံက 'သု'တစ်ကိုယ်လုံး လွင့်ထွက်သွားမတတ်ပါ။

"ဆင်းလာပြီးမှတော့ ဝင်လာခဲ့ပေါ့၊ ဘာလို့အခန်းပေါက်ဝမှာရပ်နေတာလဲ၊ ဒါ . . မရိုးသားတာပဲ"

မြသီရိအသံက စူးရှကာ ဒေါသဖြင့် အသံတွေ
နေ၏။

"ဟုတ်တယ် . . ဘာလို့နားထောင်နေတာလဲ သုနန္ဒာ၊သူများစကားပြောတာဆိုတာကို ခိုးနားထောင်တာချောင်းနားထောင်တာလောက် အောက်တန်းကျတာမရှိဘူး၊ အဆင့်မရှိဘူး၊ ယဉ်ကျေးမှုမရှိဘူးဆိုတာ ညည်းမသိဘူးလား"

'သု' ရင်ထဲမှာ မခံချင်စိတ် ဝုန်းခနဲထသွား၏။
ါတိုစော်ကားလိုက်တာ။ 'သု'မျက်နှာမှာ မခံချင်စိတ်ဖြင့်
င်း၏။

"ဟုတ်လား . . ဒါဖြင့် မမမြသီရိက 'သု'တို့အခန်းပေါက်ဝကနေ လာချောင်းနားထောင်ခဲ့တာလည်း အဆင့်မရှိတာပေါ့၊ အောက်တန်းကျခဲ့တာပေါ့၊ ယဉ်ကျေးမှုမရှိခဲ့တာပေါ့ . . ဟုတ်လား မေမေ"

မြသီရိ၏မျက်နှာ ကွက်ခနဲပျက်သွား၏။ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်နွယ်ဝင်း မျက်မှောင်ကုတ်လေသည်။

"သူများလင်မယားအိပ်ခန်းထဲမှာ စကားပြောတာကို ချောင်းနားထောင်တာလောက်ရိုင်းတာ မရှိတော့ပါဘူး။ အခု . . သုက လက်ဖက်ရည်သောက်ဆင်းလာခဲ့တာ၊ ထမင်းစားခန်းပေါက်အရောက်မှာ သုတို့အကြောင်း ပြောနေသံကြားလို့ အံ့အားသင့်သွားခဲ့တာပါ၊ 'သု'တို့အတင်းပြောနေတဲ့သူတွေ ရှက်သွားမှာစိုးလို့ 'သု' ဝင်မလာခဲ့တာပါ။ အဲဒါ . . 'သု'မှားသလား"

မှားတယ် . . .

ညည်းမှားတာပေါ့ သုနန္ဒာရဲ့။

ယောက္ခမကိုခံပြောနေတာကိုက ညည်းမှားနေပြီပဲ။ ရင်ထဲမှ ဒေါ်သစိတ်က မျက်နှာပြင်ထက် တက်၏။

ဒေါ်တင်နွယ်ဝင်းက ဒေါသဖြင့် သုကို ဆတ်ခနဲလှည့်အကြည့် လှေကားမှဆင်းလာနေသော သား လင်းလက်ထွန်းကို မြင်တွေ့သွားခဲ့၏။

ထိုအခါ . . ဒေါသမျက်နှာက ခဏအတွင်းမှာပင် ပျားရည်ဆမ်းမျက်နှာဖြစ်ကာ ဒေါသတွေလျော့ကျသွားလေသည်။





"ကဲပါကွယ် . . မှားတယ် မှန်တယ်တွေထားလိုက်ပါတော့၊ မကောင်းတာက ဟိုကောင်မလေး မကောင်းတာ၊ ထားရီ မဟုတ်တာ၊ ဘယ့်နဲ့ကွယ် . . 'သု'က ရောက်ခါစမှာ စိမ်းနေသေးလို့ ဝင်မလာရဲရင် မမရေလာ . . ဘာညာခေါ်သင့်တယ်၊ အခုတော့ အလန့်တကြားအော်တော့ သမီးသိဂီအထင်လွဲစရာဖြစ်တာပေါ့၊ ကဲ . . တော်တော် . . သားလည်းလာပြီ၊ သမီးနဲ့သားတို့ သွားစားသောက်ကြ၊ မေမေတို့က ပြီးပါပြီ၊ သွား . . သွား"

ဒေါ်တင်နွယ်ဝင်းက 'သု'ကို ချော့မော့ပြောဆိုနေရသောအနေအထားမျိုးဖြင့် 'သု'၏ဆံစကို သပ်တင်ပြီးချစ်စနိုး အမူအရာပြုပုံက လင်းလက်စိတ်ထဲ၌ မေမေ့ခမျာ ချွေးမလေးကို ချစ်ရှာတယ် အထင်ရောက်စေလျက် 'သု'ဘာဖြစ်နေတာလဲဟု အကြည့်ရောက်စေခဲ့ပါသည်။

"ဘာဖြစ်လို့လဲဟင် . . သု"

လင်းလက်က 'သု'၏လက်ကိုဆုပ်ကိုင်လိုက်စဉ်မှာ သု၏လက်တွေအေးစက်နေသဖြင့် လင်းလက်လန့်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“မျက်နှာလည်းမကောင်းဘူး . . မေမေနဲ့ သု ဘာဖြစ်ကြ တာလဲ၊ ကြည့်စမ်း . . လက်တွေလည်းအေးစက်နေတာ ပဲ”

သု . . ဘာပြောရမလဲ။

သု . . ဘာပြောသင့်ပါသလဲ။

သု . . ကြားရသမျှပြောလျှင် သားအမိ မောင် နှမတွေအကြားမှာ ‘သု’တပဲ ရန်တိုက်ပေးသလိုဖြစ်ရမှာပါ။

သု . . မချိပြုံးလေး ပြုံးပြီး ခေါင်းလေးခါ၏။ ခေါ်တင်နွယ်ဝင်း၏လေသံအတိုင်းပဲ ‘သု’ ဖြေရလေသည်။

“မဖြစ်ပါဘူး . . သုက စိမ်းပြီးကြောက်နေလို့ မေမေတို့ ဆီမဝင်ရဲခဲ့တာကို ပြောနေတာပါ”

“ခြော် . . သုရယ်၊ ဘာကြောက်စရာရှိသလဲ၊ တခြားလူ တွေမှ မဟုတ်တာ”

“ဒါပေမဲ့ . . သုကြောက်တယ် ကိုလင်း၊ မေမေတို့မသိဘဲ တို့ကို သုက ခုမှမြင်ဖူးတွေဆက်ဆံရတာလေ”

“ကြာတော့လည်း ရင်းနှီးသွားမှာပေါ့ ‘သု’ရယ်၊ သု စိတ် ချမ်းသာအောင်နေနော်၊ ခိုင်းစရာရှိရင် ထားရီကိုခေါ် ‘သု’အတွက် ထားရီကို စပါယ်ရှယ်ထားပေးထားတာ





သုရဲ့ အနားမှာခေါ်ထားပေါ့”

“ဟင့်အင်း . . ရပါတယ်၊ လူစိမ်းတစ်ယောက်အနားမှာ ရှိနေရင် သု မနေတတ်ပါဘူး၊ လောလောဆယ်မှာတော့ ‘သု’တစ်ယောက်တည်းပဲနေပါရစေ ကိုလင်းရယ်”

သုက . . မငိုမိအောင် အားတင်းပြောရင်းမှ ာ်ရည်စို့သည်အထိ ရင်ထဲမှာ ကြေကွဲဝမ်းနည်းနေမိလေသည်။

“ကောင်းပြီလေ . . သု သဘောအတိုင်းပဲပေါ့ . . ဟုတ် လား”

လင်းလက်က ‘သု’ကိုချစ်မြတ်နိုးရှာသည်။ သု ာ်နှာမညှိုးရအောင် ဂရုတစိုက်ရှိခြင်းတဝင်, မိခင်နှင့်အစ်မ၏ ာ်ထဲ ဘဝင်မကျရှိစေတာ ‘သု’တို့ မသိခဲ့ကြပါ။

မိဘတွေကိုလွမ်းတိုင်း . . ‘သု’ ညှိုးငယ်စိတ်ဝင် ာ မျက်ရည်ကျမိခြင်းက ဤအိမ်မှာ အပြစ်တစ်ခုလိုဖြစ်လေ ည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၄)

"အမယ်လေး . . 'လင်း'တို့ ဘယ်လိုမိန်းမမျိုး ယူလာတယ်မသိပါဘူး လှိုင်ရယ်၊ သူ့မျက်နှာမြင်လိုက်ရရင် စိတ်ဆင်းရဲသွားရလောက်အောင် စိတ်ညစ်ပါတယ်၊ တကယ်ပါ"

'သု'သည် ပန်းမျိုးစေ့ပင်တွေပျိုးနေသည့်နေ
မှ ကြားလိုက်ရသောစကားသံကြောင့် ခေါင်းလေးထောင်မတ်
ားရလျက် ထားရှိနှင့်အကြည့်ချင်းဆုံမိသွား၏။

'ထားရှိ'လက်တို့ပြခြင်းကြောင့် ပန်းခြံဘက်
တ်ထားသောဝရန်တာပေါ်မှာ ညှိုသည်မိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် စကားပြောနေသောမြသိင်္ဂီကို တစ်စွန်းတစ်စလှမ်းမြင်ရလေသည်။

ထို့အတူ .. မြသိင်္ဂီတို့ကလည်း 'သု'ကိုမြင်နိုင်လောက်သောအနေအထားမှာရှိနေပါသည်။ 'သု'ကြားရအောင်တ မင်ကိုပြောကြောင်း အသိသာကြီးပါ။

"ဘာဖြစ်လို့လဲ သိင်္ဂီရဲ့၊ ဘာလို့စိတ်ဆင်းရဲရတာလဲ .. မတည့်ကြလို့လား"

တမင်ကိုလုပ်ယူပြောသောအသံရှင်ကို ထားရီတ မနှစ်သက်ဟန်မျက်နှာပြုလျက်မေးလေးဆတ်ပြ၏။

"သူ့နာမည်က လှိုင်ထိဝ်ထားတဲ့၊ မေမေကြီးက ကိုကိုကြီးနဲ့ သဘောတူထားခဲ့တာပေါ့ မမရဲ့"

"ဩော်"

ထားရီ ခပ်တိုးတိုးပြော၏။ 'သု'စိတ်မောလှစွာပင့်သက်ချမိလေသည်။

အစကတည်းက အဲဒီမိန်းကလေးကိုပဲယူလိုက်ရောပေါ့ ကိုလင်းရယ်။ ခုတော့ .. 'သု'၏နှလုံးသားများ ထိခိုက်နာကျင်ခံစားရပါပြီ။

"မတည့်တာလောက်ကတော့ သိင်္ဂီက တည့်အောင်ညှိယူ





ပါတယ် လှိုင်ရယ်၊ ခုဟာက .. ကိုယ့်တို့မောင် လင်းလက်က သူ့ကိုပဲ မတရားသိမ်းပိုက်ထားလို့ စိတ်ဆင်းရဲနေရတဲ့မျက်နှာမျိုးနဲ့၊ အမြဲတမ်း တမှိုင်မှိုင်တွေတွေဖြစ်နေတာ၊ မသိရင် .. ယောက္ခမနဲ့ယောက်မ မိသားစုက ဝိုင်းနှိပ်စက်ထားတဲ့ပုံစံမျိုးနဲ့လေ၊ မေမေဆိုတာတော်တော့်ကို စိတ်ပျက်နေရှာတာ"

"လှိုင် သိသလောက်တော့ လင်းမှာချစ်သူရှိနေလို့ လှိုင်နဲ့ကမ်းလှမ်းထားတာကိုတောင် ဖျက်ခဲ့ကြရတာပဲ သိင်္ဂီတို့ပဲပြောခဲ့တာလေ"

"အဲဒါ .. ပြောတာပေါ့ ယောက်မရယ်၊ လှိုင်နဲ့သာလက်ထပ်ခဲ့ရင် ဘယ်လောက်အဆင်ပြေလိုက်မလဲ၊ ခုတော့ လင်းလက်လေ .. သူချစ်လှချေရဲ့ ကြိုက်လှချေရဲ့ဆိုတဲ့သူက 'လင်း'မှာပစ္စည်းဥစ္စာရှိမှန်းသိလို့လက်ထပ်ခဲ့တာကလွဲရင် 'လင်း'ကိုချစ်တဲ့စိတ် လုံးဝကိုမပါလာခဲ့တာ"

"ဟင် .. ဟုတ်လား၊ သိင်္ဂီ စိတ်ထင်လို့များလား"

"စိတ်ထင်တာဟုတ်မလား .. သိင်္ဂီကမျက်မြင်ကိုယ်တွေ့ကိုတွေ့ခဲ့မြင်ခဲ့ရတာ၊ ဘယ်သတို့သမီးက ပွဲထုတ်က



www.burmeseclassic.com

www.burmeseclassic.com



မှာငိုတာ လှိုင်မြင်ဖူးလို့လဲ . . သူငို တယ်ရှင့်၊ ကဲ . ဘယ်လောက်ရှုပ်ပျက်လိုက်သလဲ"

"ဟင် . . အဲဒီလောက်တောင်ပဲလား"

'သု' ချာခနဲလှည့်ပြေးလာခဲ့၏။ ထားရီထံ 'မမ ့မမ'နှင့်ခေါ်သံကိုကြားရပေမဲ့ 'သု'လုံးဝ လှည့်မကြည့်တော့ပါ။

ထားရီဝင်လိုက်မလာနိုင်အောင် အခန်းတံခါးကို အတွင်းမှ လော့(ခ်)ချပြီး အိပ်ရာပေါ်မှာ လှဲငိုချမိ၏။

ဟုတ်တယ် . . ငိုတယ် . . .

မင်္ဂလာပွဲတုန်းက . . 'သု' ငိုခဲ့တယ်။

အခုလည်း ငိုတယ်၊

နောက်လည်း 'သု'ငိုနေရဦးမှာပဲ ထင်ပါရဲ့

ချစ်သူကိုစွန့်လွှတ်လျက် မိဘ၏ဆန္ဒကိုလိုက်လျောခဲ့ရသော 'သု'ဘဝလောက် ကြေကွဲဝမ်းနည်းဖွယ်ကောင်းတာ ရှိပါသေးသလား။

ဟန်လုပ်ပြုံးခဲ့သောမင်္ဂလာပွဲမှာ 'သု'အပြုံးတွေက ဘယ်လိုမှ မလန်းဆန်းနိုင်တာ 'သု'အပြစ်ဖြစ်ခဲ့ပါသလား

ကြေကွဲရိပ်စွန်းထင်းနေသောမျက်နှာပြင်ကိုငိုမိအောင် မျက်ရည်မကျဖြစ်အောင် ထိန်းသိမ်းခဲ့ရသောအချိန်အခါကာလမှာ 'သု'မျက်ရည်ဝဲမိတာဆန်းပါသလား။

ဒါကို . . မြသီဂီက သတိပြုမိလိမ့်မည်ဟု 'သု' မသိခဲ့ပါ။ မထင်မှတ်ခဲ့ပါ။

ဩော် . . ယခုတော့ . . 'သု'အပြောခံခဲ့ရပြီး

'လင်း'မှာ ပစ္စည်းဥစ္စာရှိမှန်းသိလို့ လက်ထပ်ခဲ့တာကလွဲရင် 'လင်း'ကိုချစ်တဲ့စိတ် လုံးဝကို မပါလာခဲ့ဘာတဲ့။

ဖြစ်ရလေ . . .

'သု'က ပစ္စည်းမက်ရမယ်လို့ . . .

ကိုလင်းကိုချစ်တဲ့စိတ်မပါရှိခဲ့တာကတော့ ဟိုးအရင်အခါကအနေဖြင့်မှန်ပါသည်၊ မိဘစကားကိုနားထောင်စိတ်ဖြင့် ကိုလင်းကို 'သု' လက်ထပ်ခဲ့ခြင်းမှာ ကိုလင်းဘယ်လိုလူမျိုးမှန်းတောင် 'သု' လုံးဝမသိခဲ့ပါ။

'သု'သာ ပစ္စည်းဥစ္စာအဓိကထား၍ချစ်ခဲ့သည်ဆိုလျှင် 'ညာ့'ကိုချစ်ပါ့မလား။ ညာ့ကို စွဲလမ်းတမ်းတမိမတဲ့လား။

စိတ်က ညာဏာထင်ထံ ဖျတ်ခနဲရောက်၏။ ဘိုက်တိုက်ဆိုင်ဆိုင်ပင် 'ညာ'ဆိုနေကျ 'ပန်းချစ်သူ'သီချင်းသံကိုကြားရ၏။





စေတနာစာပေ

www.burmeseclassic.com



သု . . ကဗျာကယာ ထ,ကာ ပြတင်းပေါက် ကြည့်မိ၏။

ဩော် . . ဘယ်ဆီမှာဆိုနေမှန်းမသိ လွင့် လာသည့်ကာရာဇ်ကိုကေမှတေးသံကို 'သု'ကြားရသည်ပဲ။

'သု' ငိုမိရပါပြီ။

ညာ့ကို တစ်ခါတစ်ရံမှာသတိရခြင်းအတွ ကိုလင်းကိုသစ္စာဖောက်သလိုဖြစ်ခဲ့ရင် 'သု'ကိုခွင့်လွှတ်ပေး ကိုလင်း ရယ်၊

ယခုအချိန်မှာတော့ 'သု'ကိုချစ်မြတ်နိုးလွန်း စွာ အရိပ်တကြည့်ကြည့်ရှိနေခဲ့သောလင်းလက်၏ ကြီးမား သည့် မေတ္တာစက်ဝန်းထဲမှ 'သု' ရုန်းထွက်ဖို့ နည်းနည်းလေး မစဉ်းစားမိတာ အမှန်ဖြစ်ကြောင်း 'သု' သစ္စာဆိုဝံ့ပါသည်။

➤ ➤ ➤



## အခန်း(၁၅)

လင်းလက် . . ကုမ္ပဏီမှပြန်လာတော့ အချိန် အခါမဟုတ်အိပ်ပျော်နေသော 'သု'ကိုတွေ့ရ၏။

တစ်ချက်တစ်ချက် ရှိုက်လိုက်သော ချစ်သူ၏ သနားစရာမျက်နှာကလေးကို ကရုဏာသက်စွာ နမ်းမည်ပြုပြီးမှ နှစ်ခြိုက်စွာအိပ်ပျော်နေရှာတာလေး နိုးသွားမှာစိုးရိမ်စိတ်ဖြင့် စိတ်ကိုထိန်းကာ ကိုင်းထားသောကိုယ်ကို ပြန်မတ်၏။

'သု'ရယ် . . .

ငိုရင်း အိပ်ပျော်သွားခဲ့တာထင်ပါရဲ့။

သူ၏ပါးမို့မို့ထက်မှာ မျက်ရည်စီးကြောင်းတင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေခြင်းက 'သု' ငိုရင်း မောမောဖြင့်အိပ်ပျော်သွားရှာ
လင်းလက်ရိပ်မိပါသည်။

ဘာများဖြစ်လို့လဲ။

ရန်ကုန်မှာကျန်ခဲ့သော မိဘနှစ်ပါးကို '
လေး လွမ်းလို့လား။

ဒါမှမဟုတ် . . . ဘာများအဆင်မပြေတာရှိ
လဲ။

"ပျားသံပရာရည် အဆင်သင့်ဖြစ်ပါပြီ ကိုကိုကြီး"

ထားရီ၏အသံကို ပုံမှန်အသံဖြင့် အိမ်တွင်း
စပီကာမှာ ကြားရလေသည်။

တစ်ဦးနှင့်တစ်ဦး အနှောင့်အယှက်မဖြစ်
အောင် အခန်းတံခါးခေါက်ခြင်းခေါ်ယူခြင်းမပြုရဘဲ ခလုတ်
လေးဖိနှိပ်ပြောဆိုရုံမျှဖြင့် အတွင်းအပြင် စကားပြောနိုင်ဖို့ လ
လက်ပဲ စီစဉ်ပြုလုပ်ခဲ့တာပါ။

ထားရီဝင်လာချိန်မှာ လင်းလက်က အိပ်
နေသော 'သု'နံဘေးမှာထိုင်နေရာမှာ ထလာခဲ့၏။ လင်ပန်းအ
ဖန်ခွက်ကမ်းအပေးကိုပင်မစောင့်ဘဲ မော့ကာကျိုက်ချလိုက်
ဖြင့် ထားရီ၏ပခုံးလေးတွန့်ကာ မျက်လုံးလေးပြူးသွားရလေသ





ဒါဟာ ကိုကိုကြီးရဲ့ပုံစံမှ မဟုတ်တာ။

အစားအသောက်ကို စနစ်တကျစားသောက်
တ်သောအလေ့အထကို ကိုကိုကြီးလင်းလက်ထွန်း၏စည်းကမ်း
ဖြစ်၏။

အစားအသောက်ကို အရှေလာသုံးဆယ်စားတာ
သာက် ဣန္ဒြေပျက်တာမရှိဘူးဆိုခဲ့တာလေ။

"သု . . ဘာဖြစ်လို့ ငိုတာလဲ"

ထားရီပြန်လှည့်ထွက်ဖို့ပြင်ရာမှာ ခပ်တိုးတိုး
သံဖြင့်မေးခြင်းကြောင့် ထားရီ အံ့အားသင့်စွာ 'ရှင်'ခနဲဖြစ်
၏။

"ဟဲ့ . . မျက်လုံးကြီးပြူးပြီး ဘာကြည့်နေတာလဲ"

"မသိ . . မသိဘူး . . ကိုကိုကြီး"

"ဘာလို့မသိရမှာလဲ . . နင့်မမကိုကူညီဖို့ နင့်ကိုမှာထား
တာမဟုတ်လား၊ နင့်ကိုကြည့်ခိုင်းထားတာမဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ . . မမက အခန်းထဲ
ဝင်ပြီး တံခါးပိတ်လိုက်တော့ ငိုတာကို ထားရီမသိလိုက်
ဘူး"

လေသံမျှ တိုးတိုးလေးပြောသံဆိုသံက အအိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သော 'သု'၏နားထဲ စီးမျောဝင်လာခဲ့၏။

"ဒါဖြင့် . . ခေါ်ပါလား၊ ဘာဖြစ်သလဲ ဘာလဲ နင်ဒေ
မှာပေါ့"

"မမ စိတ်ဆိုးသွားတာသိနေတော့ မမေးရဲတော့ဘူ

"ဟင် . . ဘာစိတ်ဆိုးတာလဲ၊ စောစောကမေးတော
ဘာလို့ငိုသလဲမသိဘူးဆို"

လင်းလက်အသံက ဒေါသသံပါလာကာ
ဆတ်ဆတ်ကလေးဖြစ်သွား၏။ ထားရီ လန့်ဖျပ်သွား
ထစ်ထစ် ငေါ့ငေါ့ဖြစ်နေလေသည်။

"ဟို . . ဟို . . မမမြသီဂီနဲ့ မမလှိုင်စကားပြောတာ
ကြားသွားပြီး မမစိတ်ဆိုးသွားတာ"

"မမလှိုင် . . ဘာလဲ . . လှိုင်ထိပ်ထား လာသလား . .
ဟုတ်လား"

လင်းလက်၏မျက်ခုံးကလေး တွန့်ချိုးသွား
လေသည်။

"ဟုတ်"

"ဟာကွာ . . ဘာလာလုပ်တာလဲ သူက"

"အဲဒါတော့ ထားရီမသိပါဘူး ကိုကိုကြီး"





"ဒါဖြင့် . . ဘာစကားတွေပြောလို့ 'သု' စိတ်ဆိုးတာလဲ"

"ဟုတ် . . ဟုတ် . . ဟိုဒင်း . . မမ မတောင်းကြောင်း
ပြောကြတာပါ၊ ပြီးတော့ . . မမမြသီဂီက ကိုကိုကြီးနဲ့
မမလှိုင်သာလက်ထပ်ရင် သိပ်ကောင်းမှာ ဘာညာပြော
တော့ . ."

"ဟာကွာ . . တောက်"

လင်းလက်က ဒေါသဖြင့် တောက်ခေါက်၏။
ကပျာကယာ ထထိုင်မိရပါပြီ။

"ကိုလင်း"

'သု'အသံတိုးတိုးလေးက လင်းလက်၏ဒေါသ
တိုင်းကိုငြိမ်သက်စေပါသည်။ လင်းလက်လှည့်အကြည့်မှာ 'သု'
ငြိမ်သက်အေးဆေးသောမျက်နှာလေးကို ကရုဏာသတ်စရာ
တွေ့ရ၏။

"သု"

လင်းလက်က 'သု'၏ခုတင်နားသို့ လွှားခနဲ
ရောက်ရှိလာခဲ့လေသည်။

"ထားရီ . . သွားတော့လေ . . ဘာလုပ်နေတာလဲ"

ထားရီ ရပ်ကြည့်နေတာမြင်တော့လှမ်းဟောက်



www.burmeseclassic.com

www.burmeseclassic.com



၏၊ ထားရီ ပခုံးလေးတွန့်ပြီး ချာခနဲလှည့်ထွက်လျက် တံခါး
ပိတ်၏၊

လင်းလက်က 'သု'နံဘေးမှာဝင်ထိုင်ပါသည်၊ 'သု'၏နဖူးပေါ်ဝဲကျနေသောဆံပင်ကို သပ်တင်ပေးပါသည်၊

ငိုထားသော 'သု'မျက်လုံးလေးမှာ မျက်ရည် ကို မြင်တွေ့ရလေသည်၊

'သု' မဲ့ပြုံးလေး ပြုံး၏၊

"အိမ်ကသဘောတူတဲ့သူကိုပဲယူရင်ပြီးရော ကိုလင်းရေ ခုတော့ . . အားလုံးမကျေမနပ်ဖြစ်နေကြရပြီ"

"မဟုတ်တာ သုရယ် . . ဘာလို့ယူရမှာလဲ၊ ကိုယ်ချစ် သူပဲ ကိုယ်ယူမှာပေါ့၊ ကိုယ်က 'သု'ခတ်ပုံလေးကို ပြီး 'သု'ဆိုတဲ့နာမည်တလေးကြားကတည်းက အရင် စိတ်ဝင်စားခဲ့ရတာပါ၊ အရမ်းကို မြတ်နိုးခဲ့ရတာ

"ဒါပေမဲ့ . . လူကြီးတွေကမှ မကျေနပ်ကြတာ"

"မဆိုင်ဘူးလေ 'သု'ရယ်၊ အရေးအကြီးဆုံးက ကိုယ့် ထောင်ဘက်က ကိုယ်ချစ်တဲ့သူပဲဖြစ်ရမှာပေါ့၊ 'သု' ကိုယ်မြတ်နိုးလွန်းလို့ . . ချစ်လို့ လက်ထပ်ခွင့်တောင် တာပါ 'သု'ရယ်၊ တခြားဘယ်သူ့ကိုမှ ဂရုစိုက်စရာ





ဘူး၊ 'သု' ဘာမှ စိတ်မကောင်းမဖြစ်နဲ့နော်"

'သု' ပင့်သက်မျှင်းမျှင်းလေးချလေသည်၊

"သုက အိမ်မှာအမြဲနေရတဲ့သူပါ ကိုလင်း၊ ကိုလင်းမေမေနဲ့ ကိုလင်းမမ . . မမြသီဂီရဲ့မျက်နှာတွေကို အမြဲရင်ဆိုင်တွေ့နေရတာပါ၊ သူတို့ မကြည်ဖြူတော့ 'သု' နေ ရထိုင်ရတာ စိတ်ဆင်းရဲရပါတယ်"

"ဘာမှ စိတ်မဆင်းရဲပါနဲ့ သုရယ်၊ စိတ်ဆင်းရဲစရာမလိုပါဘူး၊ သု အခန်းထဲမှာပဲနေ . . စာအုပ်ဖတ် . . လိုချင်တာရှိရင် ထားရီကိုခိုင်း . . သီးသန့်စံပါ"

"အဲဒီလိုသီးသန့်နေတော့လည်း ကြီးကျယ်တယ်လို့အပြောခံရတာပါ ကိုလင်း၊ ဒါ့ကြောင့် . . အပျင်းလည်းပြေစိတ်ချမ်းသာမှုလည်းရအောင် 'သု' ခြံထဲဆင်းနေခဲ့ရာက 'သု'ကြားအောင် ပြောကြဆိုကြတာခံရတာပါ"

"ပြောပါဦး . . ဘာတွေပြောကြလို့လဲ သုရဲ့"

"သုက ကိုလင်းကို ပစ္စည်းဥစ္စာမက်လို့ယူတာတဲ့၊ ဟိုးတစ်ခါတုန်းကလည်း သုကို ကိုလင်းက မင်္ဂလာဦးအထိမ်းအမှတ်နဲ့ စိန်ထည်တွေဝယ်ပေးတာလည်း မမြသီဂီက မကျေနပ်ဘူး၊ ကိုလင်းမေမေကိုပြောနေတာတွေ 'သု'

www.burmeseclassic.com



နားနဲ့ဆက်ဆက်ကြားခဲ့ရတာပါ”

“ဟာ . . ဒါ ကိုလင်းပိုက်ဆံနဲ့ ကိုလင်းလုပ်ပေးတာပဲ သုရဲ့ မမြသီဂီတို့နဲ့လုံးဝကို မပတ်သက်ပါဘူး၊ မြ တော့ . . ကိုယ့်စိတ်ကူးလေးနဲ့ ကိုယ်လုပ်တာ သုရဲ့၊သူ တို့လုံးဝကိုမသိတဲ့ကိစ္စပဲ . . ဒါ”

“ဒါပေမဲ့ . . မမြသီဂီ သိနေတယ်ကိုလင်း၊ ပြောသံကြား တာကတော့အခန်းတံခါးနားကဖြတ်သွားရာက တံခါး ဟနေလို့ ကိုလင်းပြောနေတာရော . . စိန်ထည်ပစ္စည်း တွေပါ သုမြင်သွားခဲ့တာတဲ့”

လင်းလက် စိတ်ပျက်စွာ ‘ကျွတ်’ခနဲအသံပြု၏။

“စည်းကမ်းမရှိတာကွာ . . အဲဒီလိုစည်းကမ်းမရှိတာမျိုး မကြိုက်ပါဘူး၊ တံခါးဟလည်း ကိုယ့်လမ်းကိုယ်ဆက် ပေါ့၊ ဘာနားထောင်စရာရှိသလဲ၊ ဘာကြည့်စရာရှိသ လဲ၊ ကိုယ်သွားပြောမယ် သု . . မဟုတ်တာ’

လင်းလက် ဆတ်ခနဲထတော့ ‘သု’လှမ်းဆွဲထား ရလေသည်။

“မပြောနဲ့တော့ ကိုလင်း . . ပြောမနေပါနဲ့တော့၊ ဖြစ်တဲ့ ရက်က ကြာသွားပြီ၊ ဟိုးတစ်ခါ ကိုလင်း လှေကားက





ဆင်းလာချိန်မှာ သုနဲ့ မမြသီဂီရယ် ကိုလင်းမေမေရယ် စကားပြောနေတာ ကိုလင်းမှတ်မိသေးသလား”

လင်းလက် တွေခနဲ စဉ်းစား၏။

မှတ်မိပြီ။

သုနှင့်မေမေတို့ တစ်ခုခုဖြစ်သည်ဟု စိတ်ထဲက ထင်မှတ်ကာ လင်းလက်ရင်ထဲမှာ စိတ်တစ်မျိုးဖြစ်ခဲ့ရသေးတာပဲ။

“အင်း . . ကိုယ်မှတ်မိပြီ”

“အဲဒီတုန်းက ‘သု’ကို လက်ဖက်ရည်ဆင်းသောက်နှင့်လို့ ကိုလင်းပြောလို့ ‘သု’ဆင်းသွားခဲ့တာ၊ အခန်းပေါက်ဝအ ရောက်မှာ . . ကိုလင်းမေမေကို မမြသီဂီက ‘သု’တို့အ ကြောင်းပြောနေသံကြားရတော့ ‘သု’ ဘယ်လုပ်လုပ်ပြီး အခန်းထဲဝင်ချင်ပါ့မလဲ ကိုလင်း၊ အဲဒီမှာ ကိုလင်းပေး တဲ့စိန်အကြောင်းပြောနေလို့ သုကစကားအပြတ်စောင့် နေတာကို သူတို့စကားပြောတာ ချောင်းနားထောင် တယ်ဆိုပြီး သုကို ရန်တွေ့နေကြတာ”

“ဟင် . . ကိုယ်မြင်တာတော့ သုကို မေမေက ချော့ပြော နေရသလိုပဲ”

“အဲဒါ . . ကိုလင်းဆင်းလာတာမြင်လို့ ပုံစံပြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com



တာ ကိုလင်းရဲ့၊ အဲဒီလိုပြောတော့ 'သု'ကပဲ မကောင်
ပြောသလိုဖြစ်နေတယ်၊ 'သု'ကိုချောင်းနားထောင်တယ်
ဆိုပြီး စွပ်စွဲပြောဆိုနေကြတာ"

"ဪ"

လင်းလက် ပင့်သက်ချ၏။

မိမိ တစ်စွန်းတစ်စကြားခဲ့ရသော . . "အာ
ချောင်းနားထောင်စရာလိုသလဲ"စကားအဓိပ္ပါယ်ကို ယခုမှသိ၏

"သုတို့ အိမ်ခွဲနေကြရင်ကောင်းမယ်ထင်တယ် ကိုလင်း"

"လောလောဆယ်အိမ်ခွဲထွက်ရင် . . ကိုယ်တို့မကောင်
ရာကျမယ် 'သု'ရဲ့ မေမေ စိတ်မကောင်းဖြစ်သွားလိ
မယ်၊ အားလုံးက ကိုယ့်ကို မှီနေကြတာများတော့လေ
ကုမ္ပဏီရှယ်ယာတအစ ကိုယ့်ရှယ်ယာက သုံးပုံမှာ နှစ်
ပါနေတာ၊ မမမြသီဂီယောက်ျား ကိုကျော်ဝဏ္ဏက တ
ပုံပဲပါတာဆိုတော့ . . ကိုယ့်ကို မေမေက အဓိကထာ
ပြီး အားကိုးနေရတာ"

"ဒါဆို . . အိမ်ခွဲထွက်ဖို့မလွယ်ဘူးပေါ့ ဟုတ်လား"

"ဆိုပါတော့ . . သုရယ်၊ 'သု'နဲ့မေမေတို့ မမမြတို့က
မှုမြင်ခါစ တွေ့ခါစဆိုတော့ . . တစ်ယောက်အကြောင်





တစ်ယောက်ကောင်းကောင်းမသိသေးတော့ နားလည်
မှုတွေလွဲနေကြတာဖြစ်မှာပါ၊ နောက်ဆိုရင် . . သ
ဘောပေါက်ပြီး ခင်ခင့်မင်မင်ဖြစ်သွားမှာသိလား၊ ဘာ
မှစိတ်မပူပါနဲ့ သုလေးရဲ့၊ အားလုံးအဆင်ပြေသွားမှာ
နော်"

"တကယ်အဆင်ပြေသွားရင်ကောင်းတာပေါ့ ကိုလင်း
ရယ်၊ ဒါပေမဲ့ . . ကိုလင်းက တစ်နေကုန်အပြင်ထွက်
အလုပ်လုပ်နေရတော့ 'သု'တစ်ယောက်တည်း ဒီအိမ်
မှာနေရစ်ရတာပါ၊ 'သု' မကြားကြားအောင် တမင်
ပြောဆိုနေတဲ့စကားတွေအတွက် 'သု' စိတ်အနှောင့်အ
ယှက်ဖြစ်မိတာအမှန်ပဲ"

"လောလောဆယ်တော့သည်းခံပါ 'သု'ရယ်၊ သု စိတ်ချမ်း
သာအောင် ကိုယ် ကြိုးစားပြီးလုပ်ပေးပါ့မယ်"

လင်းလက်က 'သု'၏ပခုံးလေးကို သိမ်းဖက်
တာ နဖူးလေးကို မွှေးမွှေးပေးပြီး နှစ်သိမ့်တော့ 'သု' စိတ်မောစွာ
ဝင့်သက်ချမိရှုံကလွှဲ၍ ဘာမျှမတတ်နိုင်ပါ။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၆)

မင်္ဂလာဆောင် အခမ်းအနားပြုလုပ်သည့်ခန်းမှပြန်ထွက်လာချိန်ကျမှပင် 'သု'၏စိတ်မှာ သက်သာရာရရှိ၏။

'သု'က စိတ်ကျဉ်းကျပ်မှုကိုခံနိုင်သူမဟုတ်ချေ။ ဟိုးယခင်အခါများကတည်းက ဘယ်လိုအခမ်းအနားပွဲမျိုးကိုမှ 'သု' တက်ရောက်ခဲ့ခြင်းမရှိခဲ့ပါ။

မိဘတွေကိုကျတော့ . . သုက . . .

"ဟင့်အင်း . . သု မလိုက်ချင်ဘူးမေမေ။ဝတ်စားပြီးလိမ်းခြယ်ဆင်ပြီး အရုပ်တစ်ရုပ်လို ငုတ်တုတ်ကြီးထိုင်နေရတာလောက် 'သု'ပျင်းတာမရှိဘူး"



burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းဆန်၍ရပါသည်။ 'သု'အကြောင်းကိုသိ
နေသောမေမေကလည်း ခေါ်၍မရသည့်အဆုံး ထားခဲ့ရပါသည်။

ယခုတော့ . . မတူတော့ဘူးလေ၊ သုက အိမ်
ထောင်ရှင်တစ်ယောက်ဖြစ်နေခဲ့ပါပြီ။

ဦးလင်းလက်ထွန်း၏ဇနီးတစ်ယောက်အနေ
ဖြင့် လင်းလက်တက်ရောက်ရသည့်ပွဲမှာ 'သု'မပါ၍မရတော့ပါ။

ပျင်းတယ် . . မလိုက်ချင်ဘူးဟု ငြင်းဆို၍မရ
တော့ပါ။

"သု မလိုက်ဘဲနေလို့ရမလားဟင်"

မေးကြည့်မိ၏။

"ဟင့်အင်း . . ဘယ်ရမလဲ သုရဲ့၊ 'သု'မပါဘဲသွား
အောင် ကိုယ်က လူပျိုလူလွတ်မှမဟုတ်တော့တာ
ဟောဒီမှာ . . ဖိတ်တဲ့ဖိတ်စာကိုကြည့်ခင်ဗျ . . ဦးလင်း
လက်ထွန်းနှင့်ဇနီးတဲ့ . . တွေ့လား"

'သု' ငြင်းလို့မရသဖြင့် ငြိမ်ရတော့၏။

"ကိုယ်ပေးထားတဲ့ စိန်ထည်ရွှေထည်ဝတ်ရမှာနော် သု၊ 'သု'
ဝတ်တာ ကိုယ်တစ်ခါမှ မမြင်ဖူးသေးဘူး၊ ဒီနေ့တော့
ဝတ်ပြရလိမ့်မယ်"





"သိပ်ပြီး တောက်တောက်ပြောင်ပြောင်ကြီးများဖြစ်နေမ
လားလို့ ကိုလင်းရဲ့"

"ဟာ . . မင်္ဂလာဆောင်လေ သုရဲ့၊ လာတဲ့လူတိုင်းလိုလို
တောက်တောက်ပပဝတ်လာကြမှာပဲဟာ၊ ဝတ်ပါ . .
သုဝတ်တာ ကိုယ်ကြည့်ချင်လို့ပါ . . နော်"

'သု' ခေါင်းညိတ်ရင်းမှ ရင်ထဲ ဒိတ်ခနဲဖြစ်၏။
မမြသီဂီမျက်နှာကို ဖျတ်ခနဲမြင်မိ၏။

အို . . ကိုလင်းကဝတ်ဆိုမှတော့ 'သု' ဘယ်လို
ငြင်းလို့ရမှာလဲ။

ကံကောင်းချင်တော့ 'သု'တို့ထွက်လာချိန်မှာ
ကို လင်းမေမေနှင့်ရော၊ မမြသီဂီနှင့်ပါ တွေ့တွေ့ဆိုင်ဆိုင်မဆုံမိခဲ့
ကြပါ။

'သု'မှာ ကားပေါ်ရောက်ပြီး ကားထွက်လာမှ
စိတ်သက်သာရာရခဲ့၏။ သွားခါနီးလာခါနီးမှာ သုကို စိတ်အ
နှောင့်အယှက်ဖြစ်စေခဲ့သော် သု ဘယ်လိုမှစိတ်ချမ်းသာမှာမ
ဟုတ်တာ သေချာလေသည်။

အိမ်ကိုပြန်အရောက်မှာတော့ 'သု' စိုးရိမ်ထိတ်
လန့်နေခဲ့သည်များဖြစ်ပေါ်လာခဲ့လေသည်။

www.burmeseclassic.com



သုံ့တို့မင်္ဂလာဆောင်သွားတယ်ဟု မမြသိဂီ…
လိုက်သည်နှင့် ဘာတွေဝတ်သွားသလဲသိချင်စိတ်ပြင်းပြစွာ ထို…
စောင့်နေခဲ့တာပါ။

'သု'က ကိုလင်းပေးသည့်မင်္ဂလာဦးလက်ဖွဲ့ …
လော့ကက်ကို သုအိမ်မှဆင်ပေးလိုက်သည့် စိန်ကြိုးထဲထည့်…
ထားသဖြင့် နေရောင်မှာ ဝင်းခနဲ လက်ခနဲ ပြိုးပြက်လက်နေပုံ…
လှပ၏။

ပခုံးထိပ်စွန်းရောက် လည်ဟိုက်ဇာအင်္ကျီပ…
ရောင်နောက်ကွဲလေးဝတ်ထားခဲ့သဖြင့် ရှင်းကြော့ဝင်းပနေသော…
လည်တိုင်မှာ စိန်ကြိုးနှင့်စိန်လော့ကက်က အထင်းသားပေါ်လွင်…
နေ၏။

နှစ်တန်းသွားစိန်လက်ကောက်နှင့် စိန်လ…
စွပ်ကို မြသိဂီ၏စူးရှသောမျက်ဝန်းများက မြင်ဖြစ်အောင်မြင်…

"မေမေ . . မေမေ"

အသံ အနည်းငယ်မြှင့်၍ခေါ်လိုက်သော မြ…
သိဂီ၏အသံကို 'သု'တို့အိမ်ထဲဝင်သည်နှင့် ကြားကြရလေသည်…

လင်းလက်တို့အိမ်အနေအထားက ဧည့်ခန်း…
ကိုဖြတ်ကျော်ပြီးမှ အပေါ်ထပ်သို့တက်သည့်လှေကားဆီရော…





…ဖြစ်၏။

ထို့ကြောင့် . . ဧည့်ခန်းမှာ အဆင်သင့်ထိုင်
…စောင့်နေတာနှင့်ပင် 'သု'တို့ကိုဆုံတွေ့ရမှာဖြစ်လေသည်။

'သု' ဧည့်ခန်းထဲဝင်လာချိန်မှာ လင်းလက်၏
…မေနှင့် မမြသိဂီ၏စိုက်ကြည့်နေသောမျက်ဝန်းများကို ဆုံတွေ့
…သောအခါ သု စိတ်ညစ်သွားရလေသည်။

"ဟယ် . . သုက လှလိုက်တာ"

မြသိဂီက ထိုင်နေရာမှ ဖျတ်ခနဲ ထလာ၏။
…၏ရှေ့တည့်တည့်မှာပိတ်ရပ်လိုက်ပုံက မြန်ဆန်၏။

"စိန်တွေက တအားကိုလှတာပဲ၊ ကြည့်ပါဦး မေမေ၊ ဘယ်
လောက်လှလိုက်တဲ့ စိန်တွေလဲလို့ . . အရည်ကိုလဲ့နေ
တာပဲ၊ တန်ဖိုးတော့ တော်တော့ကိုကြီးမှာနော် မေမေ"

'သု'လည်ပင်းမှစိန်ကြိုးနှင့် လော့ကက်ကို
…သိဂီ က ကိုင်တွယ်ရင်း ဒေါ်တင်နွယ်ဝင်းတို့ကြည့်လိုက်သောအ
…ကြည့်ကို သု နားမလည်ဘဲ ဘယ်ရှိပါ့မလဲ။

"ဒါလေ မေမေရဲ့ . . လင်းလုပ်ပေးတာတွေ"

ဆိုတာ ပါးစပ်ကမပြောပေမဲ့ မျက်လုံးက ပြော
…ားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ . . လှလိုက်တာ၊ လာပါဦး သုရဲ့၊ ကြည့်ရအောင်"

ဒေါ်တင်နွယ်ဝင်းက ထိုင်ရာမထ လှမ်းခေါ်လေသည်။ သုက လင်းလက်ကိုကြည့်တော့ ကိုလင်းက မေးလေးဆတ်ပြ၏။

"သွားလေ . . သုရဲ့"

ဆိုတဲ့ပုံစံကလေး။

လင်းလက်ဆိုတာက ရိုးသားတည်ကြည်ဖြောင့်မတ်သူမို့ . . လူတိုင်းကို မိမိလိုပဲထင်မှတ်ရှာပါသည်။

မိမိ၏ဇနီးချောတာလှတာကို ချီးမွမ်းပြောဆိုနေတာပဲဟုတောင် သဘောကျကျေနပ်ကာ ပြုံးပြုံးကြီးဖြစ်နေလေသည်။

"အင်း . . ပုံစံလေးက ဆန်းဆန်းပြားပြားလေးပဲ၊ခုနေခါ စိန်ဈေးက အဆမတန်တက်နေတော့ နည်းမှာမဟုတ်ဘူးနော် . . လှလိုက်တာ"

"ဟုတ်တယ် . . သိဂီကြိုက်လိုက်တာ၊ အဲဒါလေ . . မေမေရဲ့၊ ကိုလင်းလုပ်ပေးထားတာတွေ . ."

"ဟုတ်လား"





အကယ်ဒမီရနိုင်သောအမူအရာတွေ။ မျက်ခုံးအုံ့ညြပြပုံက လုံးဝသိမထားသေးသောမျက်နှာအနေအထား။

ဆတ်ဆတ်ထိမခံချင်သော 'သု'၏အဖြောင့်ခံ . . က ဝုန်းခနဲဆောင့်တက်၏။

"မေမေသိပြီးသားပါ . . ဟိုတစ်ခါ မမြသိဂီပြောထားတာတွေကို မေမေ မေ့မှာမဟုတ်သေးပါဘူး"

"ဟဲ့ . . သု . . ကြည့်စမ်း၊ လူကြီးကို ဘယ်လိုပြောလိုက်တာလဲ"

ဒေါ်တင်နွယ်ဝင်း၏မျက်နှာ ကွက်ခနဲပျက်၏။

"ဟုတ်တယ် . . သုက သိပ်ရိုင်းတာပဲ၊ ဒါ လူကြီးကိုပြန်ပြောရမယ့်စကားမျိုးမှ မဟုတ်တာပဲ၊ တွေလား လင်း၊ မင်းမိန်းမက အကောင်းပြောနေလို့ ပြောမှန်းမသိနဲ့ သိပ်ဈာတာပဲ"

မြသိဂီက လင်းလက်ကိုလှည့်တိုင်လေသည်။ . . လက်က အံ့ညြခြင်းကြီးစွာ သုကိုတစ်လှည့် မိခင်နှင့်အစ်မကို . . လှည့်ကြည့်၏။

လင်းလက်ကျတော့ ယောက်ျားသားပီသစွာ . . သးစိတ်သဘောပေါက်နားလည်နိုင်စွမ်းရှိမနေချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကြတာလဲ"

"ဘာဖြစ်ရမှာလဲ . . မင်းမြင်တဲ့အတိုင်းပဲလေ လင်းရဲ့ မင်းက ပုတ်သင်ညိုကို ရွှေတစ်ပဲသားဆွဲပေးသလို ကိုစိန်တွေညွတ်နေအောင်ဆင်ထားတော့ တို့ကိုပြန်ပြ အမောက်ထောင်ပြနေတာပေါ့၊ မိုက်ရိုင်းပြနေတာပေ မတွေ့ဘူးလား"

"မမြသိဂီ . . ဘယ်လိုစကားပြောလိုက်တာလဲ"

'သု'၏အသံလေးက မာထန်နေ၏။

"ကြားတဲ့အတိုင်းပဲလေ၊ ဘာလဲ . . ထပ်ကြားချင်သေး သလား"

"ကိုယ့်စိတ်နဲ့နှိုင်း မရိုင်းတဲ့ . . သိရဲ့လား၊ ရှင်တို့သာသ များပစ္စည်းငမ်းငမ်းတက်လိုချင်နေတာ . . မက်မော နေတာ . . မနာလိုဖြစ်နေတာ၊ 'သု'ကမဝတ်ဖူးမစားဖူး တာမဟုတ်ဘူး၊ ဟောဒီစိန်ကြိုးက 'သု'ပစ္စည်း၊ 'သု'မိဘ တွေဆင်ထားတာ၊ ဒီလော့ကက်နဲ့လက်ကောက်သာ လင်းလုပ်ပေးထားတာ၊ လိုချင်သလား . . ရော့ . . ယူ"

သုက စိန်ကြိုးကိုလည်ပင်းမှ ဖြုတ်၏။ စိန်ကြိုး မှ လော့ကက်ကိုထုတ်၏၊ လက်မှ လက်ကောက်ကိုချွတ်၏။ ဒေါ်





တင်နွယ်ဝင်း၏ရှေ့မှ စားပွဲခုံမှာချပေး၏၊

"သု"

လင်းလက်၏အသံကို တစ်စွန်းတစ်စ ကြားရ၏၊ ဒေါ်တင်နွယ်ဝင်း၏အသံက စူးရှစွာထွက်ပေါ်လာလေသည်။

"ဟင် . . မိုက်ရိုင်းလိုက်တာ . . ကြည့်စမ်း . . လူပါးဝလိုက်တာ၊ လင်းလက်ထွန်း . . နင်ဘယ်လိုမိန်းမမျိုးကို ယူလာတာလဲဟင်၊ အမယ်လေးလေ . . ငါ့ကို နင်က ဘာမှတ်နေသလဲ"

"ကန်တော့နော် မေမေ . . ကန်တော့ ကန်တော့၊ သုက လည်းကွာ . . မဟုတ်တာတွေ၊ ဘာတွေလျှောက်လုပ် နေရတာလဲ . . လာလာ"

လင်းလက်က စားပွဲခုံမှပစ္စည်းတွေ လက်ဖြင့် ဆုပ်ကိုင်ယူ၏။ 'သု'လက်မောင်းကိုဆွဲကာ အိမ်ပေါ်ထပ်သို့ အမြန်ဆုံးတက်ခဲ့လေသည်။

"ဟား ဟား ဟား . . ရယ်ရတယ်၊ ဟုတ်တိပတ်တိနဲ့ ပစ္စည်းချပေးတော့ . . မြသိဂီက တကယ်မှတ်ပြီးပျော် တောင်သွားမိသေးတာ၊ လက်စသတ်တော့ လင်းပြန် ယူမယ်ဆိုတာသိနေလို့ ဟန်လုပ်သွားတာကိုး . . ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား"

'သူ'တို့မျက်စိရှေ့မှပျောက်ကွယ်သည်နှင့် ...
တိုက်ရယ်မောပြောဆိုလိုက်သောအသံက သုနှင့်လင်းလက်တို့...
ထဲ စူးရှစွာဝင်လာခဲ့လေသည်။

သုနှင့်လင်းလက်တို့ တစ်ယောက်မျက်နှာ...
ယောက် ဖျတ်ခနဲကြည့်မိကြလေသည်။

➤ ➤ ➤



## အခန်း(၁၇)

"ကဲ . . ကြားလား ကိုလင်း၊ မမမြသိဂီပြောတဲ့စကား တွေကို၊ ဘယ်လောက်ခံရခက်စရာကောင်းလိုက်သလဲ လို့"

'သု'အသံလေးမှာ စိတ်ဆိုးလွန်းသောကြောင့် အဖျားခတ်တုန်ခါနေလေသည်။

"ဆောရီးပဲ . . သုရယ်၊ သုကိုအားနာလိုက်တာ၊ ဖဲဒီမမ ကလည်းကွာ . . ဘာတွေလျှောက်ပြောနေတာလဲမသိ ဘူး"

လင်းလက် တောက်ခေါက်ကာ ချာခနဲလှည့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဖို့ပြင်၏။

"ဟင့်အင်း . . ကိုလင်းမသွားနဲ့"

သူက လင်းလက်၏လက်မောင်းကို ဆွဲထား လိုက်၏။

"ကိုလင်း ဘာပဲသွားပြောပြော . . အပြစ်အားလုံးက သူ့ အပေါ်မှာပဲ ပုံကျမှာ သေချာတယ်၊ 'သူ'ကြောင့် . . သူ ပြောခိုင်းတာပဲလို့မြင်မှာ"

"ဒါပေမဲ့ . . အဲဒီလိုတွေပြောတာဆိုတာတော့ဘယ် ကောင်းမလဲ သူရယ်၊ သူ့ကို ကိုယ်အားနာစရာဖြစ် တာပေါ့"

အခန်းထဲအရောက်မှာတော့ သူက ကျန်ရှိနေ သည့် လက်ဝတ်လက်စားတွေအားလုံးချွတ်လိုက်ပါသည်။ သူ့ ကိုယ်ပိုင်လက်ဝတ်ရတနာသီးသန့်၊ လင်းလက် မင်္ဂလာဦးလက် ဆောင်ပေးထားသည့်လက်ဝတ်ရတနာသီးသန့်ခွဲဝေ၏။

"အဲဒီလိုမျိုးစကားတွေက သူ့အဖို့မှာတော့ ကြားရလွန်း လို့ ရိုးတောင်နေပါပြီကိုလင်းရယ်၊ စောင်းချိတ်ပြောတာ ရော . . တမင်ကြားရအောင်ပြောတာရော များနေပါ ပြီ၊ ကိုလင်းက ဒီနေ့မှကြားရတာပါ"





"အဲဒီလိုမသင့်မမြတ်ဖြစ်နေရင်ဘယ်ကောင်းမလဲ သူ ရယ်၊ မမမြသီဂီက အိမ်ထောင်ခွဲဖြစ်နေတော့ မနာလို ဖြစ်ပြီးစကားများပြောတယ်ထား၊ မေမေနဲ့ပါအတိုက်အ ခံဖြစ်လာပြီး မေမေပါ,ပါလာရတာ မကောင်းဘူး၊ ဥပ မာ . . စောစောကလိုမျိုးဆိုပါတော့"

သူ . . အံ့သြလှစွာ မော့ကြည့်၏။

"ဘယ်လို . . ကိုလင်း၊ ကိုလင်း . . ဘာပြောလိုက်တယ်"

"မေမေစိတ်ထိခိုက်မှာစိုးရိမ်တာပါ၊ စောစောကလိုမျိုးဆို ပါတော့ . . မမကိုပြောရင်းက မေမေ့ကိုပြောသလိုမျိုး ဖြစ်သွားရတာမျိုးဆိုရင် သူ့အတွက်မကောင်းဘူးလေ၊ ဒါ့ကြောင့် မမကိုတားချင်တာ"

"ဟင် . ."

သူ . . မျက်လုံးလေးပြူးဝိုင်း၏။ ဝမ်းနည်းကြေ ကွဲစွာ မျက်ရည်တွေပြည့်တက်လာခဲ့၏။

ဩော် . . ကိုလင်းရယ်၊

'သူ'အတွက်သွားပြောမယ်ရယ်လို့ပဲ ထင်ခဲ့ ဘာ။ ခုတော့ . . ကိုလင်းက မိခင်အတွက် အဓိက . . တဲ့လား။

"ဘာလဲဟင် . . သူ့ဘက်ကမှားတယ်လို့ ကိုလင်းထင်လို့



www.burmeseclassic.com

www.burmeseclassic.com



လား"

လင်းလက် ပင့်သက်ချကာ 'သု'ပခုံး
ဆုပ်ကိုင်၏။

"မမမြသီဂီကို သုပြောတာမှန်း ကိုယ်သိပါတယ်၊ ဒါ
ရှင်တို့သာ သူများပစ္စည်း ငမ်းငမ်းတက်လိုချင်နေ
မက်မောနေတယ်တို့ဆိုတာကျတော့ 'တို့'ဆိုတဲ့
ပါသွားခဲ့တယ်လေ၊ မေမေ့ကိုပါထည့်ပြီးရန်တွေ့
သလိုဖြစ်နေတာပေါ့ သုရယ်"

ဩော် . . ဟုတ်သားပါလားဟု သုတွေး
အပေါ်နှုတ်ခမ်းလေးဖိကိုက်မိ၏။

"သုက မမမြသီဂီကိုပြောတာပဲဥစ္စာ"

"ဒါပေမဲ့ . . အဲဒီလိုပြောဆိုပြီး ပစ္စည်းတွေသွားပြ
ပေးတာလည်း မေမေ့ရှေ့ကိုလေ သုရဲ့၊ ဒီတော့ မေ
စိတ်ဆိုးသွားရတာ 'သု'မြင်သားပဲ၊ ဘယ်လိုမိန်းမ
လာတာလဲလို့တောင် မေမေက ကိုယ့်ကိုမေးခဲ့တဲ့
ဖြစ်ရတာ 'သု'ကြားပါတယ်"

'သု' မဲ့ပြုံးလေး ပြုံးမိ၏။

"ဒါတွေအားလုံးရဲ့တရားခံက မမမြသီဂီပဲ၊ဒါ့ကြောင်





ကိုယ် သူနဲ့စကားပြောသင့်တယ်လို့ထင်လို့ သွားပြော
မယ်လုပ်တာကို သုက ဘာလို့ဆွဲထားရတာလဲ"

"အရှည်အရှည်မငြိမ်းဖွယ်ဖြစ်မှာစိုးရိမ်လို့ 'သု'ဆွဲခဲ့မိတာ
ပဲ ကိုလင်း၊ သွားပြောရင် . . ဒီကိစ္စက ပြီးပြတ်မယ်
ထင်သလား . . ဝေးသေးတယ်၊ 'သု'ကိုပုတ်ခတ်စော်
ကားပြီးပြောမှာမျိုး . . 'သု' ထပ်မကြားချင်တာအမှန်
ပဲ"

"ကိုယ်ကလည်း နောက်ထပ်ပြဿနာမတက်စေချင်တာ
အမှန်ပဲ သုရဲ့ စကားနိုင်လုပြောရာက ပုတ်ခတ်စော်
ကားတဲ့စကားပါလာကြမှာပဲ၊ အဓိက,ကတော့ ကိုယ်တို့
ကြောင့် မေမေတို့စိတ်မဆင်းရဲစေချင်ဘူး၊ မေမေ့ကို
ထိခိုက်စော်ကားမိတာမျိုး ထပ်မဖြစ်စေချင်တာ"

'သု'က လင်းလက်၏မျက်နှာကို စူးစူးရဲရဲလေး
မော့ကြည့်၏။ ရင်ထဲမှာခံစားရပါသောအဖြစ်များ။ ကြေကွဲရပါ
သောအဖြစ်များ။

ဩော် . . ကိုလင်းက မိခင်ကို အင်မတန်မှ
ချစ် လှပါတကား။

လင်းလက်ကျတော့လည်း မိခင်ကိုအင်မတန်မှ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြောက်ရိုသေလေးစားခဲ့ရတာပါ။ ယခုအချိန်အထိ မိခင်
တစ်ခွန်းတစ်ပါဒမျှ ပြန်ပြောခဲ့ဖူးခြင်းမရှိသေးပါ။

ထို့ကြောင့် . . 'သု'နှင့်မိခင်တို့ . . စကား
တောက်ကဆမျှားမှာ၊ အဆင်မပြေမှာ လင်းလက်စိုးရိမ်ကြောင့်
လေသည်။

"သု မှားတယ်လို့ ကိုလင်းကဆိုချင်တာလား"

"မှားသွားမှာစိုးရိမ်တာ 'သု'၊ ကိုယ်ဖြစ်စေချင်တာက
မေနဲ့သုတို့ အဆင်ပြေစေချင်တယ်၊ တရင်းတနှီးရှိ
ချင်တယ်၊ ကိုယ်တို့လိုပဲ မေမေ့ကို 'သု' ရိုသေစေ
တယ်"

"ခုတော့ . . 'သု'က ရိုင်းသွားတယ်ပေါ့"

"အားနာနာနဲ့ပြောရရင် . . ရိုင်းသလိုဖြစ်သွားတယ်
ရဲ့ မေမေ့တစ်သက်တာမှာ သားသမီးကခံပြောတာ
တစ်ခါမှ မခံခဲ့ရဖူးတော့ . . မေမေစိတ်ထိခိုက်မှာကို
အကြောက်ဆုံးပဲ"

"သု မှားသွားခဲ့တယ်ဆိုရင် 'သု' တောင်းပန်ပါတယ်
တကယ်က ဒီပြဿနာရဲ့အစက ဒီလက်ဝတ်ရတန
တွေပဲကိုလင်း၊ သုကို မနာလိုဖြစ်ခဲ့တာ ဝန်တိုခဲ့တာ





မှန်ပဲ"

"ဒါပေမဲ့ . . အဓိက စိတ်ထိခိုက်ရတာက မေမေ 'သု'ရဲ့
မမြသိင်္ဂီမဟုတ်ဘူး၊ သုက မေမေ့ကို တိုက်ရိုက်စော်
ကားလိုက်သလိုမျိုးဖြစ်ခဲ့တာ"

"အဲဒီအတွက် သု တောင်းပန်တယ်လို့ ပြောပြီးပြီပဲ"

"အဲဒါက ကိုယ့်ကိုလေ . . မေမေ့ကို 'သု'တောင်းပန်ရ
မှာ"

"တောင်းပန်စေချင်တယ်ပေါ့"

'သု'မျက်နှာကလေးတင်းသွားရတာကတော့
မှန်ပါ။

"တောင်းပန်လိုက်ရင်ကောင်းတာပေါ့ သုရယ်၊ ကိုယ်နဲ့
ပတ်သက်နေမှတော့ ကိုယ့်မေမေက 'သု'ရဲ့မေမေပါပဲ၊
မိဘကိုသားသမီးက ရှိခိုးကန်တော့တောင်းပန်လိုက်ရင်
ဘယ်မိဘမဆို သားသမီးကို ခွင့်မလွှတ်တဲ့မိဘမရှိပါ
ဘူး"

"ဪ . . သုက ကိုလင်းမေမေကို ရှိခိုးတောင်းပန်တဲ့
အထိ လိုအပ်သလား"

"ကိုယ်သာဆိုရင်တော့ 'သု'မေမေကို ရှိခိုးဖို့ဝန်လေးမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး သုရဲ့ လူကြီးမိဘကို ကာယ ကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားပြောဆိုမိတဲ့အပြစ်ကလွတ်အောင် ဆိုပါတော့"

'သု' အံ့အားသင့်သွားရပါသည်။ ကိုလင်း ဒီလောက်စကားတတ်မည်ဟု 'သု' မထင်ခဲ့ပါ။ ယခုတော့ အတော့်ကိုစကားတတ်သောကိုလင်းပါလား။

'သု' ပင့်သက်မျှင်းမျှင်းချ၏။

"ကောင်းပြီလေ . . ကိုလင်းက ကိုလင်းမေမေကို ကန်တော့စေချင်ရင် 'သု' ကန်တော့ပါ့မယ်၊ 'သု'ဘက်ကလည်း အမှတ်မထင်ရိုင်းသွားမိခဲ့တာကိုး၊ ဒါပေမဲ့ . . 'သု'ဒီအတိုင်းလက်နဲ့ပဲ မကန်တော့ချင်ဘူး ကိုလင်းရဲ့"

လင်းလက်က အံ့အားသင့်စွာကြည့်၏။

"လူကြီးသူမကိုကန်တော့တာ တန်ဖိုးရှိတဲ့ပစ္စည်းနဲ့ကန်တော့မှပိုကောင်းတော့မပေါ့"

"သုက ဘာနဲ့ကန်တော့ချင်လို့လဲ၊ ပြောလေ . . ကိုယ်ဝယ်ပေးမှာပေါ့"

"ဝယ်စရာမလိုပါဘူး ကိုလင်း၊ အခုဖြစ်ရတဲ့အမိကတရားခံက . . ကိုလင်းမင်္ဂလာဦးလက်ဆောင်အဖြစ်ပေး





တဲ့ ဟောဒီလက်ဝတ်လက်စားတွေကြောင့်ဖြစ်ရတာဆိုတော့ . . ."

"သု အရွဲ့တိုက်နေတာလား"

"ဟင့်အင်း . . မဟုတ်ပါဘူး ကိုလင်း၊ 'သု' ကိုလင်းကိုလက်ထပ်ခဲ့တာ ပစ္စည်းကြောင့်မဟုတ်ဘဲ မိဘစကားနားထောင်ခဲ့တာသက်သက်ပဲဆိုတာ သိသွားစေချင်တာပါ"

"သုကလည်းကွာ . . ကျွတ်"

လင်းလက်စိတ်ပျက်စွာ ခေါင်းကုတ်၏။

"ဒီပစ္စည်းဥစ္စာကြောင့် လောဘတက်၊ ဒေါသထွက်ရတာ ကိုလင်း၊ ဒီတော့ ဒီပြဿနာတို့မွှေးတဲ့မီးကို ဒီလိုမှငြိမ်းနိုင်ရင် ဘယ်လိုမှ ငြိမ်းသတ်နိုင်မှာမဟုတ်ဘူး၊ ဒါ့ကြောင့် သု ကိုလင်းရဲ့မေမေကို ဒီပစ္စည်းနဲ့ကန်တော့ပြီး တောင်းပန်ရမှ သု စိတ်ချမ်းသာမှာပါ"

"လုပ်ကွာ . . လုပ်၊ 'သု'ကြိုက်သလိုသာလုပ်တော့"

လင်းလက်က လက်နှစ်ဖက်မြှောက်ကာ အိပ်ခန်းတွင်းရှိဆိုဖာမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

'သု'က လင်းလက်ပေးခဲ့စဉ်ကအတိုင်း . . ရတ



www.burmeseclassic.com

www.burmeseclassic.com



နာဘူးထဲ ပစ္စည်းတွေစနစ်တကျပြန်ထည့်ကာ လက်နှစ်ဖက်ဖြင့် ဘူးကိုကိုင်ပြီး ထွက်သွားသဖြင့် . . လင်းလက် လေပွေမှုတ်ထုတ်ကာ ခေါင်းယမ်းကျန်ရစ်ခဲ့လေသည်။

နောက်မှ . . ပြဿနာတစ်စုံတစ်ရာထပ်ဖြစ်ရင် အခက်ဟုစိုးရိမ်စိတ်ဖြင့် အပြေးလိုက်ကြည့်၏။

လှေကားထက်ဝက်ချိုးအရောက်မှာ ချစ်ဖေး 'သု'က မေမေဒေါ်တင်နွယ်ဝင်း၊ မမမြသိင်္ဂီနှင့် ကျော်ဝဏ္ဏတို့သုံး ယောက်ထိုင်နေသောဆိုဖာခုံရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ကန်တော့ နေသည်ကိုမြင်ရခြင်းအတွက် ပီတိတွေဝေသွားရလေသည်။

ခင်ပွန်းစိတ်ကြိုက်ဖြစ်စေသူပါလားဟု ရင်ထဲ မှာကျေနပ်သွားရလေသည်။

ထိုအချိန်မှာ . . ပီတိတွေဝေကျန်နေကြရသူ က ကျော်ဝဏ္ဏနှင့် မြသိင်္ဂီတို့ဇနီးမောင်နှံဖြစ်ကြပါသည်။

'သု'က မိမိဆည်သည့်ပစ္စည်းနှင့်ကန်တော့သည် ကိုထင်ရှားသိသာစေရန် ရတနာဘူးလေးဖွင့်လှစ်ပြသထားခြင်း အတွက် ဝမ်းသာကျေနပ်သွားကြလေသည်။

"သုမှာ မိဘတွေပေးလိုက်တဲ့ရတနာပစ္စည်းတွေရှိနေ ကိုလင်းလုပ်ပေးထားတဲ့ပစ္စည်းတွေကို ပြန်အပ်ပြီး ကန်





တော့တာပါ မေမေ၊ သု . . ပြောမှားဆိုမှားရှိတာခွင့် လွှတ်ပါ"

'သု'က ပုဆစ်ဒူးတုပ် ကျုံ့ကျုံ့လေးထိုင်လျက် ကန်တော့၏။ ဒေါ်တင်နွယ်ဝင်း၏လက်ထဲသို့ ရတနာဘူးကိုထည့် ပေး၏။

ပြီးတော့ ခပ်သွက်သွက်ကလေးပြန်လျှောက် လာခဲ့ချိန်မှာ . . လင်းလက်က ချစ်ဇနီး၏လက်ကလေးကို လှမ်း ဆွဲဆုပ်ကိုင်လေသည်။

"ကျေးဇူးပါပဲ . . သုရယ်"

'သု'ကြားရအောင် တီးတိုးလေးဆိုလေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၁၈)

'ထားရီ'ကို 'သု'အတွက်သီးသန့်ထားပေးတာ ပါသည်။ ထားရီအလုပ်က 'သု'လိုအပ်တာကူညီရန်ဖြစ်၏။

ထားရီက 'သု'၏အဝတ်အစားလျှော်ဖွပ်၊ မီးပူ တိုက်၊ အခန်းရှင်း၊ ဗီရိုရှင်း၊ 'သု'လိုအပ်တာရှိသမျှပြုလုပ်ပေးနေ း အတွက် 'သု'မှာ ဘာလုပ်စရာမှမရှိအောင် အားလပ်နေခဲ့၏။

"ထားလိုက်ပါ ထားရီ၊ အဲဒီ ဗီရို ငါ့ဖာသာငါရှင်းပါ့မယ်၊ နင်က မီးဖိုထဲမှာသွားပြီး ဝိုင်းကူပေးလိုက်ပါလား"

ထားရီက 'သု'၏အဝတ်တွေစနစ်တကျထည့် း နေရာမှ . . 'သု'ကိုလှည့်ကြည့်ပြီး မဲ့ကာပခုံးလေးတွန့်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . အဲဒီလိုသွားလုပ်လိုက်လို့ကတော့ . နောက်နေ့တွေမှာ မမနားကို ထားရီပြန်ကပ်လို့ရ လိမ့်မယ်အားကြီး၊ မမမြသီဂီလက်ထဲ ထားရီရော သွားမှာသိရဲ့လား၊ မီးဖိုချောင်ထဲမှာလည်း သူ့အလုပ် မားနဲ့သူရှိနေတာပါ မမရယ်၊ ဘာမှအားနာမနေပါ

"နင်လည်း . . မမမြသီဂီအကြောင်းသိသားပဲ ထား နင့်တို့ သီးသန့်ချည်း ခေါ်ထားတာကိုပဲ မြူစွ မြောင်းပြောဆိုနေတာ၊ လူတစ်ယောက် အနားခေ ထားပြီး ဘာတွေခိုင်းရလောက်အောင် အလုပ်များ တယ်မသိဘူး ဘာညာနဲ့ဟာ၊ ငါ ဘယ်လောက်စိ ညစ်ရတယ်မှတ်သလဲ"

"ပြောပေ့စေ မမ၊ သူ့ကို ဂရုစိုက်နေရင် မမမှာ နေစ တောင်ရှိမှာမဟုတ်ဘူး၊ သူက မမကို တမင်သက်သ မနေနိုင်အောင်လုပ်နေတာ၊ မှန်တာပြောရရင် ကို ကြီးဂျပန်ကပြန်လာရင်ဆိုတဲ့မျှော်လင့်ချက်နဲ့ အ မျှော်လင့်ပြီးစောင့်နေကြတာလေ၊ ပါလာသမျှသိမ်းတ ပြီးလက်ဝါးကြီးအုပ်ဖို့ပြင်နေခဲ့ကြတာ၊ ယော . . ကို ကြီးကသူတို့ကိုတလန်တဆန်လုပ်ပြီး သူ့သဘောနဲ





မိန်းမ,ယူလာတော့ မမကို ငြိုးကြတာပေါ့"

"အေးဟယ် . . ငါလည်း စိတ်ထဲမှာ အရမ်းခံစားရတယ် ထားရီ၊ စိတ်လည်းညစ်တယ်၊ ကိုလင်းက အရမ်းဂရု စိုက်ပြီး ကြင်နာလို့သာ တော်တော့တယ်၊ နင့်မို့ရင် . . ငါ ထွက်ပြေးမိမှာအမှန်ပဲ"

"အမယ်လေး . . ထွက်တော့မပြေးပါနဲ့မမရယ်နော်၊ ကို ကိုကြီးက ထားရီကိုဘတ်နေပါ့မယ်၊ သူတို့ကို ဘာမှဂရု မစိုက်နဲ့ စိတ်ပျော်အောင်သာနေပါ၊ အရေးအကြီးဆုံး က ကိုကိုကြီးနဲ့အဆင်ပြေရင်ပြီးတာပဲ၊ မမပျင်းရင် စာ ကြည့်ခန်းထဲမှာ စာအုပ်တွေထစ်ပုံကြီးပဲရှိတယ်၊ မမ လည်း စာဖတ်ဝါသနာပါတာပဲဟာ . . ဖတ်ပေါ့"

"စာဖတ်ဝါသနာပါတာကတော့ . . နင်သိတဲ့အတိုင်းပဲ ထားရီ၊ ခက်တာက အောက်ထပ်မှာ သူတို့ရှိနေတော့ ငါ မသွားချင်ဘူး"

"ဘာဖြစ်လဲ မမရယ် . . ဒီတစ်အိမ်လုံးမိသားစုပိုင်ပဲ ဟာ၊ ဘယ်သူဘယ်နေရာအပိုင်ရယ်လို့ သတ်မှတ်ထား တာမှမဟုတ်တာ၊ သွားပေါ့ . . သွားပါ၊ မမကြိုက်တဲ့စာ အုပ်ရွေးယူခဲ့၊ အခန်းထဲမှာ ပြန်လာဖတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းကတော့ ကိုလင်းတ ကောင်းမယ်ထင်တာ
ရွေးပြီး ယူပေးနေကျဟ"

"ခု . . ကိုယ့်စိတ်ကြိုက် ကိုယ်ရွေးလို့ရတာပေါ့ မ
သွားပါ . . ဒီအိမ်မှာ မမက တစ်သက်လုံးနေရ
အဲဒီလိုစိမ်းသက်နေရင် သူများပြောစရာဖြစ်နေ
မယ်၊ သွားပါ . . မမရဲ့ တကတဲမှပဲ"

ထားရီတ တွန်းတွန်းထိုးထိုးလေး အားပေး
လွှတ်၏။ 'သူ'ကလည်း ဖျင်းနေသဖြင့် စာအုပ်ဖတ်ချင်စိတ်ပြင်း
စွာရှိနေခဲ့ပါသည်။

'သူ' အောက်ထပ်ဆင်းလာချိန်မှာ ဘယ်သူ
မနေပါ။ တိတ်ဆိတ်ငြိမ်သက်နေ၏။

သြော် . . မေမေတို့အပြင်ထွက်သွားကြတာ
ဟု သတိရကာ စိတ်လွတ်လက်ပျော်ရွှင်သွားခဲ့လေသည်၊

စာကြည့်ခန်းထဲဝင်ကာ 'သု'ဖတ်ချင်သည်
အုပ်ရှာဖွေကြည့်ရှုနေစဉ်မှာ လူဝင်လာတာ 'သု' လုံးဝသတိမ
မိလိုက်ပါ။

ဝင်လာသူက မြသိဂီ၏ခင်ပွန်း ကျော်ဝဏ္ဏ
၏။ အပြင်ကပြန်လာသူဖြစ်သဖြင့် ဇနီးနှင့်ယောက္ခမကြီးအ





ထွက်သွားတာ လုံးဝမသိလိုက်ပါ။

ဇနီး မြသိဂီကိုရှာရာမှ စာကြည့်ခန်းထဲမှာလူ
ရိပ်တွေ့သဖြင့်ဝင်လာခဲ့ရာမှ . . မထင်မှတ်ဘဲ 'သု'ဖြစ်နေခြင်း
ကြောင့် အံ့ဩသွား၏၊

ပြန်ထွက်မည်ပြုပြီးမှ စာအုပ်လှမ်းယူနေသော
'သု'၏ကြော့ရှင်းလှပသည့်ပုံစံလေးကို အငေးသားကြည့်မိ၏၊

'သု'၏မျက်နှာလေးဟာ ငေးကြည့်ချင်စရာ
ကောင်းလောက်အောင်လှပတာကို . . ဟိုးတစ်နေ့က မေမေ့ကို
ဝိုင်ထည်တွေဖြင့်ကန်တော့စဉ်ကမှ သတိထားကြည့်မိခဲ့၏။(ယခင်
က အမှတ်မထင်နေခဲ့တာပါ)

ယခု . . နောက်တကျော့ခိုင်းအနေအထားဖြင့်
လည်း 'သု'၏သွယ်ပြောင်းနွဲ့နှောင်းသောပုံစံတလေးက ကြော့ရှင်း
လှပချစ်စရာကောင်းလိုက်တာ။

ကျော်ဝဏ္ဏ၏ခြေလှမ်းတွေ ရွေ့၍မရအောင်
ငေးမောရပ်တန့်နေမိတာ ကျော်ဝဏ္ဏကိုယ်တိုင်ပင် သတိမထားမိ
အောင်ပါ၊

'သု'က ခြေဖျားလေးထောက်တာ စာအုပ်များ
လှမ်းယူနေစဉ်မှာ လက်တစ်ဖက်က 'သု'၏လက်ပေါ်မှကျော်လွှား

www.burmeseclassic.com



ရောက်ရှိလာလျက် စာအုပ်လှမ်းဆွဲယူလိုက်ခြင်းကြောင့် 'သု' လ
သွား၏။

'သု'က အလန့်တကြားလှည့်အကြည့်၌ သု
နောက်ကျောမှာ အနီးကပ်ရောက်ရှိနေသူ၏နှာခေါင်းက သု၏
လေးကို ရွှတ်ခနဲမွှေးလိုက်သလိုဖြစ်သွားခဲ့၏။

"ဟင် . . ရှင် . . ရှင် . . ဘာလုပ်တာလဲ"

ကျော်ဝဏ္ဏပါလားဟုသိလိုက်သည့်အတွ
'သု' လန့်ဖျပ်တုန်လှုပ်သွား၏။

ဒေါသစိတ်က ထိန်းမရအောင်ငယ်ထိပ်
တက်၏။ စော်ကားလိုက်တာ . . မိုက်ရိုင်းလိုက်တာဟူသောခံပြ
စိတ်ဖြင့် လက်လွဲတာရိုက်လိုက်ချိန်နှင့် . . မြသီဂီနှင့်ဒေါ်တင်နွ
ဝင်းတို့အခန်းဝရောက်ခြင်းကတိုက်တိုက်ဆိုင်ဆိုင်ဖြစ်သွားရလေသည်

မြသီဂီနှင့်ဒေါ်တင်နွယ်ဝင်းက အပြင်မှပြ
လာခဲ့ပြီးနောက်မှာ စာကြည့်ခန်းထဲမှအသံကြားသဖြင့် အဝေါ
ဝသို့ပြေးလာကြည့်ရာ၌ သုကကျော်ဝဏ္ဏကိုအရိုက်နှင့် တွေ့ခြ
ဖြစ်လေသည်။

"ဟင် . . ဘာဖြစ်နေကြတာလဲ . . ဒါ"

မြသီဂီ၏အသံက တျားဟိန်းသံလို ဟိန်းထွ





လာခဲ့၏။

သုသည် အံ့ဩထိတ်လန့်တုန်လှုပ်နေရာမှ မိမိ
ကိုစားတော့ဝါးတော့မတတ်ကြည့်နေသော ယောက်မနှင့်ယောကျ
ခ ၏မျက်လုံးများကိုမြင်တွေ့လိုက်ရလေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၉)

လင်းလက်၏တားအိမ်ရှေ့ထိုးဆိုက်တာ လင်းလက်တစ်ယောက်လုံးအိမ်ထဲဝင်ရောက်လာသည်ကိုမသိကြသည်အထိ ဒေါ်သစိတ်တွေအသီးသီးပေါက်ကွဲလွင့်ထွက်နေကြတာပါ။

လှေ့တားတက်တော့မည့်လင်းလက်၏ ခြေယောက်တွေ တွန့်ဆုတ်သွားကြရသည်အထိ အသံကျယ်လောင်စွာကြားရလေသည်။

"သူ . . နင်က ငါ့ယောက်ျားကိုတောင်အလွတ်မပေးပါလား၊ ဒီအခန်းထဲထိဝင်ပြီးဖောက်ပြန်နေကြတယ်ပေါ့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“စကားကို ဆင်ဆင်ခြင်ခြင်ပြောရင်ကောင်းမယ် မ
သိဂ်၊ မမသိဂ်ယောကျ်ား စည်းကမ်းမရှိတာကိုပြောပ
သူက ကိုယ့်ဖာသာကိုယ်စာအုပ်ဖတ်ဖို့လာရှာတာကို
သူက”

'သု'၏စကားမဆုံးမီမှာပင် ကျော်ဝဏ္ဏ၏အသံ
ကဟိန်းထွက်လာခဲ့လေသည်။

“ဘာ . . သူကလဲ၊ နင်ခေါ်လို့ငါဝင်လာတာနော်
သု ပြီးတော့မှ . . တွေ့တရာလျှောက်မပြောနဲ့”

“ဘာဖြစ်တယ် . . ရှင့်ကို ဘယ်သူကခေါ်မှာလဲဟင်
ရှင်နဲ့တစ်ခါမှအရေးလုပ်ပြီး စကားပြောဖူးတာတော
မဟုတ်ဘူး၊ ခု . . ရှင်သက်သက်ဝင်လာတာ 'သု'
နောက်ကနေ နမ်းလိုက်လို့ ပါးရိုက်လိုက်ရတာ”

“ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ၊ နင် ကုန်း
ချောနဲ့နော် သု၊ ပစ္စည်းတွေပြန်ပေးလိုက်ရတာနဲ့ ငါ
လင်မယားဒုက္ခရောက်အောင် ချောက်မတွန်းနဲ့”

“ဟုတ်တယ် . . နင် ဒီအိမ်ပေါ်ရောက်ပြီးကတည်း
အိမ်မှာအားလုံးစိတ်ညစ်ကြရတယ် သုရဲ့၊ နင်က
ကယ့်ဗြိုဟ်ပဲ၊ မီးလိုမွှေတာ . . စဉ်းစားကြည့် မေမေ





နေရာကို သူ ဘယ်တုန်းကလာဖူးလို့လဲ၊ ခု . . သမီးတို့
မေမေတို့မရှိတာနဲ့ ဒီနေရာအထိရောက်လာတာကို
ကြည့်၊ မှုမှန်ဟုတ်ရဲ့လားလို့ . . ကိုဝဏ္ဏကတော့ ခါ
တိုင်းလည်း ဒီအခန်းထဲဝင်ထွက်နေခဲ့တာအဆန်းမ
ဟုတ်ဘူး၊ သူရောက်နေတာက ဆန်းနေတာ”

“ရှင်တို့လွန်ပြီနော် . . အရမ်းကိုလွန်နေပြီ၊ မတရားမ
စွပ်စွဲနဲ့”

'သု'အသံလေးက ဒေါသထွက်လွန်းသော
ကြောင့်တုန်ရှိနေလေသည်၊ ဒေါ်တင်နွယ်ဝင်း၏မျက်နှာက သု
တိုကြည့်သောအကြည့်မှာ အထင်သေးစိတ်တွေပြည့်နေခဲ့၏၊

“သမီးပြောလည်း ပြောစရာပဲ သုရဲ့၊ ညည်းကိုက အ
လုပ်မဟုတ်တာ၊ ငါတို့ရှိတုန်းက ဒီအခန်းထဲတစ်ခါမှမ
ဝင်ဖူးဘူးဘဲနဲ့ အခုမှဝင်တဲ့သဘောက ဘာသဘောလဲ”

“သု ပြောပြီးပြီပဲ မေမေ၊ စာအုပ်ဖတ်ဖို့လာရှာတာပါလို့
သမီးပြောပြီးပြီပဲ”

“တခြားအချိန်မရွေးဘဲ ကျော်ဝဏ္ဏတစ်ယောက်တည်းရှိ
တဲ့အချိန်ကိုမှရွေးရသလား”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



'သု' အံ့ဩလှစွာ မျက်လုံးပြူးလျက် ရင်တွေတဒိတ်ဒိတ်ခုန်လာလေသည်။

မြတ်စွာဘုရား . . .

'သု'ကို ယောက္ခမကိုယ်တိုင်က သူ့သားမက်နှင့်စွပ်စွဲနေတာပါလား။

"ဘုရား . . ဘုရား . . မေမေ ဘယ်လိုပြောလိုက်တာလဲ"

'သု'ကိုယ်တိုင် အံ့ဩလွန်းလှစွာ ရင်ဖိမျက်ရည်ဝိုင်းချိန်မှာ လင်းလက်ကိုအခန်းပေါက်ဝမှာ 'ဘွား'ခနဲတွေ့လိုက်ရခြင်းက 'သု'ကို အားတက်စေရပါသည်။

"တိုလင်း"

သုက ငိုသံပါကြီးနှင့်ခေါ်ကာ တစ်ရှိန်ထိုးပြေးလျက် လင်းလက်၏ရင်ခွင်မှာ မျက်နှာအပ်ငိုလေသည်။

"ကယ်ပါဦး၊ တိုလင်းရယ်၊ သုကိုကယ်ပါဦး"

ငိုမိပါပြီ။

ကျော်ဝဏ္ဏအပါအဝင် မိခင်နှင့်အစ်မဖြစ်သူက နောက်ပြန်လှည့်ကြည့်ရာမှ လင်းလက်ထွန်းကိုမြင်တွေ့သွားကြ၏။

"မေမေ ဘယ်လိုပြောလိုက်တာလဲဗျာ . . သုတလည်း





သားနဲ့ပတ်သက်နေမှတော့ မေမေ့သမီးပါ၊ ဒီလိုစကားမျိုးမပြောသင့်ပါဘူး"

ဒေါ်တင်နွယ်ဝင်း၏မျက်နှာ တင်းခနဲဖြစ်ထွန်း

"လင်းလက်"

စိတ်ဆိုးလှစွာ ခေါ်သံက မာနေ၏။

"ကြည့်စမ်း . . မင်းက မိန်းမနဲ့ပတ်သက်လာတော့ မအေကိုတောင်ခံပြောပြီပေါ့ . . ဟုတ်လား"

"ပြောစရာဖြစ်လာလို့ပါ မေမေ၊ 'သု'အနေအေးတာတည်ကြည်တာ မေမေသိပါတယ်၊ ပြီးတော့ . . 'သု'က ဒီအိမ်သားတစ်ယောက်ပဲ၊ စာကြည့်ခန်းထဲဝင်တာဘာဖြစ်သလဲ"

"တော်စမ်း . . လင်းလက်၊ အခုဘာတွေဖြစ်လို့ ဒီစကားပြောရသလဲဆိုတာ မင်းသိရဲ့လား . . ဟင် . . နွားရဲ့၊ မင်းမိန်းမက . . သူတစ်ယောက်တည်းဝင်တယ်ထင်လို့လား၊ ကျော်ဝဏ္ဏကိုပါမြူဆွယ်ပြီးခေါ်တာတဲ့ . . မေးကြည့် မင်းယောက်ဖကို"

ဒေါ်တင်နွယ်ဝင်းက ကျော်ဝဏ္ဏကိုလက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုး ၏။ ကျော်ဝဏ္ဏက မျက်နှာငယ်လေးဖြင့် ခေါင်းညိတ်ပြပုံ...
ဘာမျှ သိနားမလည်သည့်ပုံစံမျိုးပါ။

"မဟုတ်ဘူး . . မဟုတ်တာတွေမပြောပါနဲ့ မေမေရယ် 'သု'တောင်းပန်ပါတယ်၊ သု ရှက်လို့ပါ၊ 'သု'မကြားပါ... စေနဲ့"

'သု' ငိုပြောလေ . . ဒေါ်တင်နွယ်ဝင်းနှ... မြသီဂီပုံစံကမျက်နှာကြောတင်းလေပါ။

"ဟုတ်တဲ့ . . ဒေါ်သုန္ဒာ၊ ကျွန်မက မဟုတ်တာတွေ... ပြောတယ်ဆိုရအောင် . . ညည်းလုပ်တာကရော ... လုပ် ဟုတ်လို့လား၊ တွေးကြည့်စမ်းပါ၊ ဘယ်အမျိုးသမီ... ကောင်းမှ သူများယောကျ်ားနဲ့ တစ်ခန်းထဲဝင်မနေဘူး... အေ့ . . သိရဲ့လား"

"တော်ပါတော့ . . မေမေ၊ မေမေပြောတာ တရားလွန်... နေပါပြီ၊ သုက ကျွန်တော့်မိန်းမပါ၊ 'သု'အကြောင်း... 'သု'စိတ်ဓာတ်ကို ကျွန်တော်အသိဆုံးပါ၊ 'သု'လောက်... သားတာ . . အေးဆေးတာ 'သု'ပဲရှိပါတယ်၊"

"ဩော် . . ဒါဖြင့် . . တို့က မအေးဆေးဘူးပေါ့၊ ... သားဘူးပေါ့ . . ဟုတ်လားဟင်"





မမြသီဂီက တစ်စခန်းထလာပြန်လေသည်။ ...င်းလက်မဲ့ပြုံးပြုံး၏။

"ဒါတော့ မမအသိဆုံးဖြစ်မှာပါ"

မိမိက ချစ်ဇနီးကိုတန်ဖိုးထားပေးအပ်ခဲ့သော ...ထည်တွေကိုလိုချင်မက်မောစိတ်ရှိခဲ့တာက လင်းလက်ရဲ့မမ ...သီဂီပဲလေ။

ဒါကို . . အဆင်ပြေမှုရှိသွားစေရန် လက်ဝယ် ...ပြီးသားပစ္စည်းတွေထိုးပေးခဲ့ရတာက ချစ်ဇနီး သုန္ဒာပါ။

"ကြည့်စမ်း . . မင်းတပါ မိန်းမဘက်ပါတယ်ပေါ့ ဟုတ်လားဟင်၊ သုန္ဒာ . . ညည်းက တော်တော်လည်းစည်းရုံးရေးကောင်းတဲ့မိန်းမပါလား"

"မမ . . တော်ရုံပဲအနိုင်ကျင့်ရင်ကောင်းတယ်ဗျာ၊ 'သု' အပေါ်မှာ မမ ဆိုးလွန်းတယ်"

မြသီဂီ ဆွေ့ဆွေ့ခုန်သွားရလေသည်။

"အမယ်လေးလေ . . ကြည့်စမ်း၊ ကြည့်စမ်း ကိုယ့်အစ်မကို ကိုယ်ဝီလိုတောင်ပြောနေပြီလား၊ တွေ့လား မေမေ၊ မေမေ့သားက 'မ'ဘက်လိုက်ပြီး မိုက်ဘက်ပါနေပြီ"

"ဟုတ်တယ် လင်း။ ကိုယ့်အစ်မ ကိုယ့်အမေဘက်ကပါရ...



www.burmeseclassic.com

www.burmeseclassic.com



မှာကို မင်းက ခုတော့ . . .”

“ဒါကတော့ . . မှန်တဲ့ဘက်က ကျွန်တော်လိုက်တာ မေမေ”

ဒေါ်တင်နှယ်ဝင်းက ရင်ဘတ်ကလေးပု သည်အထိဖြစ်သွား၏။

“မြတ်စွာဘုရား . . ဒါဖြင့် တို့ကမှားတယ်ပေါ့၊ တို့မှား ကြတာပေါ့”

“မေမေပဲစဉ်းစားကြည့်လေ . . ‘သု’ကို ကျွန်တော်လ ဆောင်ပေးထားတဲ့မဂ်လာဦးပစ္စည်းလည်း လိုချင်တ ဆိုရင် သုက ပေးလိုက်တာပဲမဟုတ်လား”

“ဪ . . လက်စသတ်တော့ မင်းက ဒါကိုအခဲမကျေ ဖြစ်နေတာကိုး လင်းရဲ့ . . ဟင်၊ ပြန်ယူ . . မင်း ပစ္စည်း ဘာတစ်ခုမှလိုချင်ခဲ့တာမဟုတ်ဘူး၊ ပြန်ယူ လိုက်စမ်းပါ၊ အမယ်လေးလေ . . လိုချင်တယ်များဖြ ရသေးတယ်၊ မင်းမိန်းမက တို့ကိုမျက်နှာလိုမျက်နှာ လုပ်ပြီးလာထိုင်ကန်တော့ပြီးပေးခဲ့တာပါ၊ ငါက ပေး မယ် တစ်ခွန်းများပြောခဲ့ဖူးသလား မင်းစဉ်းစားကြည်

“ပေးရမယ် မပြောပေမဲ့ . . ပြောတာဆိုတာတွေက ဒီ





ဘောပဲသက်ရောက်ခဲ့တာပဲ မေမေ”

“တော်တော့ လင်း၊ မင်းစကားတွေလွန်နေပြီ . . မိုက် ရိုင်းလွန်းနေပြီ . . မအေကိုခံပက်တဲ့ အဆင့်အထိ ရောက်လောက်အောင် မင်းမိန်းမကသွေးထိုးလှုံ့ဆော် မှုတွေ တော်တော်ကောင်းခဲ့တာပဲ”

“မေမေ . . ‘သု’ကိုထည့်မပြောပါနဲ့၊ ‘သု’က သူများမ ကောင်းကြောင်း တစ်ခွန်းပြောတတ်တဲ့သူမဟုတ်ဘူး”

“ဟင် . . ဒါဖြင့် . . တို့ကပြောနေတာဆိုနေတာပေါ့ ဒီလိုလား”

“ဟာဗျာ . . ကျွန်တော်စိတ်ညစ်တယ် မေမေ၊ စိတ်ဆင်း ရဲလာပြီ၊ ကျွတ် . . ဟွာ . . သုပြောတာဟုတ်တယ်၊ ကျွန်တော်တို့ ဒီမှာဆက်နေဖို့ လုံးဝမဖြစ်တော့တာ”

ဒေါ်တင်နှယ်ဝင်း သဘောကျစွာ ရယ်၏။

“မင်းပြောတော့ . . မင်းမိန်းမက သူများမကောင်း ကြောင်း တစ်ခွန်းမပြောတတ်ဘူးဆို၊ ခုပဲ . . ‘သု’ပြော တာဟုတ်တယ်လို့ . . မင်းပါးစပ်ကထွက်လာခဲ့ပြီပဲ လင်းရဲ့၊ ဆင်းပါ . . ဆင်း၊ မင်းတို့အဆင်ပြေမယ့်နေ ရာ . . သင့်မြတ်မယ့်နေရာကိုဆင်းပါ၊ ဒီအိမ်မှာ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထားရင် ငါပဲ နှလုံးရောဂါရပြီး မြန်မြန်သေမှာ၊ ဒီတော့အိမ်ခွဲနေကြတာအကောင်းဆုံးပဲလင်း၊ ခွဲကြပါ. . ခွဲနေကြပါ”

လင်းလက် ချာခနဲလှည့်ထွက်၏။ ‘သု’က ဘယ်အချိန်ကတည်းက အပေါ်ပြန်တက်သွားသည်မသိ။ မရှိတော့ပါ။

လင်းလက်အခန်းထဲအရောက်မှာတော့ အိပ်ရာပေါ်မှာငိုနေသော ‘သု’ကိုထားရီကချော့နေတာတွေ့ရလေသည်။

“ပြောလိုက်ပါ ထားရီ၊ အကျိုးအကြောင်းတွေအားလုံး ကိုလင်းသိအောင် ပြောပြလိုက်ပါ”

‘သု’ ငိုသံတလေးဖြင့်ပြော၏။ ထားရီက ခေါင်းလေးညိတ်၏။

“ဟုတ်တယ် ကိုကိုကြီး၊ မမ ‘သု’ပြောတာတွေက အမှန်တွေပါပဲ၊ မမ,ဖျင်းနေတာတွေတာနဲ့ စာအုပ်ဖတ်ဖို့ ထားရီကပဲတိုက်တွန်းတာပါ၊ မမက မသွားချင်ဘူးပြောခဲ့တာပါ၊ ထားရီက . . ဘာဖြစ်လဲ သွားလို့ရတယ် သွားပါတိုက်တွန်းခဲ့တာ၊ အဲဒီအချိန်မှာ အိမ်မှာဘယ်သူမှမရှိဘူးလေ၊ ကိုကိုဝဏ္ဏလည်းမရှိပါဘူး၊ ဘယ်လိုပြန်ရောက်နေမှန်း ထားရီတောင်မသိတာပါ”





“အေးပါ . . ‘သု’အကြောင်း ငါကောင်းကောင်းသိနေတာပဲ၊ ကဲ . . သွား၊ ညည်းလည်း လုပ်စရာရှိတာတွေ သွားလုပ်တော့”

ထားရီထွက်သွားမှ လင်းလက်က သုအနီးမှာ ကပ်ထိုင်ကာ မျက်ရည်စကိုသုတ်ပေး၏။

“တိတ်ပါ သုရယ်၊ ဖြစ်သမျှအားလုံး ကိုယ်တောင်းပန်ပါတယ်”

“သု၊ သု . . သူတို့မျက်နှာတွေကိုဘယ်လိုမျက်နှာမျိုးနဲ့ ကြည့်ရတော့မလဲ ကိုလင်းရယ်”

“သု စိတ်ချမ်းသာရပါ့စေမယ် သုရယ်၊ ကိုယ်တို့ ဒီအိမ်က နေပြောင်းမှဖြစ်မှာပေါ့၊ ပြောင်းမယ်နော်”

“တကယ်လားဟင် ကိုလင်း . . တကယ်လား”

သု . . ဝမ်းသာအားရဖြစ်သွားရလေသည်။

“တကယ်ပေါ့ . . သုရယ်”

“ကျေးဇူးတင်လိုက်တာ ကိုလင်းရယ်၊ သု . . ကိုလင်းကို ကျေးဇူးတင်လိုက်တာ”

သုက လင်းလက်ထွန်း၏ရင်ခွင်ထဲမှာ အားရပါးရ ငိုချလိုက်လေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၀)

"ကောင်းလိုက်တာ ကိုလင်းရယ်၊ တိုက်က အရမ်းကိုလှတာပဲ"

မြင်လိုက်တာနှင့် နေချင်စဖွယ်ဖြစ်လျက် ခမ်းနားလှပလှသောနှစ်ထပ်တိုက်ကြီးနှင့် ခြံကျယ်ကြီးက သူ၏စိတ်ကို ရှင်လန်းတက်ကြွ လန်းဆန်းစေလှပါသည်။

"သူ . . ကြိုက်မှာသေချာတယ်ထင်လို့ ဒီတိုက်ကိုရွေးခဲ့လိုက်တာပဲ သုရဲ့၊ သု ပျော်သွားတာမြင်တော့ ကိုယ်ပါပျော်သွားတယ်၊ ကိုယ့်မှာ သုစိတ်တိုင်းကျဖြစ်ဖို့ မနည်းကြိုးစားလိုက်ရတာ"

www.burmeseclassic.com



"ကိုလင်း အရမ်းကိုပင်ပန်းသွားမှာပဲနော်"

"မှန်တဲ့အတိုင်းပြောရရင် စိတ်ရော လူပါပင်ပန်း
တယ်ဆိုပါတော့ သုရယ်၊ ဈေးက ခေါင်ခိုက်အော
တက်နေတော့ ဒီတိုက်ကိုဝယ်နိုင်ဖို့ ကိုလင်း အရမ်း
ကြိုးစားခဲ့ရတာပါ"

"အားနာလိုက်တာ ကိုလင်းရယ်၊ 'သု'လိုချင်တာက
လောကတခမ်းတနားကြီးဖြစ်ဖို့မဟုတ်ပါဘူး၊ ထော
သင့်ရုံလောက်ဆိုရပါပြီ"

ခြံကျယ်ကြီးထဲမှနေ၍ အိမ်ကြီးကိုတစိမ့်
မော့ကြည့်ရင်း လင်းလက်က 'သု'၏ပခုံးလေးကိုဖက်ကာ ခြံ
ပန်းအလှပင်တွေကြားထဲ လမ်းလျှောက်စကားပြောရခြင်းအ
သာက အိမ်ခွဲထွက်လာခဲ့ပြီးမှ ဦးဆုံးရရှိလာခဲ့ခြင်းပါ။

"ကိုယ်ကတော့ 'သု'တို . . အကောင်းတကာ့အကော
ဆုံးဖြစ်အောင်ထားချင်တာကိုး သုရဲ့၊ ပြီးတော့ . . .
ကိုယ့် 'သု'လေးက . . မိဘ လက်ထဲမှာကတည်း
ကောင်းကောင်းနေလာခဲ့ရတာ၊ ဘယ်မှာလာပြီးတော
ရုံသင့်ရုံလောက်နဲ့ထားရက်ပါ့မလဲ၊ ဒါကြောင့် . . တို
ကြိုးစားရတာပေါ့"





"ဒါပေမဲ့ . . တန်ကြေးကနည်းတာမှမဟုတ်တာ ကိုလင်း
ရဲ့၊ သိန်းကိုထောင်ချီတယ်ဆို"

"နေရာလေးကလည်း ကောင်း၊ တိုက်အဆင့်ကလည်း
မြင့်တာကိုး သုရဲ့၊ ပေးရမှာပေါ့"

"အဲဒီအတွက် ကိုလင်းအစုရှယ်ယာတွေထုတ်ရောင်းရ
တာ၊ လုပ်ငန်းတချို့ သူများလက်ထဲရောက်သွားရတာ
ကျတော့ 'သု' ဘယ်စိတ်ကောင်းပါ့မလဲ ကိုလင်းရယ်"

လင်းလက် အံ့အားသင့်စွာ မျက်လုံးလေးပြူး
၏။လင်းလက်က 'သု'သိလျှင် စိတ်မကောင်းဖြစ်မှာစိုးသဖြင့်
'သု'ကို လုံးဝပြောခဲ့ခြင်းမရှိပါ။

"ဟင် . . သု ဒါတွေဘယ်သူပြောသလဲ"

အံ့အားသင့်စွာ မျက်လုံးလေးပြူးမေး၏။

"ထုံးစံအတိုင်းပေါ့ ကိုလင်းရယ်၊ မမမြသီဂီနဲ့မေမေက
သု ကြားအောင်ပြောဆိုနေတာ 'သု'ကြားရတာပေါ့၊
ကိုလင်းပစ္စည်းတွေတော့ တုန်ပါပြီ . . မွဲပါပြီတဲ့၊အခု
လည်း . . ကုမ္ပဏီအစုရှယ်ယာတွေ သူများလက်ထဲပါမ
သွားရအောင် ကိုဝဏ္ဏက ထိန်းသိမ်းပြီးယူပေးလို့ မိ
သားစုပိုင်ကုမ္ပဏီ ပြိုကွဲမပျက်စီးသွားရတာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့တဲ့"

"အင်း . . ဟုတ်တယ်၊ ဒါ အမှန်တရားပဲ သုရဲ့၊ ဒီတိုက်မှာ သုကိုထားချင်တော့လည်း ငွေပေါ်အောင် ရောင်းသင့်တာရောင်း၊ ဖြုတ်သင့်တာဖြုတ်ရတာပဲ"

"ဖြစ်ရမယ် ကိုလင်းရယ်၊ သု စိတ်မကောင်းလိုက်တာ"

"တစ်ခုကိုလိုချင်ရင် တစ်ခုကိုစွန့်ရမယ်လေ 'သု'ရဲ့၊ဘယ်အရာမှ တစ်ပြိုင်နက်တည်း ပြိုင်မရနိုင်ဘူးမဟုတ်လား အဲဒီတော့ . . ကိုလင်းလည်း အဆင်ပြေအောင်လုပ်လိုက်ရတာပါ၊ ဒါပေမဲ့ . . မကြာပါဘူး၊ ကိုလင်းငွေပြန်ပေါ်တာနဲ့ ရှယ်ယာလည်းပြန်ယူလို့ရပါတယ်"

"ရပါ့မလား ကိုလင်းရဲ့၊ တော်နေကြာ . . ပြန်ဝယ်လို့မရရင် ဘယ့်နဲ့လုပ်မလဲ"

"ရမှာပါ . . တခြားလူဆိုရင် စိတ်ပူစရာပေါ့၊ ခုတော့ . . ကိုဝဏ္ဏက ခဏလှည့်ယူထားတဲ့သဘောပါ၊ သူ့မှာ ငွေအဲဒီလောက်များများစားစားရှိမယ်တောင်မထင်မိဘူး 'သု'ရဲ့၊ ကိုယ်အကျပ်တွေ့နေတုန်းကူညီတဲ့အနေနဲ့ယူနိုင်တာ ကိုယ်အံ့သြနေရတာ"

သု စိတ်ပျက်စွာ ပင့်သက်ချမိရပါပြီ၊





"သု စိတ်ထဲမှာလေးလိုက်တာ ကိုလင်းရယ်၊ အဲဒီလူက စိတ်ထားကောင်းလှတာမဟုတ်ဘူး၊ တော်နေကြာ . . ကိုလင်းရှယ်ယာတွေ ပြန်မရောင်းရင် ဘယ့်နဲ့လုပ်မလဲဟင်"

"ရောင်းမှာပါ . . ဒါက ကိုယ်တို့မိသားစုပိုင်ပဲဟာ၊ ဖေဖေက သူ့ကုမ္ပဏီကို သိပ်မြတ်နိုးတာ 'သု'ရဲ့၊ ဆုံးခါနီးအချိန်ထိ Family Palace ကိုထိန်းသိမ်းစောင့်ရှောက်ဖို့ တဖွဖွမှာထားခဲ့တာ၊ ဖေဖေမရှိတော့တဲ့နောက်မှာ မေမေရယ် . . မမရယ် . . ကိုယ်ရယ် သုံးယောက်တည်းရှိတာလေ၊ သုံးစုတည်းဆိုပါတော့"

"ခု . . ကိုလင်းက ကိုလင်းရဲ့အစုရှယ်ယာတစ်ဝက်ကို ရောင်းလိုက်ပြီဆိုတော့ ဘယ်လိုဖြစ်သွားနိုင်လဲဟင်"

"ဟင့်အင်း . . ဘာမှဖြစ်စရာမရှိဘူးလေ သုရဲ့၊ ကိုဝဏ္ဏက မမရဲ့ခင်ပွန်းဖြစ်နေတာပဲ၊ အပြင်လူကိုသာရောင်းလို့မရတာ၊ မိသားစုနန်းတော်က မိသားစုစည်းမျဉ်းထဲမှာပဲရှိတာပဲ၊ ဘာလဲ . . သုက ဘာတွေစိုးရိမ်နေတာလဲ ပြောပါဦး"

"အလုပ်ကိစ္စအဆင်မပြေမှာပဲစိုးရိမ်တာပါ ကိုလင်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေရင်ပြီးတာပါပဲ"

"ဘာမှစိတ်မပူနဲ့ . . မစိုးရိမ်နဲ့သု၊ နော် . . သု စိတ်

သာအောင်သာနေပါ၊ အားလုံးအဆင်ပြေသွားမှ

လင်းလက်က သု၏မေးဖျားလေးကိုပင့်

ပြောသဖြင့် . . သု ပြုံးပြီးခေါင်းညိတ်ရလေသည်။

"ကျေးဇူးတင်ပါတယ် ကိုလင်းရယ်"

တကယ်ကိုမြတ်နိုးလေးစားအားကိုးစွာ . .

မှ ချစ်ခြင်းများစွာဖြင့်ပြောမိ၏။

'သု'အပေါ်မှာထားရှိသော လင်းလက်၏

မေတ္တာစွမ်းအားကို 'သု'ယုံကြည်လေးမြတ်စွာ တုံ့ပြန်ချစ်မိရ

ညာဏကို နှလုံးသားထဲမှ လုံးဝထုတ်ပယ်လိုက်တာအမှန်

ကြောင်း ယခုအချိန်မှာ သု ရဲ့ဝံ့စွာဝန်ခံရပါသည်။

> > >



## အခန်း(၂၀)

အခန်းခန်းအဆောင်ဆောင်ဖြင့် ဖွဲ့ထားသော

ကို၏တိုက်ကြီးမှာ မြင်သူတိုင်း ငေးမောကြရပါသည်။ နှစ်

တ်သဘောကျကြရပါသည်။

'သု'ရယ်၊ ကိုလင်းရယ်၊ ထားရီတို့ဇနီးမောင်နှံ

ယ် လေးယောက်သာရှိသောနေအိမ်မှာဖြည့်ဆည်းရသော ပရိ

ဘာဂ၊ မွမ်းမံပြင်ဆင်ရသော ပြင်ဆင်ခြယ်သမှုများစွာက လင်း

တ်၏ငွေတွေ တတိတိပွန်းပဲ့စေခဲ့တာ 'သု'လုံးဝ သတိမထားမိ

။

လင်းလက်ကလည်း 'သု'စိတ်ဆင်းရဲမည်စိုးသ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် 'သု'၏အလိုကျသာဖြစ်စေခဲ့၏။ သု ပြင်ဆင်ချင်သည့်အတိုင်း ပြုလုပ်ပြင်ဆင်ပေးခဲ့၏။

'သု'၏မွေးနေ့မှာတော့ သုသည် အံ့သြဝမ်းသာ ခြင်းကြီးမားစွာဖြစ်ခဲ့ရပါသည်။

အိပ်ရာမှနိုးထစမှာ လင်းလက်ကိုမတွေ့ရခြင်းက 'သု'အတွက်မထူးဆန်းတော့ပါ။ လင်းလက်က အိပ်ရာမှနိုး သည်နှင့် ဘုရားခန်းမှာဝတ်ပြုတရားထိုင်တတ်သောအကျင့်ရှိ ခဲ့တာလေ။

ထုံးစံအတိုင်း . . တရားထိုင်နေလောက်ပြီ 'သု'ထင်၏။ 'သု'ရေမိုးချိုးသန့်စင်ပြီး ပြန်ထွက်လာစဉ်မှာ 'သု'ဝတ်ဖို့ အဝတ်အစားထုတ်ပေးနေကျအတိုင်း ထားရှိ အဝတ်တစ်စုံကိုင်ပြီး အသင့်စောင့်ကြိုနေတာကလည်း 'သု'အ တွက် အဆန်းတကြယ်မဟုတ်ပါ။

ထားရှိက 'သု'ကို ဒီလိုပဲပြုစုနေကျဖြစ်၏ ယခုတော့ . . ထားရှိကိုင်ထားတာက 'သု'လုံးဝမမြင်မတွေ့ သေးသော အဝတ်သစ်တစ်စုံဖြစ်နေတာက အံ့အားသင့်စ ဖြစ်လေသည်။

"ဟင် . . ဒီအကျီအဝတ်အစားကို သု တစ်ခါမှတော





မမြင်ဖူးပါဘူး"

"ဘယ်မြင်ဖူးမလဲ မမရဲ့၊ ဒါ ကိုကိုကြီးက မမအတွက် အသစ်စက်စက်ချုပ်ပေးထားတာကိုး"

"ဟယ် . . ဘာလုပ်မှာလဲ 'သု'မှာလည်း အဝတ်အစား တွေတစ်ပုံကြီးရှိနေတဲ့ဟာ"

"ဒီနေ့က မမ'သု' မွေးနေ့လေ မမရဲ့၊ ဒီတော့ . . ဒီအ ဝတ်အစားဝတ်ပြီးရင် အလှဆုံးပြင်ဆင်ပြီး ဆင်းခဲ့ပါ လို့ ကိုကိုကြီးက မှာထားတာ"

"ဟာ . . အိမ်မှာနေရင်းဝတ်ရမယ့် အဝတ်မှမဟုတ် တာ ထားရှိရယ်"

"ဒါပေမဲ့ . . ဒီနေ့က မမ'သု'မွေးနေ့လေ မမရဲ့၊ ကိုကို ကြီးက ဒါကြောင့် ဝတ်စေချင်တာဖြစ်မှာပေါ့ . . ဝတ် လိုက်ပါ မမရဲ့၊ ကိုကိုကြီး ကြည့်ချင်လို့ဖြစ်မှာပေါ့"

ထားရှိမျက်နှာက မချိမချဉ်ပြုံးစေ့စေ့ပုံစံမျိုး ဖြင့် တစ်မျိုးလေးဖြစ်နေ၏။ ကြည်နူးဝမ်းမြောက်ဝမ်းသာဖြစ်နေ ဟာ ရယ်ချင်နေသလိုပါ။

"နင့်မျက်နှာက ဘာဖြစ်နေတာလဲ"

"ဟင် . . ဘာဖြစ်လို့လဲ၊ ဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောသံမှာပင် ရယ်သံကလေးစွက်လို့ပါ။

"တစ်ခုခုလျှို့ထားသလိုပဲ .. ပြောနော်၊ မပြောရင် ဟော ဒီအဝတ် ဝတ်ကိုမဝတ်ဘူး"

"အာ .. အဲဒီလိုတော့ လုပ်လို့မရဘူး မမရဲ့၊ ထားရီရယ်ချင်တာက ကိုကိုကြီးအဖြစ်သည်းနေတာမြင်နေရလို့ ရယ်ချင်တာ"

"ဘာအဖြစ်သည်းတာလဲ၊ ဒီအကျီအဝတ်အစားဝတ်ခိုင်းတာလောက်နဲ့"

"မမ .. မသိဘူးနော်၊ အောက်မှာ မမကိုကြိုဖို့အဆင်သင့်လုပ်နေတာက .. အဟီး .. ဝတ်နော်၊ ပြီးတော့ အရမ်းလည်းလှအောင်ပြင်ဦး"

"အဲဒီထားရီတစ်ယောက်ကလေ"

'သူ'မျက်စောင်းလေးထိုးပြီး အမြန်ဆုံးပြင်ဆင်ချိန်က မြန်လှ၏။

"ဟောတော့ .. ပြီးပြီလား"

ထားရီပင် အံ့အားသင့်၏။

"ပြီးပြီပေါ့ ထားရီရဲ့၊ ခုလောက်ပြင်တာတောင်လွန်လှပြီ ပွဲ့နေပွဲထိုင်သွားတာမှမဟုတ်တာ"





"ဒါ .. ဒါပေမဲ့ .. ဒီအဝတ်အစားနဲ့လိုက်ဖက်အောင် ပြင်ဆင်သင့်တာပေါ့ မမရဲ့၊ ဒါမှ .. ကိုကိုကြီးက သူ ဝယ်ပေးတဲ့အဝတ်အစားနဲ့ သူ့ အရမ်းလှတာမြင်ရင် တအား ပျော်သွားမှာ"

"ငါမြင်တာတော့ ကိုလင်းထက်ကို နင်ကပိုနေတာပါ ထားရီရယ်"

"မပိုပါဘူးနော် .. လုံးဝမပိုဘူး၊ ထားရီရဲ့မမ ဘယ်လောက်လှသလဲဆိုတာ ဟိုမိန်းမမြင်သွားစေချင်တာ မမသိရဲ့လား"

"ဟင် .. ဘယ်မိန်းမလဲ"

"လှိုင်ထိပ်ထားဆိုတာရောက်နေတယ်"

"ဟင် .. ဘာလာလုပ်တာလဲ သူက"

'သူ'စိတ်ထဲမှာ မျက်ခနဲဖြစ်၏။ မတွေ့ချင်ပါ။ အဲဒီမိန်းမနဲ့ လုံးဝတိုမတွေ့ချင်ပါ။

"မေမေကြီးတို့နဲ့ပါလာတာပဲ၊ ဟိုဒင်း မမြသိင်္ဂီတို့လည်းပါတယ်"

"ဟင်"

သူ၏အံ့ဩမှုက အဆုံးစွန်အထိရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီးက အိမ်အလည်လာဖို့ မိတ်ထားခဲ့တာ

တယ် မမ၊ ကဲပါ . . မမရယ်၊ မြင်လိုက်ပါ၊ လှလှ

မြင်ပြီးဆင်းလာခဲ့ပါ . . တော်နေကြာ . . သိပ်ကြာ

ရင်မကောင်းဘူး"

'သူ' စိတ်ပျက်စွာ ပင့်သက်ချ၏။

ဩော် . . 'သူ'မွေးနေ့မှာ သု မတွေ့ချင် မြ

ချင်ဆုံးသောသူတွေနှင့် တွေ့ရဦးမှာပါလား။

သု . . လည်တိုင်လေးမော့ခေါင်းလေးလှန်

မှ မျက်လုံးမှိတ်ကာ အသက်တဝရှူမိ၏။

ကိုလင်းက တာလို့များခေါ် ရတာလဲတွယ်

'သု' လုံးဝနားမလည်နိုင်အောင်ရှိလေသည်

➤ ➤ ➤



## အခန်း(၂၂)

'သု'လှေကားမှဆင်းလာချိန်မှာ ရယ်မောစ

ားပြောသံတွေကြားရ၏။ အောက်ထပ်ခန်းမကြီးတစ်ခုလုံး

ချစ်စတယ်လ်မီးတိုင်မှမီးရောင်က လှပစွာဖြာကျနေ၏။

လှေကားတစ်ထစ်ပြီးတစ်ထစ်ဆင်းလာရာမှ

ခဲ့ ဩဖြင်းက တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာ၏။

ညစ်ပွဲတစ်ခုကျင်းပနေသလို ခမ်းနားလှပစွာ

ပြင်ဆင်ထားသော အပြင်အဆင်က သာမန်ထက်ထူးကဲနေတာ

သု' မြင်တွေ့ရလေသည်။

"မမသု . . ဆင်းလာပါပြီ ကိုကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထားရိုင်း၏ရှင်ပျကြည်လင်သောအသံက စ...
ပြောသံတွေ၊ ရယ်မောနေသံတွေကို ငြိမ်သက်သွားစေ၏။

လင်းလက်အပါအဝင် မော့ကြည့်လိုက်...
သော လူတွေ၏မျက်လုံးအစုံက မင်သက်ငေးမောသွားမိကြ...
ကို မဖုံး ကွယ်နိုင်အောင်ရှိ၏။

"သု . . ကိုကြိုဆိုကြရအောင်ပါခင်ဗျာ"

လင်းလက်က သတိဝင်ကာ အသံပြု...
လိုက်မှ လက်ခုပ်သံတွေ တဖြောင်းဖြောင်းပေါ်လာ၏။

သုသည် ဘယ်လိုမှထင်မှတ်ထားခြင်းမရှိသေ...
ကြိုဆိုမှုကြောင့် အံ့ဩလှစွာ နေရာမှာရပ်တန့်ကာကြောင်ကြော...
ကလေးဖြစ်နေခဲ့၏။

လက်ခုပ်တီး ကြိုဆိုသူတွေထဲမှာ . . သူ...
ယောက္ခမကြီးနှင့် မိသားစုဝင်များလုံးဝမပါဝင်တာကို 'သု'မြင်...
အောင်မြင်လေသည်။

"ကိုလင်း . . ဘာတွေလျှောက်လုပ်နေတာလဲ"

လင်းလက်က လှေကားထစ်များမှအပြေးတ...
လာပြီး 'သု'၏လက်ကိုဆွဲခေါ်တော့ သုက ခပ်ကြိတ်ကြိတ်က...
မာန်လေသည်။

စေဘာနာစာပေ



"သု မွေးနေ့မှာ သုကို ဂုဏ်ပြုကြိုဆိုတာလေ သုရဲ့"

လင်းလက်ကို မျက်စောင်းလေးရွယ်လိုက်စဉ်
...ပင် . . 'သု'ကြားဖူးနားဝဖြစ်နေသော စန္ဒရားတီးသံကို လှေ...
...ားဆင်းလာရင်းမှ သု ကြားရလေသည်။

ပျော်ရွှင်ဖွယ်ရာ . . နေ့ရက်မှာ ကျရောက်လာ
မွေးနေ့မင်္ဂလာ . . .
သာယာရွှင်မြူး . . ပြုံး . . ပြုံးတဲ့အလှကညာ
ချမ်းမြေ့စေရာ . . တောင်းဆုခွေမှာ . . .

"ဟင်"

သု၏ရင်တွေ ဒိန်းခနဲအခုန်မြန်၏။
ဖြစ်နိုင်ပါ့မလား . . . .
သု . . သု . . ဟာ . . 'ညာ'ဖြစ်နိုင်ပါ့မလား။

'သု' အံ့ဩတကြီးဖြစ်မှုက နေရာမှာပင်
...ကျောက်ရုပ်ကလေးတစ်ရုပ်လိုဖြစ်သွားခဲ့ရပါသည်။

အဆိုမပါ တီးလုံးသက်သက်က နားဝင်ချိုကာ
...နိုင်ကိုငြိမ်းအေးစေ၏။

'သု'ကျတော့ သုမမွေးနေ့ရောက်တိုင်း 'သာ'ဆို
...တီးနေကျတေးသံက နားယဉ်စေခဲ့ပါသည်။

စေဘာနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညာ"

လွှတ်ခနဲ အသံထွက်ခေါ်မိမတတ်ဖြစ်သွ

လျက် 'သု'၏ခြေဖျားလက်ဖျားတွေ အေးစက်သွားခဲ့တာ 'သု'သ

အသိဆုံးဖြစ်လေသည်။

"သု . . အဆင်ပြေလား၊ သု ကြည့်ရတာ အရမ်း

ရှော့(ခ်)ဖြစ်နေတဲ့ပုံပဲ"

စန္ဒရားတီးသူ ဘယ်သူဖြစ်မလဲ လှမ်းမျှေ

ကြည့် မိစဉ်မှာ . . လင်းလက်အသံကြောင့် 'သု' လန့်သွားခဲ့ရ

"သု အရမ်းအံ့ဩသွားတာပဲ"

သု . . အသံလေးများပင်တုန်နေခဲ့၏။

"ဆောရီးပဲ သုရယ်၊ ကိုယ်က သုကိုပျော်သွားစေချင်

တိတ်တိတ်ကလေးစီစဉ်ခဲ့တာ"

"တိစ္စမရှိပါဘူး . . ခုလည်း သုပျော်ပါတယ်"

'သု'ကို လင်းလက်က မွေးနေ့ကိတ်သုံးဆင့်တ

ထားရာစားပွဲသို့ ခေါ်ဆောင်ခဲ့သဖြင့် . . 'သု' . . စန္ဒရားတီးသူ

ကြည့်ခွင့်မရလိုက်ပါ။

မွေးနေ့ဆုတောင်းသီချင်းဆိုလိုက်သည်နှ

စန္ဒရားသံက တွှမ်းတျင်စွာဝင်လာခဲ့၏။





ဟုတ်ပါသည်။

သူဟာ . . 'ညာ'မှ 'ညာ'အစစ်ပါ။

ညာဏထင်ပါ။

'ညာ'ဘယ်လိုကဘယ်လို ဒီကိုရောက်လာခဲ့တာ

ပဲ . . 'သု'စဉ်းစား၍မရနိုင်ခင်မှာပင် လက်ခုပ်သံဖြိုင်ဖြိုင်ဆိုင်

ဆိုင်ပေါ်ထွက်လာကာ Happy Birthday သီချင်းသံ ညီညာစွာပေါ်

ထွက်လာလေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၃)

'သု'အတွက်ကတော့ အံ့ဩစရာဖြစ်ရပ်များ နှင့် တစ်ဆင့်ပြီးတစ်ဆင့်တွေ့ဆုံခဲ့ရခြင်းဖြစ်၏။

"လင်းရေ . . မိတ်ဆက်ပေးရဦးမယ်လေ . . ဒီမှာ . . "

သုနှင့်လင်းလက်တ ညှို့သည်တွေနှင့်စကား ပြောနေစဉ်မှာ နောက်ကျောမှကပ်၍ပြောလိုက်သံကြားရခြင်း ကြောင့် သုရော လင်းလက်ပါ လှည့်ကြည့်မိ၏။

"ဟင်"

သု . . မျက်စိများမှားသလားထင်မှတ်လိုက်ရ ၏။ ရင်မှာ ဒလစပ်အခုန်မြန်သည်မှာ နှလုံးသားတွေပြုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကုန်မလားထင်ရ၏။

"ညာ"

'သု'၏ချစ်လှစွာသော . . 'ညာ'

'ညာ'ဟု သုက ချစ်မြတ်နိုးစွာခေါ်ခဲ့ပါသော 'ညာဏထင်'။

တစ်ချိန်က ဆံပင်ပုံစံဖရိုဖရဲ၊ ရှပ်အင်္ကျီရင်ဘတ်ဟပြဲနှင့် ဖြစ်သလိုနေတတ်သော 'ညာ'က ယခုတော့ . . 'သု'၏ မျက်စိရှေ့မှောက်မှာ သပ်ရပ်သားနားစွာ ရပ်နေ၏။

'သု'ကိုမျက်တောင်မခတ်စိုက်ကြည့်နေသော အကြည့် . . ပြုံးသောအပြုံးများက . . .

"မှတ်မိသေးရဲ့လားဟင် . . သု"

ဟု ခနဲ့တဲ့တဲ့မေးနေသလိုပါ။

ပို၍ထူးဆန်းအံ့ဩဖွယ်ရာကောင်းတာက ညာဏထင်၏နံဘေးမှာ ပြုံးပြုံးကလေးရပ်နေသူသည် လင်းလက်နှင့် သဘောတူညီခဲ့သော လှိုင်ထိပ်ထားဖြစ်နေခြင်းပါ။

လင်းလက်က ညာနှင့်သုအကြောင်း လုံး၀ သိမထားခဲ့သူဖြစ်သဖြင့် ယဉ်ကျေးဖော်ရွေစွာ ပြုံးနှုတ်ဆက်နိုင်သော်လည်း . . 'သု'က အံ့ဩငေးမောကာ ကြောင်အမ်းအမ်းကလေးပဲ





ကြည့်နေခဲ့မိလေသည်။

"ဒါက ညာဏထင်တဲ့ လင်းရဲ့စောစောတုန်းက 'သု' ဆင်းအလာမှာ စန္ဒရားတီးပြီး ကြိုဆိုခွင့် လင်းဆီမှာ တောင်းပေးပါပြောလို့ 'လှိုင်'လာပြောပေးခဲ့တာ"

လှိုင်ထိပ်ထားနှင့် 'ညာ'က ဘယ်တုန်းက ဘယ်လိုခင်မင်သိကျွမ်းပါလိမ့်ဟု . . 'သု' စဉ်းစား၍မပါ။

"ကျေးဇူးတင်လိုက်တာဗျာ . . ခင်ဗျားဝင်ပြီးကူညီလိုက်လို့ 'သု'အတွက် ကျွန်တော်စီစဉ်ပေးတဲ့မွေးနေ့ပွဲက ပိုပြီးမြိုင်သွားတာဗျ . . သိလား၊ 'သု'ဆင်းအလာနဲ့ ခင်ဗျားစန္ဒရားတီးသံ ငြိမ့်ငြိမ့်လေးနဲ့အရမ်းကိုအဆင်ပြေသွားခဲ့တာပဲ ကို ညာဏထင်၊ အရမ်းကို ကျေးဇူးတင်တယ်ဗျာ"

လင်းလက်က လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်း၏။ ညာဏထင်က 'သု'မြင်သာအောင် မချိုပြုံးလေးပြုံးပြလျက်ပြန်လည်လက်ဆွဲနှုတ်ဆက်ခဲ့လေသည်။

"ကျွန်တော်ကလည်း ကျွန်တော့်ကိုခွင့်ပြုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ စန္ဒရားမြင်ရင် ကျွန်တော်ကအင်မတန်တီးချင်စိတ်ရှိခဲ့တာလေ၊ ကျွန်တော့်ကိုဖိတ်တာမဟုတ်ဘဲနဲ့ လှိုင်နဲ့လိုက်လာခဲ့ရာကနေ ခုလို၀င်ပါမိတာ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အားနာနေတာဗျ”

“ဟာ . . ဘာအားနာစရာရှိသလဲ၊ လိုက်လာခဲ့တာကိုတောင် ကျွန်တော်က ကျေးဇူးတင်ရမှာဗျ၊ ကျွန်တော်က လင်းလက်ထွန်းပါ၊ ဒါက ခင်ဗျားသိပြီးတဲ့အတိုင်း ကျွန်တော့်ဇနီး သုနန္ဒာပါ”

လင်းလက်က ‘သု’နှင့်မိတ်ဆက်ပေးနေပြန်၏။ ‘သု’က မိမိကိုပြုံးကြည့်ပြီး လက်ကမ်းလိုက်သော ညာဏထင်ကို မျက်လွှာပင့်ကြည့်ပြီး အံ့ဩတကြီးဖြစ်ရပါသည်။

‘ညာ’အသည်းနှလုံးတွေက ဤမျှအထိခံနိုင်ရည်ရှိသတဲ့လား၊ သု . . မယုံချင်ပေ။

‘သု’၏စိတ်ထဲမှာ ဆန်းကြယ်လှသောအဖြစ်အပျက်များအတွက် ဆန်းကြယ်စွာခံစားရ၏။ တစ်စုံတစ်ခုဖြစ်တော့မှာလို ရင်ထဲမှာ ထိတ်ခနဲဖြစ်၏။ ကျောထဲမှ စိမ့်ခနဲဖြစ်၏။

“သုက သိပ်ကိုလှနေတာပဲ”

မိတ်ဆွေတစ်ယောက်က လင်းလက်ကိုနှုတ်ဆက်လိုက်သဖြင့် လင်းလက်က လှည့်ပြီး စကားပြောချိန်မှာ ‘ညာ’က ရသည့်အခွင့်အရေးကို နှုတ်မနှေးဘဲ အမြန်ပြောချလိုက်ခြင်းဖြစ်လေသည်။





“ကျေးဇူးတင်ပါတယ်”

သုက ချာခနဲလှည့်ထွက်မည်ပြု၏။

“နေပါဦး သု၊ ညာနဲ့ စကားတောင်မပြောချင်တော့ဘူးလား”

ညာဏထင်က ဟန့်တားသဖြင့် . . သုခြေလှမ်းလေး တုန့်ခနဲဖြစ်၏။

“ဟုတ်တယ် . . သုရဲ့၊ ညာက ‘သု’နဲ့ခင်တယ် တွေချင်တယ်ဆိုလို့ လှိုင်ခေါ်လာခဲ့တာ၊ ဒီရောက်တော့ ‘သု’ပုံစံက စိမ်းနေလို့ လှိုင်တောင် အံ့အားသင့်ရတာ၊ ညာဏထင်နဲ့ ‘သု’က သူငယ်ချင်းတွေဆိုတာ ဟုတ်သလား”

“ဟုတ်ပါတယ်”

‘သု’ မငြင်းသာတော့ပါ။ လှိုင်၏ အံ့ဩမျက်နှာက ယခုမှ ရွှင်လန်းစွာ ဝင်းပလာ၏။

“အမယ်လေး . . အဲဒါများ သုရယ်၊ ဒီလောက်စိမ်းစိမ်းကြီးနေရတယ်လို့၊ ဘာလဲ . . လင်း ပြောမှာဆိုမှာကြောက်လို့လား”

“အဲဒီလိုလည်း မဟုတ်ပါဘူး”

‘သု’၏အသံက စိုးထိတ်စွာ တုန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုက လှိုင်ထိပ်ထားနှင့်လည်းယခုလိုစကားကြာကြာမပြောဘူးပါ။

'ညာ'နှင့် 'သု'တို့ ချစ်သူဖြစ်ခဲ့ကြတာ သိများသိနေသလားဟု လန့်စိတ်လည်းပါဝင်နေခဲ့ပါသည်။

"မဟုတ်ဘူး လှိုင်ရဲ့၊ 'သု'က သုတို့မင်္ဂလာဆောင်ကို ကျွန်တော်မရောက်ဖြစ်ခဲ့လို့ စိတ်ဆိုးနေခဲ့တာ"

ကြည့်စမ်း . . 'ညာ'ဘာတွေလျှောက်ပြောတာလဲ။

'သု' အံ့ဩလှစွာ ဆတ်ခနဲမော်ကြည့်၏။

'ညာ'၏မျက်နှာပြင်မှ ထေ့ပြုံး၊ခနဲ့ပြုံးတွေကို 'သု'မြင်ရလေသည်။

"ဩော် . . ဒါဆိုရင်လည်း ခွင့်လွှတ်လိုက်ပါ သုရယ်၊ ညာ့ခများ 'သု'နဲ့တွေ့ရမယ်ဆိုလို့ အတော့်ကိုပျော်ခဲ့တာ"

လှိုင်ထိပ်ထားပုံစံက အရိုးခံပုံစံအနေအထားဖြစ်၏။ 'ညာ'ကိုလည်း အတော်လေးပင် ခင်မင်ရင်နှီးသည့်အနေအထားမှာရှိနေလေသည်။

'သု'က ညာဏထင်ကိုတစ်လှည့်၊ လှိုင်ထိပ်ထားကိုတစ်လှည့် အကဲခတ်ကြည့်မိလေသည်။

"ဟုတ်တယ် . . သု၊ မင်္ဂလာဆောင်မလာဖြစ်ခဲ့တဲ့ကိစ္စအတွက် သုကို ကျွန်တော်တောင်းပန်ပါတယ်၊ အဲဒီအချိန်တုန်းက မေမေ့သုံးလပြည့်ဆွမ်းကျွေးရက်နဲ့တိုက်ဆိုင်နေခဲ့တာ"

"ဟင် . . ဘာဖြစ်တယ်"

'သု' တကယ်အံ့အားသင့်သွား၏။

"ကဲ . . သူငယ်ချင်းနှစ်ယောက်တွေ့တုန်း အေးအေးဆေးဆေးစကားပြောနေကြဦး၊ လှိုင် ခဏလေးနေရင်ပြန်လာခဲ့မယ်"

လှိုင်က မြသိင်္ဂီလက်ယပ်ခေါ်ရာသို့ အမြန်ပြေးထွက်သွားခြင်းက ညာဏထင်အတွက် လွတ်လပ်စွာစကားပြောဆိုဖို့ ဖန်တီးပေးသွားသလိုပါ။

"လာ သု၊ ကျွန်တော်တို့ ဒီစားပွဲမှာထိုင်ကြရအောင်"

သု လှည့်အကြည့်မှာ . . ယောက္ခမဖြစ်သူ ဒေါ်တင်နွယ်ဝင်းက လှမ်းကြည့်အကဲခတ်နေသည်နှင့်ဆုံ၏။

'သု'၏မွေးနေ့ပွဲကို ကျော်ဝဏ္ဏအပါအဝင် မိသားစု စုံစုံလင်လင်ရောက်ရှိနေခြင်းအတွက် 'သု' အံ့ဩ၏။

ကျော်ဝဏ္ဏနှင့်ညာဏထင်တို့ တရင်းတနှီးရှိနေကြကြောင်း 'သု'မသိခဲ့တာအမှန်ပါ။






www.burmeseclassic.com

www.burmeseclassic.com



'သု'စိုးရိမ်ပူပန်တာက 'သု'ကို ညာနှင့်စွပ်စွဲပြောဆိုကြမှာကိုသာ တွေးပြီးရင်လေးနေမိလေသည်။

➤ ➤ ➤

## အခန်း(၂၄)

'သု'က 'ညာ'နှင့် ကုလားထိုင်တစ်လုံးခြားမှာ၏၊ ညာဇာတ ကြီးကျယ်ခမ်းနားသောတိုက်ကို မျက်လုံးဝေ့ကြည့်လေသည်။

"သု ဘာဖြစ်လို့ဒီလူကိုလက်ထပ်လိုက်တာလဲဆိုတာ ခုမှပဲ အဓိပ္ပါယ်ရှင်းတော့တယ်"

"ဘာလဲ . . အဲဒီအဓိပ္ပါယ်က"

"အရမ်းကိုပြည့်စုံချမ်းသာတဲ့လုံကြွယ်ဝနေတဲ့သူကို . . ဘယ်သူကငြင်းနိုင်မှာလဲ"

"မစော်ကားနဲ့နော် ညာ"


စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လှိုင်က 'သု'တို့ထံ ပြန်ပြေးအလာမှာ 'သု'၏ ခပ်ဆတ်ဆတ်အသံကြောင့် 'သု'တို့အနားလာဖို့ အားနာသွားရ လျက် နီးရာစားပွဲဝိုင်းမှာ ကျောလေးခိုင်းထိုင်လိုက်၏။

သူများပြောစကားဆိုစကား ခိုးနားထောင်ရာ မဟုတ်ဘဲ ကြားသာသောနေရာမှာရောက်ရှိနေခြင်းအတွက် သုနှင့် ညာဏ်ထင်တို့ပြောဆိုသောစကားအားလုံးကို ကြားရသည့် အနေအထားမှာရှိလေသည်။

"သုက . . ညာ့လို ပြောပြီးတဲ့စကားပြန်ဖျက်တဲ့မိန်းမ စားမျိုးမဟုတ်ဘူး"

"ဟုတ်လား . . ပြောပါဦး၊ ကိုယ်က ဘာကိုစကားဖျက်ခဲ့ တာလဲ"

"သုကိုလက်ထပ်မယ်ဆိုတာကိုပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် သုကိုလာတွေ့မယ်ဆိုတာကိုပေါ့၊ အဲဒီစကားကို သုယုံခဲ့ တယ်၊ မျှော်လင့်ခဲ့တယ်၊ စောင့်ခဲ့တယ် . . သိရဲ့လား"

"ဟား ဟား ဟား . . ဟုတ်လို့လား သုရဲ့၊ ကိုယ်တွေတာ ကတော့ သုတို့ရဲ့ ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်းမင်္ဂလာ သတင်းပဲ၊ အဲဒီနောက် ဘာကြားလဲ 'သု'တို့လက်ထပ်ခဲ့ တာပဲ"





"ကိုယ့်အပြစ်ကို သူများအပြစ်လွှဲချဖို့စိတ်မကူးနဲ့"

"ဟင့်အင်း . . ဒီစကားတွေအားလုံး အမှန်အတိုင်းပြော ခဲ့တာပဲ သုရဲ့၊ လုံးဝလိမ်ညာတာ တစ်ခွန်းမပါဘူး . . မပါခဲ့ဘူး၊ မေမေဆုံးလို့ သောကပရိဒေဝရောက်နေ တဲ့ကြားက ကိုယ် 'သု'ဆီကိုအရောက်လာခဲ့သေးတယ်"

'ညာ'ဆိုနေကျ ပန်းချစ်သူသီချင်းသံကိုကြားရ ာအချိန်ကာလကို 'သု'အမှတ်ရ၏။ အဲဒီတုန်းက 'သု'တောင် ာ'၏နောက်သို့လိုက်ဖို့ပြင်ခဲ့တာပဲ။

"ဘာဖြစ်တယ် . . အန်တီမှို ဆုံးသွားပြီ ဟုတ်လား"

"ဟုတ်တယ် . . ကိုယ့်ကို 'သု'အဖေက နှစ်ပြားမှမတန် အောင်ပြောဆိုလွှတ်လိုက်တဲ့အချိန်မှာ ကိုယ်အရမ်းကို စိတ်ထိခိုက်ပြီး ပြန်လာခဲ့ရတဲ့အချိန်မှာပဲပေါ့"

"ဟင်"

"မေမေ ဝေဒနာခံစားနေရတာ ကိုယ်သတိမထားမိဘူး၊ မေမေခါတိုင်းလိုပဲ ဒရင်းမ်ဘတ်(ခ်)မှာ အနားယူနေ တယ်မှတ်ပြီး ကိုယ်အဖော်ကားခံရတာတွေ၊ ကိုယ်ဆင်း ရဲစုတ်ပြတ်နေလို့ သုနဲ့သဘောမတူဘူးဆိုတာတွေကို မေမေ့ခြေသလုံးဖက်ပြီး တိုယ်ပြောပြမိတယ်၊ ကိုယ်ငို



www.burmeseclassic.com

www.burmeseclassic.com



မိတယ်၊ မေမေနားထောင်ရင်းမျက်ရည်ကျအောင် ကိုယ်လုပ်ခဲ့မိတယ် သု . . သိလား၊ ကိုယ်ဘယ်လောက် အသုံးမကျလိုက်သလဲဆိုတာ”

ပြောရင်း . . ညာဏထင်၏စိတ်က မေမေ့၏ နောက်ဆုံးအချိန်တာလကိုပြန်ရောက်၏။ သု စိတ်ထိခိုက် အံ့ဩစွာ ငေးကြည့်နားထောင်မိလေသည်။

“နောက်ဆုံးတော့ . . မေမေ့ခေါင်းလည်ကျသွားခဲ့တာပဲ၊ မေမေဆုံးသွားခဲ့တာပဲ”

“ဟင် . . .”

‘သု’တုန်လှုပ်ချောက်ချားသွားခဲ့ရတာ ကိုယ် လေးပါ ဆတ်ဆတ်တုန်သွားသည်အထိပါ။

ဖြစ်ရလေ . . အန်တီမို့ရယ်၊

စိတ်သဘောထားကောင်းလှပါသော အန်တီမို့ ကို မျက်စိထဲမြင်ယောင်ကာ စိတ်မကောင်းဖြစ် မျက်ရည်ဝဲရပုံက အဝေးမှကြည့်နေသော ခေါင်းတင်နှယ်ဝင်းတို့သားအမိသုံးယောက် အတွက် အထင်မှားစရာဖြစ်ရတာ . . ‘သု’ လုံးဝသတိမထားမိပါ။

“ဒါပေမဲ့ . . ကိုယ် သုဆီလာခဲ့သေးတယ်၊ သုနဲ့လာတွေ့ ခဲ့ပါသေးတယ်၊ သု လုံးဝထွက်မလာခဲ့ဘူး”





“မဟုတ်ဘူး၊ သု ထွက်လာခဲ့ပါသေးတယ်၊ ‘ညာ’ဆိုနေကျ ပန်းချစ်သူသီချင်းသံကြားတော့ ‘ညာ့’နောက်ကိုအပြေး လိုက်ဖို့ သု ကြိုးစားခဲ့တာပါ”

“အဲဒီညက ကိုယ် ငုတ်တုတ်မိုးလင်းခဲ့တာပဲ၊ ပေတောပြီး စောင့်နေခဲ့တာပဲ”

“သုကလည်း ထွက်ဖို့ကြိုးစားခဲ့တာပဲ”

“ဒါဖြင့်ရင် . . ဘာလို့ ကိုယ်နဲ့မတွေ့တာလဲ”

“သုကို ဖေဖေတို့တွေ့သွားကြတယ် ‘ညာ’၊ သုသာ သုစိတ် သဘောအတိုင်း ‘ညာ့’နောက်ကိုလိုက်ခဲ့ရင် ဖေဖေက သူ့ကိုယ်သူ သတ်သေမယ်လုပ်တာနဲ့ သု . .”

“တော်ပါတော့ သုရယ် . . တော်ပါတော့၊ ကိုယ် မယုံချင် ဘူး၊ ဘာကြောင့်လဲ . . နောက်တော့ ‘သု’တို့စေ့စပ်တာ ပါလာတာပဲ၊ ‘သု’သာ တကယ်ဆန္ဒရှိရင် ဘယ်လိုအ ခြေအနေမျိုးပဲဖြစ်ဖြစ်၊ အခက်အခဲ ဘယ်လောက်ရှိရှိ ကိုယ့်ဆီအရောက်လာမှာပါလို့ ယုံကြည်ထားခဲ့သမျှ အဲ ဒီမှာတင် ကိုယ် သုကိုစိတ်နာခဲ့တယ်၊ ချမ်းသာအောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ ကြိုးစားခဲ့တာပဲ၊ အခု . . ကိုယ် ချမ်းသာနေပြီ၊ သုလိုချင်တဲ့ အနေအထားရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရနေခဲ့ပြီ”

“ညာ . . မှန်မှန်ပြောစမ်း၊ ဘာမဟုတ်တာတွေလျှော[illegible]
လုပ်ခဲ့သလဲ”

“ကြည့်စမ်း . . သုက ကိုယ့်ကို တော်တော်အထင်အ[illegible]
သေးတာပဲတိုး၊ ညာဏ်ထင်ပါ သုရဲ့၊ လူဆင်းရဲ[illegible]
စာရိတ္တ မဆင်းရဲပါဘူး၊ မေမေမရှိတဲ့နောက်မှာ [illegible]
မှာတစ်ယောက်တည်းမနေချင်တော့တာနဲ့ ခြံနဲ့အိမ်[illegible]
ရောင်းပြီး ကိုယ် ရန်ကုန်ကနေထွက်လာခဲ့တယ်၊ [illegible]
ကုတ်ဏက်တယ်၊ မိတ်ဆွေကောင်းတွေနဲ့ တွေ့ရတ[illegible]
ကံကောင်းခဲ့တော့ ကိုယ့်တွင်းက ကျောက်အော[illegible]
တယ်၊ အဲ[illegible]နေအဆင်ပြေလိုက်တာ . . အခု ‘သု[illegible]
အသိုင်းအ[illegible]ဲအထိ ဝင်တိုးနိုင်ပြီလေ၊ ကဲ . . ဘ[illegible]
လိုလဲ”

“ဘာကို [illegible]ရမှာလဲ ညာ၊ ညာအဆင်ပြေ[illegible]
စီးပွားဥစ္စာတိုးတက်လာတာတွေအတွက် ‘သု’ဝမ်းသ[illegible]
ပါတယ်၊ အန်တီမှီရှိရင်လည်း အရမ်းဝမ်းသာမှာ[illegible]
ညာ့ အတွက် ‘သု’ ဂုဏ်ယူပါတယ်”

“ကိုယ်ကြားချင်တာ အဲဒီဂုဏ်ယူတာတို့၊ ဝမ်းသာတာ[illegible]





မဟုတ်ဘူး သုရဲ့၊ ကိုယ်နဲ့ခွဲနေရလို့ သု စိတ်ဆင်းရဲနေရ
တာမဟုတ်လား၊ ချစ်သူနဲ့ခွဲပြီး မချစ်မနှစ်သက်တဲ့သူနဲ့
ပေါင်းနေရတာမဟုတ်လား၊ ‘သု’တို ကိုယ်ပြန်လိုချင်နေ
တာ”

“ဟင့်အင်း . . မဟုတ်ဘူး၊ အဓိပ္ပါယ်မရှိတာတွေ ဘာလို့
လာပြောနေရတာလဲ ညာဏထင်၊ နင် အရှက်မရှိဘူး
လား ဟင်၊ နင် . . နင့် စိတ်ယုတ်မာလှချေလား၊ ငါက
အရင်သုနန္ဒာမှမဟုတ်တော့တာပဲ၊ နင် ဘာစကားတွေ
လာပြောနေတာလဲ”

‘သု’ ထိုင်ရာမှ ထရပ်ရာမှာ ထိတ်လန့်စွာဖြင့်
ဒူးတွေတုန်နေလျက် ရပ်တည်မရနိုင်အောင်ရှိခြင်းကြောင့် ပြန်
လည်ထိုင်ချရလေသည်။

“ပြော . . သု၊ ပြောချင်ရာပြော၊ ငါ့ရင်ထဲအသည်းထဲမှာ
နင့်ကိုမရတာ ငွေမရှိခဲ့လို့၊ ပစ္စည်းဥစ္စာရှားပါးခဲ့လို့ဆိုတဲ့
အစွဲနဲ့၊ သဲကြီးမဲကြီးရှာခဲ့သမျှအားလုံးဟာ နင့်ကိုရယူ
ပိုင်ဆိုင်လို့မှုက အဓိကအချက်ပဲ”

“ငတုံး . . နင့်လောက်တုံးတာ နင်ပဲရှိတယ်၊ သုနန္ဒာဆို
တဲ့မိန်းမက လင်းလက်ထွန်းရဲ့ဇနီးဖြစ်နေပြီပဲ၊ နင်နဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



လို့ရမလား ညာရဲ့"

"ရတယ် သု၊ နင်သာ လင်းလက်ထွန်းကိုကွာခဲ့ ပြ
ဆင်းလာခဲ့၊ နင့်ကို သူထားတာထက် အဆတင်
အောင် ငါထားနိုင်တယ် 'သု'၊ ထားပေးမယ်"

'သု' စိတ်ဆိုးလှစွာ တောက်ခေါက်လျ
ရာမှ ထရပ်၏။

"ညာ . . နင် ငါ့ကိုတော်တော်အထင်သေးတာပါ
နင့်ကို ငါဘယ်လောက်ပဲချစ်ခဲ့ချစ်ခဲ့ . . အခုအ
ငါချစ်တာဟာ ကိုလင်းပဲ၊ လင်းလက်ထွန်းတစ်
တည်းပဲရှိတော့တယ်၊ အဲဒါ နင်မြဲမြဲမှတ်ထား၊
ကိုငါနဲ့ ဆက်သက်ပြီး ဘာမှမမျှော်လင့်နဲ့၊ အဲဒီစ
တွေပြောဖို့ လုံးဝစိတ်မကူးနဲ့၊ ငါနဲ့လည်းလာ
ဒါပဲ"

ဆိုင်ရာမှ ဆတ်ခနဲ ထထွက်သွား
ကျောခိုင်းထိုင်နေသော လှိုင်ထိပ်ထားကို လုံးဝမတွေ့ခဲ့

လှိုင်တ. ပင့်သက်ချတာ အသက်တဝ
'သုနန္ဒာ'ကိုလည်း အထင်ကြီးလေးစားသွားရ၏။

ဪ . . လှိုင်ချစ်မြတ်နိုးခဲ့မိပြီဖြစ်သော





ဏာထင်က သုနန္ဒာကိုမှ အစွဲလမ်းကြီး စွဲလမ်းမြတ်နိုးနေခဲ့တာပါ
လား။

ထိုအချိန်မှာ . . တစ်ယောက်တည်းကျန်ရစ်ခဲ့
သောညာဏထင်အနားသို့ရောက်လာခဲ့သူက မြသီဂီ၏ခင်ပွန်း
ကျော်ဝဏ္ဏဖြစ်လေသည်။

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂၅)

"တိုက်တန်ဖိုးက နည်းတာမှမဟုတ်တာ၊ သိန်းထောင်နဲ့ ချီမှတော့ မင်းမှာ ကြွေးတင်ပြီပေါ့ လင်းရယ်၊ အစက တည်းက မင်း စဉ်းစဉ်းစားစားလုပ်သင့်တယ်၊ ခုတော့ မိန်းမပူဆာတိုင်း လျှောက်လုပ်တော့ . . ဒုက္ခရောက်ပြီ မဟုတ်လား"

ဒေါ်တင်နွယ်ဝင်း၏အသံက ဒေါသဖြင့် စူးရှ ကျယ်လောင်နေလေသည်။

"ဟာ . . မဟုတ်ဘူး မေမေ၊ ဒါ . . 'သူ'နဲ့လုံးဝကိုမဆိုင် တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဆိုင်ရမှာလဲ၊ မင်းမိန်းမအတွက် မင်းလုပ်
ဓါ သူနဲ့ဆိုင်တာပေါ့၊ ဘာလဲ . . ဒီကိစ္စက ငါတို့
လို့များ မင်းကစွပ်စွဲချင်နေသလား လင်း . . ဟ
အိမ်ပေါ်ကနေ မင်းသဘောနဲ့မင်းဆင်းသွားတာ
မင်းတို့ဘာသာ ကြီးကျယ်သွားကြတာ"

လင်းလက် စိတ်မျက်စွာ ပင့်သက်ချ၏။

"ဆင်းသွား . . ငါ့အိမ်မှာမနေကြနဲ့"

ပြောခဲ့တာ မေမေကိုယ်တိုင်ဖြစ်ပါသည်။
တော့လည်း လင်းလက်ကြီးကျယ်တာဖြစ်ရပြန်၏။

"ထားလိုက်ပါ မေမေ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သား
ထပ်မပြောချင်ဘူး၊ အခုပြောတာကငွေအကူအညီ
ဖို့ပြောနေတာပါ"

"ငွေအကူအညီ . . ဟုတ်လား၊ အံ့သြပါရဲ့ လင်း
မင်းတိုက်ကိုလည်း ဘဏ်မှာပေါင်ထားတယ်ဆို
ကြားပါတယ်၊ သိန်းပေါင်းမြောက်မြားစွာရတဲ့ကြ
ဘာလို့ငွေလိုနေရတာလဲ၊ ဘာတွေအသုံးကြမ်း
တာလဲ"

"တိုက်ဝယ်တုန်းကတင်တဲ့အကြွေးကိုဆပ်ဖို့ ဘဏ်





တိုက်ကိုပေါင်ခဲ့တာ မေမေ၊ ဘဏ်ကို အတိုးအရင်း
ပေါင်းပေါင်းဆပ်ရပြန်တော့ . . ငွေက လုပ်ငန်းထဲမှာ
မလည်ပတ်နိုင်ပြန်ဘူး၊ ဒါ့ကြောင့် . . ငွေ အခက်အခဲ
ဖြစ်တာပါ"

"ဟင် . . အဲဒီငွေအခက်အခဲက ဘယ်တော့မှပြီးပြတ်မဲ့
ကိစ္စမှမဟုတ်တာပဲ လင်းရဲ့၊ မင်းက ဒီငွေရတော့ရော
ပြီးမလား"

ဒေါ်တင်နွယ်ဝင်းနှင့် လင်းလက်တို့စကားပြော
ကျော်ဝဏ္ဏနှင့် မြသီဂီတို့တိုက်ထဲဝင်လာတာနှင့်ကြားရတာ
သဖြင့် လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်
က်ကြည့်ကာ မျက်ခုံးလေးများပင့်တက်သွားကြလေသည်။

"စိတ်မပူပါနဲ့ မေမေ၊ သား ဒီငွေကိုပြန်ဆပ်မှာပါ၊ အခု
လည်း ဒီအတိုင်းလက်လွတ်ယူမှာမဟုတ်ပါဘူး၊ တုမ္ဘကီ
မှာရှိတဲ့ သားရဲ့အစုရှယ်ယာတွေ မေမေ့တိုအပ်ထားမှာ
ပါ"

"အလိုတော် . . အဲဒီလောက်ငွေများများ မေမေ့ဆီမှာ
ဘယ်ရှိမှာလဲ လင်းရဲ့"

"ဟုတ်တယ် လင်း၊ မေမေတ ရှိတာလေးထိုင်စားနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာဘယ်လောက်ကြာပြီလဲ မေမေ့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့"

ညည်ခန်းထဲသို့ဝင်လာခဲ့သော မြသိဂီအသံ ကြောင့် လင်းလက်လှည့်ကြည့်လိုက်၏။ စီးကရက်မီးခိုးမှုတ်ထုတ် လျက်ဝင်လာသော ကျော်ဝဏ္ဏကို ဦးဆုံးမြင်ရလေသည်။

"စိတ်ညစ်အောင်လုပ်တာဟုတ်မလား မမရ၊ ခဏတစ်ဖြုတ် အကူအညီတောင်းတာပဲ"

"အဲဒီခဏတစ်ဖြုတ်က ဘယ်လောက်အချိန်အတိုင်းအတာထိရှိမှာလဲ၊ တစ်နှစ်လား တစ်သက်လုံးလား၊ မင်းလည်း အဲဒီမိန်းမရပြီးမှ အချိုးပြောင်းသွားတာပဲ လင်း၊ မေမေရော တို့ကိုပါ စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်တာပဲ"

"ဟာဗျာ . . တော်ပြီ မပြောနဲ့တော့၊ 'သူ'ကိုဆွဲမထည့်နဲ့၊ သူနဲ့ ဘာမှမဆိုင်ဘူး၊ အခုကိစ္စတွေအားလုံးကိုလည်း သူ ဘာမှသိတာမဟုတ်ဘူး၊ အခုပြောနေတာ ကုမ္ပဏီ ထဲဝင်ထားတဲ့အစုရှယ်ယာကိစ္စခဏအပ်ချင်တာ"

ကျော်ဝဏ္ဏ သဘောကျစွာ လေချွန်လိုက်၏။

"ခဏအပ်ချင်တာလို့ ပြောလို့ရမလား လင်းရဲ့၊ ဟိုတစ် ခါကလည်း နည်းနည်းဖဲ့ရောင်းလို့ ဝယ်ခဲ့ပြီးပြီပဲ၊ အခုလည်းရောင်းမယ်ဆိုရင် ရောင်းမယ်၊ အဲဒီလိုအပြတ်လုပ်ရမ်းပါ၊ အဲဒါဆိုရင်ပြီးတာပဲ"

"ဟဲ့"

ဒေါ်တင်နွယ်ဝင်းက အလန့်တကြားအော်၏။

မြသိဂီက ကျော်ဝဏ္ဏကို အံ့ဩတကြီး လှည့်ကြည့်လေသည်။

"လင်းရဲ့ကျန်တဲ့ရှယ်ယာက နည်းတာမဟုတ်ဘူးနော်. . ကိုဝဏ္ဏ ဘယ်လိုဝယ်နိုင်မှာလဲ"

"သိဂီမောင်ကသာရောင်းလိုက်တော့ ဝယ်နိုင်အောင် ကြိုးစားရမှာပေါ့ သိဂီရဲ့"

ကျော်ဝဏ္ဏအသံက မခိုးမခန့်ရယ်သံနှောနေခဲ့သည်။ လင်းလက်စိတ်ထဲ ထောင်းခနဲဒေါသဖြစ်လေသည်။

"ကဲ . . ရောင်းမယ်ဗျာ၊ ဝယ်နိုင်အောင်သာဝယ်"

"အိုကေ . . တောင်းပြီ၊ အားလုံး ကိုယ်စီစဥ်လိုက်မယ် လင်း၊ ဘာမှစိတ်ပူမနေနဲ့၊ တစ်ခုတော့ရှိတယ် . . မေမေတို့ရှေ့မှာမင်းပြောတဲ့စကားနော်၊ နောက်မှစကားမပြင်နဲ့"





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားကို ခင်ဗျားအတွက်ပဲထားပါ ကိုဝဏ္ဏ၊ လင်းလက်ထွန်းဗျ၊ ဘယ်တော့မှစကားပြင်မယ်မထင်နဲ့"

လင်းလက်က စိတ်ဆိုးဆိုးဖြင့် လှည့်ထွက်လာခဲ့ပြီးမှ . . မေမေ့ကို နှုတ်မဆက်မိပါလားဟု သတိထားခဲ့မိလေသည်။

ယခုတလော . . ယောက်ဖတော်ကျော်ဝဏ္ဏ၏ လက်ထဲ ငွေအလုံးလိုက်အရင်းလိုက်ရှိနေခြင်းအတွက် လင်းလက်စိတ်ထဲ အံ့ဩတကြီးဖြစ်ရလေသည်။

➤ ➤ ➤



## အခန်း(၂၆)

"ဟင်"

ကုမ္ပဏီရှိ မိမိ၏အခန်းထဲသို့ လင်းလက်ဝင်လိုက်သည်နှင့် မိမိနေရာမှာ လူတစ်ယောက်ထိုင်နေခြင်းကြောင့် လင်းလက်မျက်ခုံးလေးပင့်တက်အောင် အံ့ဩသွား၏။

"ဟော . . လာပြီကိုး လင်းရဲ့၊ စောင့်လိုက်ရတာ"

အခန်းပေါက်ဝသို့ နောက်ကျောပေးထိုင်ရာမှ ဆုံလည်ကုလားထိုင်ကိုလှည့်ကြည့်လိုက်သောကြောင့် ထိုင်နေသူ၏မျက်နှာကို လင်းလက် မျက်ဝါးထင်ထင်မြင်တွေ့ရလေသည်။

"ကိုကျော်ဝဏ္ဏ"



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်အသံထွက်သည်အထိ အံ့ဩတ[illegible]
ခေါ်မိ၏။ အိမ်ပေါ်မှဆင်းလာပြီးသည့်နောက်ပိုင်းမှာ မိမိအ[illegible]
ထဲသို့ ကျော်ဝဏ္ဏလုံးဝရောက်လာခဲ့တော့တာမှ မဟုတ်တာ[illegible]

ရောက်လာသည့်တိုင်အောင် ချထားပေးသ[illegible]
ဆိုဖါခုံမှာ မထိုင်၊ လင်းလက်ထိုင်သည့်နေရာမှာမှ အကျအန[illegible]
ချိတ်ထိုင်ကာ စကားပြောရင်း စားပွဲပေါ်ခြေလှမ်းတင်ပုံက စိတ်[illegible]
ဘဝင်ကျစရာမရှိလှပေ။

"သိပ်ကို အံ့ဩနေတဲ့ပုံပါလား လင်းရဲ့ ဟင်"

ရယ်သံစွက်၍ပြောသောလေသံက ရိသဲ့သဲ့[illegible]
နေလေသည်။

"ခင်ဗျား ကိုယ့်နေရာနဲ့ကိုယ်နေရင်ကောင်းမယ် ကိုဝ[illegible]
သူများစာရေးတဲ့စားပွဲပေါ် ခြေတင်ပြီးထိုင်တာက [illegible]
ရမ်းတိုင်းစော်ကားလွန်းနေပြီ"

"ဟားဟား . . ဘာပြောတယ်၊ ဘာပြောလိုက်တ[illegible]
လင်းရဲ့၊ ပြန်ပြောပါဦး"

"ဒီစားပွဲက ကျုပ်စာရေးတဲ့စားပွဲဗျ"

လင်းက စားပွဲကိုပုတ်ပြောမိ၏။

"အို . . အဲဒါကအရင်ကလေ . . အရင်ကလေ၊ အခု[illegible]





ကျော်ဝဏ္ဏဆိုတဲ့ငါက နေရာဝင်ယူလိုက်ပြီပဲ လင်းရဲ့၊
ငါ . . ငါနေရမယ့်နေရာ၊ ငါ့နေရာဖြစ်တော့မှာ၊ ငါ့ဖာ
ငါ ဘယ်လိုထိုင်ထိုင်၊ ခြေထောက်ဘယ်လိုတင်တင် မင်း
ပြောစရာမလိုတော့ဘူး လင်းရဲ့၊ ဒီလောက်ပြောရင်
မင်းသဘောပေါက်လောက်ပြီထင်တယ်"

"ရှင်းရှင်းပြောဗျာ . . ကျုပ်ရှယ်ယာကိုခင်ဗျားဝယ်မှာမို့
လို့ ကြီးကြီးကျယ်ကျယ်တွေလာပြောနေတာလား . .
ခင်ဗျားက"

"ဟုတ်တယ် . . ဝယ်မှာ"

"ဟင်"

လင်းလက် အံ့ဩသွား၏။

ဒီလူမှာ ငွေများများစားစားမရှိတာ သူ အသိ
ဆုံးဖြစ်၏။

"ပါးစပ်နဲ့ဝယ်လို့မရဘူးနော်၊ တစ်ပဲခြောက်ပြားမှမတ်နဲ့"

"လင်း . . မင်းကွာ၊ ငါ့ကိုတော်တော်အထင်သေးပါလား၊
ဟောဒီမှာကြည့် . . ဘာလဲလို့"

ချက်လက်မှတ်ထုတ်ပြပုံက ထုတ်ယူမည့်ငွေအ
[illegible]တိုင်းအတာကိုမြင်သာသောအနေအထားဖြစ်နေ၏။

www.burmeseclassic.com



"ခင်ဗျား . . ဒီငွေတွေ ဘယ်ကရလာတာလဲ"

အံ့ဩတကြီးဖြစ်လွန်းကာ မေးမိသည်အထိ

"နိုး . . . နိုး . . . မဆိုင်ဘူးလေ၊ ဒါ ငါ့ကိစ္စပဲ လင်းရဲ့

ကိစ္စမှ မဟုတ်တာပဲ၊ အရေးကြီးတာက မင်းရဲ့စာ

ဗီယာ်ထဲကရှယ်ယာကို လွှဲပေးဖို့ပဲ၊ ဟောဒီမှာ လ

မှတ်ထိုးတာနဲ့ ဟောဒီချက်လက်မှတ် မင်းလက်

ရောက်စေရမယ် ဒါပဲ"

"တော်တော် အံ့ဩစရာကောင်းတာပဲ . . လင်းရေ

ပါဦးကွ၊ ငါ့ကိုကူညီပါဦးဆိုတဲ့လူက ဒီရှယ်ယာတွေ

နိုင်တဲ့အထိဖြစ်လာတာ တော်တော်အံ့ဩစရာကော

နေတာပဲ"

"မင်းဟာမင်း အံ့ဩချင်ရင်ဩကွာ၊ မဩချင်လည်း

စကားတွေ တောင်တောင်အီအီလျှောက်ပြောပြီး

ရောင်းတော့ဘူးလို့ လုပ်လို့မရဘူးကွ၊ မင်းပြောတဲ့

က မေမေနဲ့သိဂီ နှစ်ယောက်စလုံးသက်သေရှိပြီးသ

ဒီနေ့ကိစ္စမှာ မေမေတို့ပါလာပြီး လက်မှတ်ထိုးကြ

နော် လင်းလက်"

လင်းလက် ပင့်သက်ချ၏။





မေမေက သမက်ကိုငွေထုတ်ပေးလိုက်တာ

းလား။ စိတ်ထဲနာချင်လေသည်။

"ကောင်းပြီ . . လုပ်၊ ကြိုက်သလိုသာလုပ်၊ မေမေကိုယ်

တိုင်ပါတယ်ဆိုတော့ ပြီးတာပဲ၊ ကိစ္စတွေပြီးပြီဆိုရင်

ကျုပ်လက်မှတ်ထိုးပေးမယ်၊ ခုတော့ . . ပြန်မယ်"

လင်းလက် ပြန်လှည့်ထွက်လာခဲ့၏။

"ဟာ . . စောင့်ဦးလေ၊ တော်နေကြာ . . လှိုင်ရောက်

လာတော့မှာပဲ"

"လှိုင်က ဘာလို့ပါလာရတာလဲ"

"မိသားစုချင်း အသိသက်သေလုပ်လို့ဖြစ်တာမှမဟုတ်

တာ၊ ဒါ့ကြောင့် ပိုသေချာအောင် လှိုင့်ကိုပါအသိသက်

သေဝင်ခိုင်းထားတာ"

"ဒါက ခင်ဗျားတို့သဘောလေ၊ ကျုပ်တတော့ ရော့

ပတ္တမြား . . ရော့နဂါးမဲ"

ရင်မှာနာကျင်လှစွာ အခန်းထဲမှပြန်ထွက်လာ

ခဲ့မှာ တယ်လီဖုန်းမြည်သံကြားရ၏။

လင်းလက်ခြေလှမ်းတုံ့ကာ ဖုန်းပြောဖို့ပြန်

ည့်မည်ပြုစဉ် စကားပြောဆိုသံကြားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ဘယ်မအိုကေဘဲရှိမလဲ၊ အိုကေ . . အားလုံ
အိုကေတာပေါ့ဗျ၊ ကျော်ဝဏ္ဏပဲဗျာ . . ကျေးဇူးပဲ၊
ညာဏထင်ရေ၊ ကျေးဇူးတင်တယ်ဗျာ . . တကယ်
ခုလိုဖြစ်မြောက်အောင်ကူညီတဲ့အတွက် အရမ်း
ကျေးဇူးတင်ပါတယ်"

ကျော်ဝဏ္ဏ၏ရွှင်မြူးအားရသံက အပြင်သို့
ထွက်နေ၏။

"ညာဏထင်"

"ညာဏထင် . . ကိုညာဏထင်"တဲ့။

ဒီနာမည်ကြားဖူးပါတယ်ဟု စိတ်ထဲမှ အော
မေ့မိ၏။ နောက်တော့ . . မှတ်မိသွားလေသည်။

ဩော် . . လှိုင် မိတ်ဆက်ပေးသည့်လူပဲ။

တစ်ဆက်တည်းမှာပင် ချစ်ဇနီး 'သု'နှင့်
စားပွဲတည်းထိုင်ကာစကားပြောနေတာကအစ သတိရသွား
လေသည်။

➤ ➤ ➤



## အခန်း(၂၇)

'လှိုင်'ရောက်လာချိန်မှာ ကုမ္ပဏီရုံးခန်းအတွင်း
ကျော်ဝဏ္ဏတစ်ယောက်တည်းသာရှိနေလေသည်။

"ဟင် . . လင်းရော ကိုဝဏ္ဏ"

"ပြန်သွားပြီ လှိုင်ရဲ့ တော်နေကြာ . . လှိုင်ရောက်လာလိမ့်
မယ်၊ ခဏစောင့်ပါဦးဆိုတာ မစောင့်ဘူး"

လှိုင် . . ပင့်သက်မှျင်းမှျင်းချမိလျက် မျက်
နှာင်လေးကြုတ်သွားရလေသည်။

"အင်း . . တော်နေကြာ လှိုင့်ကိုပါတစ်မျိုးထင်ရင် ဒုက္ခ
ပါပဲ ကိုဝဏ္ဏရယ်၊ လှိုင်တာ ညာဏထင်နဲ့လင်းတို့ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



ညပ်နေမိပြီထင်ပါရဲ့"

"ဟာ . . ညပ်တယ်မခေါ်ပါဘူး လှိုင်ရဲ့၊ လှိုင်က နှစ်ဖက်သိ သိနေတော့ အကူအညီပေးတဲ့သဘောပဲဟာ"

"လင်းက အဲဒီလိုနားလည်ဦးမှကိုး"

"နားမလည်လည်း ကိစ္စမရှိပါဘူး လှိုင်ရဲ့၊ ဘာမှစိုးရိမ်မနေပါနဲ့"

"အခု . . လင်းမရှိတော့ လုပ်ငန်းလွှဲပြောင်းတဲ့ကိစ္စလက်မှတ်ထိုးဖို့တွေဘာတွေ အဆင်ပြေရဲ့လား"

"ပြေပါတယ် . . ရောင်းမယ်ဆိုတာ သူ့ပါးစပ်က အတိအကျပြောထားပြီးပြီပဲ လှိုင်ရဲ့ . . သူရောင်းမှာပါ၊ အခုတိုပဲ ဒီမှာဝင်ထိုင်နေတာမြင်တာနဲ့ သူပြန်လှည့်ထွက်သွားခဲ့ပြီပဲ"

"အဲဒီကိစ္စတွေအားလုံး လှိုင်ဝင်ပါသလိုဖြစ်နေတာ လှိုင့်စိတ်ထဲ စိတ်မသန့်ဖြစ်နေရတာ"

"ဘာမှ စိတ်မသန့်စရာမရှိပါဘူး၊ သူ့အဆင်မပြေလို့ရောင်းတယ်၊ ဝယ်တဲ့သူက ဝယ်တယ်၊ ဒါ ဘာဖြစ်သလဲ ဟောဒီမှာ . . လှိုင်ရဲ့၊ ကုမ္ပဏီကစာရင်းဇယားတွေ"

ကျော်ဝဏ္ဏက စာရင်းအင်းစာအုပ်တွေ 'လှိုင်'





ထိုင်နေသောရှေ့ချပေး၏၊ ကျော်ဝဏ္ဏက ငွေအင်အားမရှိသဖြင့် ညာဏထင်က ငွေစိုက်ဝယ်ပေးတာဖြစ်၏၊ မိသားစုပိုင်ဖြစ်ရမည်ဟူသောမူကြောင့် ကျော်ဝဏ္ဏက နာမည်ခံသာဖြစ်လေသည်၊

နောင်တစ်ချိန်မှာ ကျော်ဝဏ္ဏကစိုက်ထားသော ငွေကိုပြန်လည်ဆပ်နိုင်မှ ကျော်ဝဏ္ဏပိုင်ဆိုင်ရမှာပါ။

လှိုင်က စာရင်းဇယားတွေကြည့်ရှုနေစဉ်မှာ လှိုင်ထိုင်နေသည့်ကုလားထိုင်သို့ ကျော်ဝဏ္ဏရောက်လာခဲ့၏၊

လှိုင်ထိုင်နေသည့်ကုလားထိုင်နောက်မှီမှာ လက်တင်ကာ ကိုယ်ကိုင်းပြီး စာရင်းတွေပြနေပုံက တဖြည်းဖြည်း ပိုမိုနီးနီးကပ်ကပ်ဖြစ်လာလျက် လှိုင့်ပခုံးလေးကို ဆုပ်ကိုင်လိုက်လေသည်။

"ဟင် . . ရှင် . . ဒါဘာလုပ်တာလဲ"

လှိုင့်လက်က မြန်ဆန်လှ၏၊ ကျော်ဝဏ္ဏ၏ လက်ကိုပုတ်ချကာထိုင်ရာမှ ထလျက် လက်လွှဲရိုက်လိုက်ပုံကလျှပ်စီးလက်လိုက်သလိုပါ။

"ဘုရား . . ဘုရား . . ဘာဖြစ်နေကြတာလဲ"

ရုံးခန်းထဲဝင်လာခဲ့သော ဒေါ်တင်နွယ်ဝင်းနှင့် မြသိဂီတို့သားအမိနှစ်ယောက်မှာ မျက်လုံးအပြူးသားဖြင့် ရင်ဖိုဖို



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

လှိုင်ကိုယ်တိုင်မှာလည်း ဒေါသစိတ်ဖြင့် တစ်ကိုယ်လုံး တုန်နေရပါသည်။

"လှိုင့်ပခုံးကိုင်ပြီး ထိတာပါး ရိုကပါးလုပ်တာနဲ့ လှိုင်ရိုက်လိုက်တာ မြသိင်္ဂီ၊ မင်းယောက်ျားက အရမ်းကို ရိုင်းတာပဲ"

"တာ . . မဟုတ်တာ၊ လှိုင်အထင်လွဲတာပါ၊ ကိုယ်ဇာ့ရင်းဖြရင်းက ပခုံးကိုမတော်တဆထိသွားခဲ့တာ သိင်္ဂီ"

"ဘာ မတော်တဆလဲ၊ ရှင် တမင်လုပ်တာ ကိုဝဏ္ဏ၊ရှင့်ပုံစံ မူမမှန်လို့ သတိထားမိလိုက်တာ၊ ဟိုတစ်ခါ 'သု'နဲ့ဖြစ်တယ်ဆိုတာလည်း ဒီပုံစံအတိုင်းပဲဖြစ်မှာပဲ သိင်္ဂီ၊ မင်းယောက်ျား တရားကိုလွန်လွန်းတယ်"

ဒေါ်တင်နွယ်ဝင်းက ကျော်ဝဏ္ဏကိုလှမ်းအကြည့် . . ကျော်ဝဏ္ဏ လှုပ်လှုပ်ရှားရှားဖြစ်ရပါပြီ။

"ဟာ . . ဘာလို့ အဲဒီမိန်းမကိုထည့်ပြောရတာလဲ၊ အခု လှိုင့်ကိုမတော်တဆထိမိတာ မှန်တယ်၊ ဟိုတစ်ခါက အဲဒီမိန်းမနဲ့ကိစ္စက သူ့ကြောင့်ဖြစ်ရတာ၊ သူ မကောင်းတာ"





"မကောင်းတာဆိုတာ ဘာမကောင်းတာလဲကိုဝဏ္ဏ၊ ရှင်း ရှင်းပြောပါ၊ ဟောဒါ ရှင့်ယောက္ခမ၊ ဟောဒါ ရှင့်မိန်းမ ပဲပြော"

"လှိုင် . . အဲဒီလိုချောက်မတွန်းနဲ့ကွာ၊ သုနန္ဒာအကြောင်းလည်း လှိုင်သိသားပဲ၊ ကိုညာကာနဲ့လည်းလွတ်ကင်းခဲ့တာမှမဟုတ်တာ"

"ဟင် . . ဘယ်လို"

"ဘာဖြစ်တယ်"

ဒေါ်တင်နွယ်ဝင်းနှင့် မြသိင်္ဂီ အံ့ဩစွာအသံထွက်လာခဲ့လေသည်။

"သူတို့ချင်းပတ်သက်မှုရှိခဲ့တယ်ဆိုတာ လှိုင်သိမှာပါ၊ လှိုင်ပြောပြလိုက်လေ"

ကျော်ဝဏ္ဏက ခနဲ့တဲ့တဲ့ပြုး၏။ ပြောရမည့်စကားကို လှိုင့်ထံတွန်းပို့၏။ ဒေါ်တင်နွယ်ဝင်းနှင့် မြသိင်္ဂီတကြည့်က လှိုင့်ထံသို့ရောက်လာခဲ့လေသည်။

လှိုင် . . ပြုံးလိုက်ရပါသည်။

"မြသိင်္ဂီလည်း သိပါတယ်၊ လှိုင့်ကိုတစ်ခါပြောပြခဲ့ဖူးတာလေ၊ 'သုနန္ဒာ'မှာ ချစ်သူရှိနေခဲ့လို့ မင်္ဂလာပွဲမှာမလာ



www.burmeseclassic.com

www.burmeseclassic.com



ရည်စက်လက်နဲ့ဖြစ်နေခဲ့တယ်ဆိုတာ"

"ဟုတ်ဟယ် .. သီဂီပြောခဲ့ဖူးတယ်၊ အဲဒါနဲ့ အခုကိစ္စတွေနဲ့ ဘာပတ်သတ်နေလို့လဲ လှိုင်"

ခင်ပွန်းနှင့်ပတ်သက်နေသောကြောင့် မြသီဂီ မျက်နှာက မာကြောနေကာ ပြောစကားကတင်းမာနေလေသည်။

"ပတ်သက်တာပေါ့ လှိုင်ရဲ့၊ သုရဲ့ချစ်သူက အခု ကိုဝဏ္ဏကိုငွေထုတ်ပေးခဲ့တဲ့ ကိုညာဏထင်ပဲ"

"ဟင်"

ဒေါ်တင်နွယ်ဝင်းရော မြသီဂီပါ မျက်နှာကွက်ခနဲပျက်လေသည်။

"ဒါလည်း သူတို့ချင်း 'သု'မွေးနေ့မှာပြောနေတဲ့စကားတွေကြောင့် လှိုင်သိခဲ့ရတာပဲ"

"ကဲ .. ကြည့် .. တွေ့လား မေမေ၊ မေမေ့သားရွေးလာတဲ့မိန်းမက ဘယ်လောက်သစ္စာမရှိ ဖောက်ပြန်လိုက်သလဲလို့"

"ဟင့်အင်း .. လှိုင်ပြောချင်တာက 'သု'ဟာ သိပ်ကိုသစ္စာရှိတဲ့မိန်းမဖြစ်တယ်ဆိုတာပဲ သီဂီ"

"ဘယ်လိုဖြစ်ပြီးသစ္စာရှိတယ်ပြောရတာလဲ လှိုင်ရဲ့၊ ခုပဲ





ကြည့်လေ .. ကိုညာဏနဲ့ချစ်သူဖြစ်နေရက်နဲ့ လင်းကိုယူခဲ့တယ်၊ လက်ထပ်ခဲ့တယ်၊ ဟော .. အခု .. ညာဏနဲ့လည်းပြန်ဆက်နေခဲ့တာက သစ္စာရှိတာဖြစ်နိုင်ပါ့မလား၊ 'သု'မွေးနေ့မှာ ဟိုလူ စန္ဒရားတီးနေကတည်းက တစ်မျိုးပဲအောက်မေ့ခဲ့တာ၊ လက်စသတ်တော့ ဒီလိုကိုး"

မဲ့ကာ ရွဲ့ကာပြောသော မြသီဂီပုံစံက အောင်နိုင်သူအသွင်မျိုးဖြစ်၏။ လှိုင် ဒေါသဖြစ်ရပါပြီ။

"သီဂီရဲ့ကြီးမယ်နော် .. မင်းလည်းမိန်းမတစ်ယောက်ပဲ၊ မိန်းမချင်း ကိုယ်ချင်းစာပြီးပြောသင့်တယ်"

"အိုး .. ကိုယ်ချင်းစာပြီးပြောရအောင် သူနဲ့သီဂီတို့က စိတ်ချင်းတူတာမှမဟုတ်ဘဲ လှိုင်ရဲ့၊ မနှိုင်းပါနဲ့"

"ကိုင်း .. မနှိုင်းဘူးနော်၊ လှိုင်ကတော့ သီဂီနဲ့ဘယ်လောက်ပဲ ခင်ခဲ့ခင်ခဲ့၊ မှန်တဲ့ဘက်ကရပ်ရမှာပဲ၊ လှိုင်သိခဲ့တာကတော့ 'သု'ဟာ သိပ်ပြီးသစ္စာရှိခဲ့တယ် သီဂီ၊ ကိုညာဏထင်နဲ့ချစ်သူဖြစ်နေခဲ့တာ ဟိုးငယ်ငယ်ကတည်းကဆိုတော့ နှစ်ရှည်လများချစ်သူဖြစ်ခဲ့တာ ကြာလှပြီတဲ့၊ လင်းက သူတို့ကမ်းလှမ်းခဲ့တဲ့အချိန်မှာ ညာဏ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လိုက်ပြေးဖို့အထိ ကြိုးစားခဲ့တယ်တဲ့"

"ကဲ . . တွေ့လား"ဟူသောအကြည့်က မြသိင်္ဂီထံမှာ ပေါ်လာသလို ခေါင်းငြိမ့်ခါ ပင့်သက်ချလေသည်။

"ဒါပေမဲ့ . . သူရဲ့အဖေတားလို့ လိုက်မပြေးဖြစ်ခဲ့ဘူးတဲ့"

"ဒါကြောင့် . . ခုမှပြန်ဆက်ကြတာပေါ့ ဟုတ်လား"

"မဟုတ်ဘူးအန်တီ၊ မဟုတ်ပါဘူး။ ဟိုနေ့က 'သု' မွေးနေ့မှာမှ သူတို့နှစ်ယောက်ပြန်ဆုံကြတာပါ"

"ဒါဖြင့် စန္ဒရားတီး သီချင်းဆိုတဲ့ကောင်လေး ဘယ်သူ့အကြံအစည်တွေလဲ"

"ခွင့်လွှတ်ပါ အန်တီ၊ အဲဒါကတော့ လှိုင့်ကြောင့်ဖြစ်သွားတာပါ၊ လှိုင်က သုရဲ့မွေးနေ့ပွဲရှိတာ ပြောပြမိပါတယ်၊ အဲဒီမှာ ညာဏထင်က သူလိုက်လို့ရမလားဆိုလို့ လှိုင်ခေါ်လာမိတာပါ၊ စန္ဒရားမြင်တော့ မွေးနေ့ရှင်ကိုဂုဏ်ပြုပါရစေ ခွင့်တောင်းပေးပါဆိုလို့ လင်းကို လှိုင်ကပဲ ခွင့်တောင်းခဲ့တာပါ၊ သု ဘာမှ မသိခဲ့ပါဘူး"

"အဲဒီကတည်းက စိတ်မပြတ်ကြလို့ပေါ့ လှိုင်ရဲ့၊ သံယောဇဉ်ရှိနေကြသေးလို့ပေါ့"





လှိုင် စိတ်ဖျက်စွာ ပင့်သက်ချမိလေသည်၊ လှိုင်က စပြောခဲ့မိမှတော့ ရှင်းရမှာ လှိုင့်တာဝန်သာဖြစ်လေသည်။

"ညာဏထင်ကတော့ အန်တီပြောသလိုပါပဲ၊ တကယ့်ကို စိတ်မပြတ်ခဲ့တာပါ၊ အခုလည်း သူ့နောက်ကိုပြန်လိုက်မယ်ဆိုရင် ပြန်ခေါ်ချင်တဲ့အထိ ပြောပေမဲ့ . . . ."

"တွေ့လား မေမေ၊ တွေ့လား၊ ကြားရတာ ဘယ်လောက်ရှက်စရာကောင်းသလဲဆိုတာ"

"နေပါဦး . . သိင်္ဂီ၊ လှိုင်ပြောတာ ဆုံးအောင်နားထောင်ပါ၊ 'သု'က သူချစ်တာ အခုအချိန်မှာ လင်းတစ်ယောက်ပဲရှိတယ်တဲ့၊ လင်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူးဆိုပြီး ငြင်းခဲ့တာပါ"

"ဒါ . . တကယ်ပဲလား"

"တကယ်ပေါ့ . . လှိုင့်နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာတွေပါ၊ သူတို့ထိုင်ခုံနားမှာ လှိုင်ရှိနေတာမသိဘဲ ပြောနေကြတာပါ၊ 'သု'က တကယ်သစ္စာရှိတာပဲလို့ လှိုင်တောင်ချီးကျူးမိတာပါ"

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြရပါပြီ။

www.burmeseclassic.com



"လှိုင်နဲ့ဟိုလူက သိတာ သိပ်မကြာသေးဘူး မဟုတ်လား"

"ဟုတ်တယ် . . သိပ်မကြာသေးပါဘူး၊ လုပ်ငန်းကိစ္စတွေနဲ့ပတ်သက်ပြီးမှ သိလာကြတာပါ၊ 'သု'တို့လက်ထပ်ပြီး ဒီဘက်နောက်ပိုင်းတွေမှာမှ တွေ့ကြတာဆိုပါတော့၊ ကိုဝဏ္ဏနဲ့သုတိစ္စမှာ 'သု'ဘက်က အမှားလုံးဝမဖြစ်နိုင်တာတော့ သေချာပါတယ်၊ ဘာလို့လဲဆိုတော့ ဒီနေ့ပဲ လှိုင်ကိုယ်တိုင် လက်တွေ့ကြုံလိုက်ရလို့လေ၊ ကဲ . . သွားမယ်၊ ကိုဝဏ္ဏနဲ့ပတ်သက်တဲ့ကိစ္စမှာ လှိုင်မပါဝင်နိုင်တော့တာ ခွင့်ပြုပေးပါ၊ လှိုင့်ကို ခွင့်လွှတ်ပါ"

လှိုင်ထွက်သွားရာနောက်သို့ ငေးမောကြည့်နေမိပြီးကာမှ ဒေါ်တင်နွယ်ဝင်းနှင့်မြသီတာ၏အကြည့်က ကျော်ဝဏ္ဏထံသို့ရောက်၏။

ကျော်ဝဏ္ဏ ခေါင်းမဖော်နိုင်အောင်ဖြစ်သွားရလေသည်။

➤ ➤ ➤



အခန်း(၂၈)

"ဖြစ်ရလေ ကိုလင်းရယ်၊ ကုမ္ပဏီတစ်ခုလုံးထိုးအပ်ရတဲ့ အထိဖြစ်ရမယ်လို့ . . မဟုတ်တာ၊ ဒီအိမ်ကိုပဲပြန်ရောင်း ပြီး ရှယ်ယာမရောင်းဘဲနဲ့နေမယ်ဆိုရင်ရော"

'သု'စိတ်ထိခိုက်သွားရပါသည်။ လင်းလက်၏ ငြိုးငယ်စွာပြန်လာခဲ့ပုံကိုကြည့်ကာ စိတ်မကောင်း အလွန်အမင်းဖြစ်ရတာပါ။

"ဘယ်တတ်နိုင်မလဲ သုရယ်၊ အခုပြောပြီးဆိုပြီးဖြစ်ကုန်ပြီ၊ ကိုယ့်မိသားစုလက်ထဲကနေဆိုရင် အချိန်မရွေးပြန်ယူလို့ရတယ်၊ အခုဟာက . . သူစိမ်းလက်ထဲရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုယ်စိတ်မကောင်းအရမ်းဖြစ်ရတာ”

“ဟင် . . ဘယ်သူဝယ်မှာမို့လဲ၊ ကိုလင်းပြောတော့ ကို
ကျော်ဝဏ္ဏဆို၊ ဟိုမှာလာထိုင်နေပြီဆို”

“ဟုတ်တယ် . . ကိုဝဏ္ဏသာဆိုရင် ကိုယ်ဒီလောက်ခံစား
ရမှာမဟုတ်ဘူး၊ အခုဟာက ညာဏထင်ဖြစ်နေခဲ့တာ”

“ညာဏထင်”

သူ အလန့်တကြားဖြစ်သွားပုံက သိသာထင်
ရှားလှပါ၏။

“ဟုတ်တယ် . . ဟိုကွာ . . သူမွေးနေ့တုန်းက သီချင်းဆို
စန္ဒရားတီးနဲ့မို့ ကိုယ်တောင် သူနဲ့မိတ် ဆက်ပေးခဲ့တဲ့
လူလေ”

‘သူ’ခေါင်းလေးညိတ်၏။

ဖြစ်ရလေ . . ညာရယ်၊

‘သူ’တို့ကို အဲဒီလောက်အထိလိုက်ပြီး ဒုက္ခပေး
ဖို့ မကောင်းပါဘူး။

‘သူ’ မျက်ရည်ဝဲရလေသည်။

“အဲဒီလူကွာ . . ဘယ်ဘဝကအငြိုးနဲ့လိုက်ပြီးတိုက်ခိုက်
နေတယ်မသိပါဘူး၊ ကိုယ့်လုပ်ငန်းတွေမှာလည်း သူပဲ





ဈေးပိုပေးပြီး ဈေးလိုက်ဖျက်နေတော့ အငုပ်လုပ်ရတာ
ကအစ လုံးဝအဆင်မပြေဖြစ်နေခဲ့တာ”

“ညာဏထင်ကလား . . ဟုတ်လား”

“ဟုတ်တယ် . . အရမ်းစိတ်ပျက်ရတယ်၊ ဘယ်လိုဖြစ်ရ
တယ်မသိပါဘူး”

“ထားလိုက် ကိုလင်းရယ်၊ ကိုယ့်မိသားစုအစုရှယ်ယာသူ
များလက်ထဲမရောက်ဘူးပေါ့၊ ဒီအိမ်ကိုပဲရောင်းလိုက်
ကြရအောင်နော်”

“မဟုတ်တာ သူရယ်၊ ဒီအိမ်က ကိုယ်နဲ့သူရဲ့စိတ်ကူးယဉ်
ကမ္ဘာလေးပါ၊ ဒီအိမ်ကနေခွဲမထွက်ပါနဲ့”

သူ ကြိုးစားပြီး ပြုံးရပါသည်။

“ဘယ်လောက်ပဲ သံယောဇဉ်ကြီးကြီး၊ ဘယ်လောက်ပဲ
တွယ်တာ တွယ်တာ . . တစ်နေ့ကျရင်ခွဲသွားရမယ့်
ပစ္စည်းတွေပါပဲ ကိုလင်းရယ်၊ တရားသဘောနဲ့ကြည့်
ရင်ဘယ်အရာကမှ မမြဲပါဘူး၊ အရေးအကြီးဆုံးက
စိတ်ချမ်းသာဖို့ပဲလေ၊ ကိုလင်းမျက်နှာညှိုးနေမှိုင်နေရင်
‘သူ’ မနေတတ်ပါဘူး၊ ‘သူ’မပျော်ပါဘူး၊ ကိုလင်းပြုံးနေ
တာပဲ ‘သူ’မြင်ချင်ပါရစေနော်၊ တရားဟောရှိတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲစားစား၊ တစ်ဝမ်းစာပဲ၊ ဘယ်မှာပဲ
နေ တစ်မိုးအောက်မှာပဲ၊ ဘယ်လိုပဲအိပ်အိပ် ကျောတ
ခင်းစာပဲတဲ့၊ အိမ်ကြီးဒီလောက်ကြီးကြီးနဲ့နေဖို့လည်
မလိုပါဘူး၊ သု ပကာသနမမက်မောပါဘူး"

"သုရယ်၊ ကိုလင်းစိတ်မကောင်းဘူးကွာ၊ဒီအိမ်ကိုရောင်
ချင်တဲ့ဆန္ဒလုံးဝကိုမရှိတာ"

"ဒါပေမဲ့ . . ငွေပေးဖို့လိုတယ်လေ ကိုလင်းရယ်၊ ဒ
ရှယ်ယာတွေ သူများလက်ထဲမရောက်မှာမဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ် 'သု' ဒါပေမဲ့ . . ."

သုက လင်းလက်၏ပါးစပ်ကို လက်ဖဝါးဖြ
ဖြင့်ကာလိုက်၏။

"တော်ပြီ . . မငြင်းပါနဲ့နော်၊ 'သု'တို့ကကောင်းဖို့ဖြစ်လ
တာပဲ ကိုလင်းရဲ့ အိမ်အကျိုးဆောင်ကုမ္ပဏီတစ်ခု
နေဖုန်းမှားဆက်တာလားမသိပါဘူး၊ ဒီနေ့ပဲ ဖုန်းဆက်
တယ် 'သု'တို့အိမ်ကိုရောင်းမယ်သတင်းကြားလို့ ရောင်
မလားတဲ့၊ သုက မရောင်းပါဘူးပြောတော့ . . မှားသွ
တဲ့အတွက် တောင်းပန်ပါတယ်၊ အကယ်၍ ရောင်း
မယ်ဆိုရင်လည်း သူတို့ဆီဆက်သွယ်ဖို့ ဖုန်းနံပါတ်
ခဲ့တယ်၊ 'သု'လည်း ကိုလင်းများဆက်သွယ်ထားသလ





လို့မှတ်ထားလိုက်တယ်"

"မဟုတ်တာ . . ကိုယ်ဘယ်ကိုမှ မဆက်ထားပါဘူး၊ 'သု'
အော်လိုက်ဖို့ကောင်းတယ်"

"ဟင့်အင်း . . သုလည်း တော်တော်အံ့ဩသွားခဲ့တာနဲ့
ဘာပြန်ပြောရမှန်းကို မသိတာ၊ ဒီမှာ အဲဒီဖုန်းနံပါတ်"

'သု'ပြသောဖုန်းနံပါတ်က လင်းလက်၏စိတ်ကို
နှိုးဆွ၏။

"ရှယ်ယာတွေသူများလက်ထဲမရောက်ဘူးပေါ့" ဆိုသော
စကားကို နားမှာပြန်လည်ကြားယောင်၏။

ထိုစဉ်မှာပင် . . .

ဖုန်းဝင်လာခဲ့လေသည်။

"ဆောရီးပဲ ကိုဝဏ္ဏ၊ ကျွန်တော့်စကားပြင်တယ်၊ စကား
ဖျက်တယ်ပဲပြောပြောဗျာ . . ကျွန်တော့်ရှယ်ယာတွေ
မရောင်းတော့ဘူး"

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . ."

"မေမေပဲပြောပြော၊ မမကပဲပြောပြော၊ ဘယ်သူ့စကားမှ
နားမထောင်နိုင်ဘူးဗျာ . . ကဲ၊ ကျွန်တော်တို့မိသားစု
ရှယ်ယာကို သူများလက်ထဲမရောက်စေရဘူး၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရုံးခန်းထဲ နောက်ထပ်မဝင်နဲ့၊ ဘာလဲဗျ . . သူများပိုက်ဆံနဲ့ ခင်ဗျားလူတွင်ကျယ်လုပ်တာ ကျုပ်မသိဘူးများမှတ်နေသလား"

"........................."

"လုံးဝမဆိုင်ပါဘူး၊ လှိုင်နဲ့ လုံးဝကိုမတွေ့သေးဘူး၊ မဆိုင်တဲ့သူကိုအပြစ်ပုံမချနဲ့ဗျာ၊ ရှယ်ယာမရောင်းချင်လို့မရောင်းတာ၊ ကိုယ့်ဆန္ဒနဲ့ကိုယ်ပါ"

"........................."

"စိတ်ချ . . ခင်ဗျားလူလက်ထဲ ဘယ်တော့မှမရောက်စေရဘူး၊ အိမ်ရောင်းမယ်ဗျာ၊ အိမ်ရောင်းပြီးရှိတဲ့ ကြွေးကိုယ့်ဘာသာကိုယ်ဆပ်မယ် ဒါပဲ"

လင်းလက်က ဖုန်းချလိုက်၏။ 'သု'ထံလှမ်းကြည့်၏။

"ဆုံးဖြတ်လိုက်ပြီ . . 'သု'ရေ၊ ကိုယ်တို့အိမ်ရောင်းကြရအောင်"

လင်းလက်အသံက အားမာန်ပါကာ တက်ကြွနေလေသည်။

➤ ➤ ➤



## အခန်း(၂၉)

ကံကောင်းချင်တော့ သုနှင့်လင်းလက်တို့၏ အိမ်ကို အမြန်ဆုံးရောင်းချ၍ရခဲ့သဖြင့် ရှယ်ယာရောင်းစရာမလိုတော့ပါ။

"ဟန်ကျချင်တော့ သုရယ် . . အိမ်ကိုလိုချင်တဲ့သူက ဈေးမဆစ်ဘဲ တစ်ထိုင်တည်းကိုပေးသွားခဲ့တာပဲ"

"ဟင် . . သုတို့က ဈေးဆစ်ဖို့ပါပိုတင်ပေးထားခဲ့တာနော် ကိုလင်း"

"ကိုယ်တောင် တော်တော်လေး အားနာသွားရတာ 'သု' ရဲ့၊ ဒီလိုပဲလေ . . အိမ်တို့မြေတို့ဆိုတာ ရတနာပဲပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တဲ့သူနဲ့တွေ့ရင် တစ်ခါတည်းအဆင်ပြေသွားတာပဲ၊ ဒါလည်း သူနဲ့ထိုက်လို့သာပဲ အောက်မေ့ရမယ်"

"အဲဒီလူက ဘယ်သူလဲ . . တော်တော့ကို ပိုက်ဆံရှိတာနော်၊ ဈေးမဆစ်ဘဲဝယ်ရတယ်လို့"

"ဟုတ်တယ် . . ပိုက်ဆံကတော့ တော်တော်လေးရှိတဲ့သူပဲ၊ အိမ်လာဝယ်တာတောင် သူကိုယ်တိုင်လာတာမဟုတ်ဘူး၊ ရှေ့နေရယ် . . သူ့တပည့်ရယ်ပဲလွှတ်လိုက်တာ"

"ဟင် . . နာမည်တောင် မသိရဘူးလား"

'သု' ရင်ထဲ ဒိတ်ခနဲဖြစ်၏။

ညာ့ကို ဖျတ်ခနဲတွေးမြင်မိ၏။

"လာဝယ်တဲ့သူရဲ့နာမည်ကတော့ 'ထူးသာအောင်'တဲ့၊ သူ့နာမည်နဲ့ပဲဝယ်တာ၊ သူ့ဆရာက ဒီခြံနဲ့တိုက်ကို အရမ်းကိုသဘောကျနေခဲ့တာလို့ပဲပြောတယ် သုရဲ့"

"ဟင်"

သု မျက်နှာကွက်ခနဲပျက်လေသည်။

"ဘာဖြစ်လဲဟင် . . သု စိတ်မကောင်းဖြစ်သွားသလား"

"သုစိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတယ် ကိုလင်း။ ဝယ်မယ့်





သူက ကိုယ်တိုင်မလာတော့ သိပ်မဟုတ်လှဘူးလားလို့"

"သုအတွေးများသွားပြီထင်တယ်၊ ဒီလိုပဲ သုရဲ့ . . ပိုက်ဆံက လျှံအောင်ရှိနေတော့ ငွေရေးကြေးရေး သိပ်ဂရုမစိုက်တာလည်းဖြစ်နိုင်တယ်၊ ပြီးတော့ . . သူ့နာမည်နဲ့လည်းဝယ်တာမဟုတ်တော့ သူမလာလို့လည်းဖြစ်တာပဲလေ"

"ဒါပေမဲ့ . . ကိုလင်းရယ်၊ သိန်းထောင်နဲ့ချီတဲ့ပိုက်ဆံကို အဲဒီလောက်ပေါ့ပေါ့ဆဆလုပ်တာ မဟုတ်သေးပါဘူး"

"ဒါတ သုလေ၊ ဟိုလူက ဘယ်လောက်ရှိနေသလဲမှ မသိတာ၊ ကဲပါ . . အဲဒါတွေ စိတ်ထဲမထားပါနဲ့"

"ကိုလင်းကလည်း . . အဲဒီလူရဲ့နာမည်မေးကြည့်ပါလား"

"မေးတယ် . . ဆရာက လူမသိစေချင်လို့ပါတဲ့၊ ကဲလေ အဲဒီတော့ ကိုယ် ဘယ်လိုမေးရမလဲ"

"သုစိတ်ထဲမှာ ညာဏထင်များဖြစ်နေမလားလို့ပါ"

"ဟင်"

လင်းလက် တွေခနဲဖြစ်၏။

"မဖြစ်နိုင်ဘူးထင်တယ် 'သု'ရဲ့၊ သူဆိုရင် ကိုယ်တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှောင်စရာလိုတာမှမဟုတ်တာ၊ ရှယ်ယာအရောင်းအဝယ်မှာသူ ပတ်သက်ခဲ့လို့သူ မသက်သာဖြစ်တာလား"

'သု' ခေါင်းလေးညိတ်လေသည်။

"ဩော် . . ဒါကတော့ မိသားစုဝင်ဖြစ်ရမယ်ဆိုတဲ့စည်းကိုဖောက်လို့ ကျော်ဝဏ္ဏနာမည်ခံခဲ့တာပဲ၊ အခုဟာက သူ့မှာပိုက်ဆံရှိရင် သူဝယ်လို့ရတာပဲ၊ ကိုယ်တို့က ဘာတတ်နိုင်မှာလဲ"

"ဒါပေမဲ့ . . ကိုလင်းရဲ့စီးပွားရေးကို တစ်နည်းမဟုတ်တစ်နည်းနဲ့ သူဖျက်တယ်ဆိုသလားလို့ 'သု'တွေးပူမိတာပါ"

"အင်း . . အခုဟာကတော့ တံကောင်းတယ်ပဲမှတ်ပါ သုရယ် . . နော်၊ ကျန်တာ ဘာမှမစဉ်းစားနဲ့ . . ဟုတ်လား၊ သုပဲပြောတယ်လေ . . အရေးအကြီးဆုံးက စိတ်ချမ်းသာဖို့ပဲဆို သုရဲ့"

"ဆောရီးနော် . . 'သု'မှားသွားတယ်"

"ဟာ . . ဒီလိုမှားသွားတယ်ပြောရှုံနဲ့ ဘယ်ရမလဲ သုရဲ့"

"အို . . ကိုလင်းနော်"

လင်းလက်တ 'သု'၏ကိုယ်လုံးလေးကိုဆွဲဖွေ





လိုက်သဖြင့် 'သု' အော်သံက ရယ်သံနှင့်အတူ လုံးထွေးထွက်လာလေသည်။

ထားရီက လှဖေနှင့်အတူ ပစ္စည်းတွေသိမ်းနေရာမှ အသံကြားရာသို့ လှမ်းကြည့်လေသည်။

"ကိုကိုကြီးတို့ကတော့ ပျော်နေတာပဲ"

တီးတိုးဆိုလေသည်။

"ဟာ . . ပျော်တာပေါ့ ထားရီရဲ့၊ ရတဲ့ငွေက နည်းတာမှမဟုတ်တာ"

"ဒါပေမဲ့ . . ဒီလိုတိုက်ကြီးမျိုးနဲ့ ခြံကြီးမှာ ပြန်နေရဖို့က လွယ်တော့မှာမဟုတ်ဘူး ကိုလှဖေရဲ့၊ ရှင်ဘာသိလို့လဲ ဟိုနေ့က မမကျိတ်ငိုနေတာတွေ့တယ်"

"ဟာ . . ဆင်ပိန် တစ္ဆေပါ ထားရီရာ၊ ဒါ ဝိတ်လျှော့တာခေါ်တယ်"

"ဘာလဲ ဝိတ်လျှော့တာ"

"သူဌေးတွေသုံးနေကျစကားသုံးတာ ထားရီရဲ့၊ မှတ်ထား၊ တိုက်ကြီးအကြီးကြီးကနေ ခပ်သေးသေးပြောင်းတာ၊ ကားနံပါတ်မြင့်မြင့်ကနေ နိမ့်နိမ့်လေးစီးတာ၊ ဝိတ်လျှော့တာတဲ့၊ ဟီးဟီး . . နင်တို့ငါတို့ ဝိတ်လျှော့လို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ဘာမှကိုတျန်မှာမဟုတ်ဘူးဟနော် .. အဟီး"

"တော်စမ်းပါ .. ရှင်က ဘာရှိလို့လဲ"

"ခုနေ .. သိန်းသုံးရာဆုပေါက်ကြည့်ပါလား"

"အမယ်လေးလေ .. ထီထိုးဖို့တောင်တွန့်နေတဲ့သူက သိန်းသုံးရာဆုမှန်းနေသေးတယ်"

"အဲဒီသိန်းသုံးရာဆုမှန်းဖို့ ငါ့အိတ်ထဲက ငွေသုံးလေးရာမှမရှိတာ ထားရီရာ၊ အဲဒီတော့ တရုတ်ကားထဲကစကားနဲ့ပဲ ဖြေထားလိုက်တာ .. သိလား အဲဒါ"

"ရှင်ပြောကြည့်လေ"

"မမျှော်လင့်နဲ့ .. မျှော်လင့်ရတာလောက်စိတ်ပင်ပန်းတာမရှိဘူးတဲ့၊ အဲဒါကြောင့် ငါ မမျှော်လင့်ရအောင်နေတာ"

"ရှင်ကလေ .. စကားပြောရင် အထက်ကချည်းပဲ"

ထားရီက ရယ်သံဖြင့်ပြောကာ လူဖေလက်မောင်းကို တစ်ချက်လှမ်းပုတ်လေသည်။ တကယ်လည်း မမျှော်လင့်ဘဲနေရတာက စိတ်သက်သာလေသည်။

➤ ➤ ➤



## အခန်း(၃၀)

ညာဏထင်က ကားပေါ်မှဆင်းပြီးခြံကျယ်ကြီးကို ဝဲကြည့်လိုက်၏။

တစ်ခါက 'သူ'နေထိုင်သွားခဲ့သောနေရာလေ။

မိမိကိုယ်တိုင် 'သူ'၏မွေးနေ့ကိုလာစဉ်က တအံ့တသြဖြစ်ခဲ့ရသောနေရာ .. အံ့မခန်းဖြစ်ရသောနေရာ။

ညာဏထင်က တိုက်ကြီးထဲဝင်ကြည့်လိုက်၏။ ပြင်ဆင်မွမ်းမံမှုအစ ဟိုးယခင်တအတိုင်းပြုပြင်ပြောင်းလဲခြင်းမရှိသောကြောင့် 'သူ'၏လက်ရာတစ်စွန်းတစ်စကျန်ရှိနေမည့်နေရာ။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေဝယ်လိုက်တဲ့တိုဖ်ာက ဒိတိုက်ထက်သေးတော့ ပစ္စည်းတွေ အကုန်မသယ်နိုင်လို့ကျွန်တော်ဈေးဖြတ်ပြီး ပြန်ယူထားလိုက်တယ် ဆရာ"

ထူးသာအောင်ပြောပြစဉ်က သူ သဘောကျစွာ တဟားဟားအော်ရယ်လိုက်၏။

"ကောင်းတယ် . . သိပ်ကောင်းတယ် ထူးသာအောင် မင်းသိပ်တော်တယ်"

ပခုံးပုတ်ချီးကျူးခဲ့မိသေးတာလေ။

"ဟင်"

နံရံပေါ်မှာဓာတ်ပုံတ ဖြုတ်ယူဖို့မေ့ကျန်ခဲ့တာလား။ တမင်ထားခဲ့တာလား။

အနီးသို့တိုးကပ်ကြည့်လေ၊ လင်းလက်နှင့် သုနန္ဒာတို့နှစ်ယောက်တွဲရိုက်ထားသောဓာတ်ပုံကြီးက ပိုမိုထင်းစွာ ပေါ်လာလေသည်။

လင်းလက် . . . .

လင်းလက်ထွန်း . . .

မွန်ရည်ယဉ်ကျေးသောလူတစ်ယောက် . . .

သို့သော် . . .





'သု'ကိုမှချစ်မြတ်နိုးစွာလုယူသွားခြင်းက ရှိုင်းစိုင်းလွန်းလှလေသည်။ တကယ်ဆိုရင် . . လင်းလက်နေရာမှာရှိနေရမည့်သူက သူသာဖြစ်၏။

ညာဏထင်သာဖြစ်၏။

ခုတော့ကွယ် . . .

ရာရာစစ . . ဒီနေရာမှာမင်းရှိနေရမယ်လို့ . . ခေါင်းယမ်းလိုက်၏။

သိပ်မကြာခင်အချိန်မှာ ညာဏထင်နှင့် သုနန္ဒာတို့၏ စုံတွဲဓာတ်ပုံကို တပ်ရပါမည်။

ညာဏထင်က တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ကြည့်ရာမှ စိတ်ကျေနပ်ခြင်းထက်ဝက်၊ မကျေနပ်ခြင်း ထက်ဝက် ဒွန်တွဲနေ၏။

ဒီနေရာဟာ . . သုနှင့်လင်းလက်တို့ ကြည်နူးပျော်ရွှင်စွာရှိနေခဲ့မည့်နေရာဟု တွေးမိစဉ်မှာပင် စိတ်ထဲမှာ နာကျင်စွာခံစားရ၏။

ဒီနေရာကို ယခု မိမိညာဏထင်ပိုင်ဆိုင်ပြီ၊ မကြာမီမှာ 'သု' ရောက်ကို ရောက်လာရမည်ဟု မျှော်လင့်စိတ်ဝင်သောအခါ စိတ်ပျော်ရွှင်ချမ်းမြေ့ခြင်းရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . ညှော်သည့်လာတယ်"

"ဘယ်သူတဲ့လဲ"

"သုနန္ဒာရဲ့အဖေတဲ့"

"ဟော"

ရင်ထဲမှာ လှိုင်းလုံးတစ်လုံး ဝုန်းခနဲဝင်ဆော့လိုက်သလို ခံစားရ၏။

"ကျွန်တော်က မမသုတို့ပြောင်းသွားပြီပြောတာ မယုံဘူးဖြစ်နေတယ်"

"နေ . . ငါသွားတွေ့မယ်"

ညာဏထွန်းက သူ့ကိုယ်ကို သူ ငုံ့ကြည့်၏။ ခာတ်ပုံထဲမှ လင်းလက်ထွန်းထက်မနိမ့်ကျသော အဝတ်တန်ဆာများကြောင့် ပြုံးမိ၏။

"မင်းလိုဖိနပ်စုတ်စီးတဲ့ကောင်ကမျာကွာ"

မိမိကို နှစ်ပြားမတန်အောင်ပြောလိုက်သူ ယခုအချိန်အခါမှာ မိမိကို မော့ကြည့်ရတော့မှာလေ။

ကျေနပ်စွာပြုံးပြီး တစ်လှမ်းချင်းဆင်းလာ၏။ သူ၏ဖေဖေဦးရဲတင့်က နိုင်ငံခြားမှပြန်ရောက်အလာတွင် သမီးဖြစ်သူ အံ့ဩဝမ်းသာသွားစေရန်အတွက် 'လာပြီ'ဟု ဖုန်း





ဆက်ခြင်းမပြုဘဲ သမီး၏ အိမ်လိပ်စာသစ်အတိုင်း ရောက်ရှိလာခဲ့ခြင်းပါ။

လှေကားမှတစ်လှမ်းချင်းဆင်းလာသူကို လင်းလက်လို့ပဲမှတ်ယူကာ ပြုံးပြီးမော်ကြည့်နေရာမှ လင်းလက်မဟုတ်ဘဲ မြင်ဖူးတွေ့ဖူးသလိုလိုရှိသည့်လူတစ်ယောက်၏ ခပ်ထေ့ထေ့ပြုံးကြောင့် အံ့ဩမင်သက်စွာ ထရပ်မိ၏။

အလုပ်သမားလေးတွေပြောတာ တကယ်များဖြစ်နေမလား၊ 'သု'တို့ပြောင်းသွားပြီလား ဇဝေဇဝါဖြစ်၏။

"မှတ်မိတယ်နော် . . ဦး"

ညာဏက မျက်ခုံးလေးပင့်မေး၏။ ဦးရဲတင့် အားနာစွာ ရယ်လေသည်။

"အေးကွာ . . အသက်ကလေးရလာတော့ ဇဝေဇဝါပဲ၊ မြင်ဖူးသလိုလိုတော့ရှိတယ်၊ မင်းက လင်းလက်ရဲ့ညီလား အစ်ကိုလား"

ညာဏထင် ဟားတိုက်ရယ်လိုက်လေသည်။

လူငယ်တစ်ယောက်၏ မခိုးမခန့်ရယ်သံကြောင့် ဦးရဲတင့် မျက်နှာပျက်ခေါသထွက်သွားရ၏။

"မှားပြီ . . လုံးဝမှားသွားပြီ၊ လင်းလက်နဲ့လုံးဝမပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်ခဲ့ပါဘူး။ သူနဲ့ပဲပတ်သက်ခဲ့တဲ့ ညာဏထင်ပါ ဦး မှတ်မိပါပြီလား"

"ဟော"

'သု'နဲ့ပတ်သက်သတဲ့။

ညာဏထင်တဲ့။

အံ့ဩခြင်းကြီးစွာဖြစ်ထွန်း၏။

"နေပါဦး . . မင်းက ရန်ကုန်ကမဟုတ်လား"

"ဟုတ်တယ် . . သု မန္တလေးရောက်လာသလို . . ကျွန် တော်လည်း မန္တလေးရောက်လာတာ သိပ်ဆန်းမယ် တော့မထင်ပါဘူးနော် ဦး"

ဦးရဲတင့် အံ့ဩပြီးရင်း အံ့ဩ၏။

"မင်း . . မင်းက . . ."

ပြောရင်း ဦးရဲတင့်မျက်စိထဲ ဆံပင်စုတ်ဖွား စုတ်စုတ်ပြတ်ပြတ်ကောင်လေးကိုမြင်ယောင်လာလေသည်။

"ပြောပါဦး . . ဒါ . . သုတို့ လင်းလက်တို့အိမ်မဟုတ် လား"

"အစက ဟုတ်ပါတယ်၊ အခု . . ကျွန်တော်ဝယ်လိုက်ပြီ"

"ဟော . . မင်းက . . ."





"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် ညာဏထင်ဝယ်လိုက်တာ မကြာလှသေးပါဘူး"

"အံ့ဩစရာပါလား . . ."

"ဟုတ်ကဲ့ . . ဖိနပ်စုတ်စီးပြီးဆင်းရဲစုတ်ပြတ်နေခဲ့ဖူးတဲ့ ကျွန်တော်က ဝယ်ခဲ့လို့ ဦး အံ့ဩမယ်ဆိုရင် အံ့ဩ လောက်ပါတယ်၊ ဦး အထင်ကြီးပြီး သမီးလက်ထဲထည့် လိုက်တဲ့ လင်းလက်ထက်သာအောင် ကျွန်တော်ကြိုး စားခဲ့တာပါ"

"ဟော့ကောင် . . တော်၊ မင်း ငါ့ကိုဘာမှထေ့ငေါ့စရာမ လိုဘူး"

"ဟင့်အင်း . . မငေါ့ပါဘူး၊ ထေ့လည်းမထေ့ပါဘူး၊ ဦး မေးလို့ ကျွန်တော်ဖြေတာပါ"

"တော်ကွာ . . မင်း"

ဦးရဲတင့် ဒေါသဖြစ်ဖြစ်နဲ့ စိတ်ဆိုးထွက်လာခဲ့ ၏။ ကားပေါ်ရောက်မှ ချာတိတ်ကလေးတစ်ယောက်က အပြေး လာပေး၏။

"ဆရာကပေးခိုင်းတာခင်ဗျ . . ဒီမှာ မမသုတို့ အခုနေ တဲ့ လိပ်စာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဦးရဲတင့်က တောက်ခေါက်သဖြင့် ချာတိတ်၏ လက်တွန့်သွားမှ ဦးရဲတင့်က ဆတ်ခနဲဆွဲယူကာ ကားမောင်းထွက်ခဲ့လေသည်။

ပြီးမှ . . . လိပ်စာကို ဖတ်ကြည့်ပြီး ပင့်သက်ရှိုက်ချလေသည်။

➤ ➤ ➤

'သု'တို့နေရပ်လိပ်စာအတိုင်း လိုက်သွားသော အခါ စောစောကတိုက်နှင့်ဘာမျှမဆိုင်သော တစ်ထပ်တိုက်ပြားပြားကလေးကိုတွေ့ရလေသည်။

"သု . . . ."

တိုက်ပေါက်ဝမှ လှမ်းအခေါ်မှာ 'သု'ပြေးထွက်လာခဲ့၏။

"ဟင် . . .ဖေဖေ၊ ဖေဖေရောက်လာတယ်၊ ကြည့်စမ်း . . ဖေဖေဘယ်လိုလုပ်ရောက်လာတာလဲ၊ 'သု' တောင် ပြောင်းဟယ်ရွှေ့ဟယ်နဲ့ မအားတာနဲ့ လိပ်စာထည့်မ





ရေးရသေးတာ၊ ခု . . ဘယ်လိုသိလာတာလဲ"

'သု'က ဖေဖေ့ကိုတွေ့ရ၍ အံ့ဩဝမ်းသာဖြစ်ရသလောက်၊ ဦးရဲတင့်မျက်နှာက စိတ်ဆိုးမျက်နှာ ထင်ဟပ်နေသဖြင့် လန့်သွားရလေ၏။

"ဘယ်လိုသိရမှာလဲ . . အကျိုးအကြောင်းလေးမှ စာရေးဖော်မရတော့ သူများစော်ကားတာခံလိုက်ရတယ် သိရဲ့လား"

"ဟင် . . ဘယ်သူကစော်ကားလိုက်တာလဲ ဖေဖေ၊ ကိုလင်းရဲ့အမေနဲ့ အစ်မကလား"

တိုက်ပေါက်ဝရောက်လာခဲ့သော လင်းလက်က စကားပြောသံကြောင့် ရပ်တန့်နားထောင်မိပြီးဖြစ်လေ၏။

"ဟာ . . မဟုတ်ပါဘူး၊ ဟိုကောင် . . ခွေးကောင် ညာဏထင် ဆိုတဲ့ကောင်"

"ဟင်"

'သု' လန့်ဖျပ်သွား၏။

"ဘယ်လိုဖြစ်တာလဲ၊ သူနဲ့ဖေဖေက ဘယ်လိုတွေ့လာတာလဲ"

အလန့်တကြားမေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကရော ရောင်းစရာရှားလို့ အဲဒီကောင်ကိုမှတိုက် ရောင်းရသလား"

"မဟုတ်ဘူး ဖေဖေ၊ မဟုတ်ပါဘူး၊ သုတို့ရောင်းတာ 'ထူးသာအောင်'ဆိုတဲ့လူပါ၊ သူမဟုတ်ပါဘူး"

"ဟွန်း . . နင် ငါ့ကိုမညာနဲ့ သု၊ ဖေဖေကိုယ်တိုင် ဟော မျက်စိနဲ့တွေ့လာခဲ့တာနော်၊ နင့်ကောင်ကို ခွေးချီသွ တာတောင် မှတ်မိတယ်၊ ဘာလဲ . . ဒီကောင်က နာ မည်ပြောင်းပြီး အဆက်အသွယ်လုပ်ခဲ့ကြတာလား"

"မလုပ်ပါဘူး၊ သုနဲ့လုံးဝမပတ်သက်တော့ပါဘူး ဖေဖေ တကယ်ပါ . . သူဟာသူ ရောက်နေတာတော့ သမီး လည်းမသိဘူး"

"လင်းလက်ကရော . . နင်နဲ့အဲဒီညာဏထင်အကြောင် သိလား"

"ဟင့်အင်း . . ပြောစရာမလိုတော့လို့ သမီးမပြောတော ဘူး ဖေဖေ၊ ပြောသင့်တယ်လို့လည်း မထင်လို့ပါ၊ သူ ချစ်သူဖြစ်ခဲ့ဖူးတာတ တစ်ကဏ္ဍသပ်သပ်ကျန်ခဲ့ပြီပဲ"

လင်းလက်စိတ်မျက်စိထဲမှာ သု၏မွေးနေ့ မြင်ယောင်၏။ သုအတွက်မွေးနေ့လက်ဆောင်သီချင်းကို စန္ဒရာ





တီး ဖြေဖျော်ခဲ့ပုံများ၊ သုနှင့်တစ်စားပွဲတည်းထိုင်ကာ စကားပြော နေပုံများ။

ဩော် . . သုရဲ့ချစ်သူတဲ့လားကွယ် . . .

မိမိ၏စီးပွားရေးကို အတိုက်အခံပြုနှောင့်ယှက် ခြင်း၊ ဖစ်မြစ်တို့ ယခုမှ လင်းလက်သေချာစွာသိရှိခွင့်ရခဲ့ခြင်းပါ။

ဖွင့်ပြောခဲ့ပါတော့လား . . သုရယ်။

လောကကြီးမှာ လူပေါင်းများစွာဖြင့်ဆက်ဆံ နေရချိန်မှာ ဘယ်သူက ရန်သူ၊ ဘယ်သူက မိတ်ဆွေရယ်လို့ သေချာစွာသိခွင့်မရှိပါ။

ဟန်ဆောင်မျက်နှာဖုံးများ၏အောက်မှ မဲ့ရွဲ့ လှောင်ပြောင်နေကြသော လူများစွာ၊ ဒုက္ခပေးဖို့အလစ်ချောင်းနေ သူများစွာနှင့်သာ တွေ့ဆုံနေရတာလေ။

လင်းလက် တွေဝေငေးမောနေစဉ်မှာ ဒေါသ ဖြင့်ထွက်သွားသူ၏နောက်ကျောကို လင်းလက်မြင်တွေ့ရ၏။

လိုက်ခေါ်နှုတ်ဆက်ဖို့ကြံရွယ်ပြီးမှ နှုတ်မဆက် ဖြစ်တော့ပါ။ သုကို ချမ်းသာကြီးစွာထားနိုင်ခြင်းမရှိသည့်အတွက် စိတ်ထဲမှာ ရှက်နေ၏။

အိမ်ထဲသို့ လှမ်းကြည့်တော့ ငိုကျန်ခဲ့သော 'သု'



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရလေသည်။

"သု"

လင်းလက်ပြေးသွားသောအခါ သုက ငိုရင်း ရင်ခွင်ထဲ ပြေလျှော့ကျလာ၏။

"သုတို့တိုက်ကိုဝယ်တာ ညာဏထင်တဲ့ ကိုလင်း၊ ညာဏထင်တဲ့"

အသံတိုးတိုးပြောရင်း လင်းလက်၏လက်ထဲမှာ 'သု' သတိလစ်မေ့မြောသွားခဲ့လေသည်။

➤ ➤ ➤



## အခန်း(၃၀)

'သု'သတိရလာချိန်မှာ . . လင်းလက်နံဘေးမှာ လင်းလက်၏မေမေ ခေါ်တင်နွယ်ဝင်းကိုတွေ့ရလေသည်။

"ဟော . . သတိရလာပြီ မေမေ၊ သု သတိရလာပြီ"

လင်းလက် ဝမ်းသာအားရဖြစ်ထွန်း၏။

"တော်ပါသေးရဲ့ကွယ်၊ မေမေဖြင့် ရောက်ရောက်ချင်း သမီးနေမကောင်းတာ မြင်ရလို့ စိတ်မကောင်းတော့ တော်ဖြစ်ရတယ်၊ ခုနေချိန်မှာ စိတ်ကိုပျော်အောင်ထားရမယ်သမီးရဲ့ . . နော်၊ ဆရာဝန်ကပြောသွားတယ် . . သမီးရင်သွေးလေးကိုလွယ်ထားရပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဟုတ်လား၊ ဟုတ်လား ကိုလင်း"

မေးရင်း သူ မျက်ရည်စီးကျလာရပါသည်။ ဖေဖေက သူ့ကိုအထင်လွဲစိတ်ဆိုးသွားရတာ သူ ဘယ်လိုစိတ်ကောင်းနိုင်ပါ့မလဲ။

"ဟုတ်တယ် သူ၊ ကျန်တဲ့ကိစ္စတွေအားလုံး ခေါင်းထဲထည့် မထားနဲ့၊ သူ အားနည်းနေတာ နေကောင်းအောင်နေဖို့ ပဲ အရေးကြီးတယ်"

သူ၏ မျက်ဝန်းများက ဒေါ်တင်နွယ်ဝင်းထံ ရောက်သွား၏။ မေမေကလည်း 'သူ'ကို အထင်လွဲနေခဲ့တာလေ။

"မေမေ့တို့လည်း လှိုင်ပြောပြလို့ အားလုံးနားလည် သဘောပေါက်သွားပြီ သူ၊ ကျော်ဝဏ္ဏနဲ့သမီးမြသီဂီတို့ လည်း တော်တော်လေးကိုစကားများလိုက်ကြတယ်၊ ကျော်ဝဏ္ဏက သမီးအပေါ်မှာမကောင်းကြံသလို လှိုင့် ကိုလည်း မကောင်းစိတ်နဲ့ဆက်ဆံလို့ လှိုင်နဲ့ပြဿနာ ဖြစ်ရာကအစ အားလုံးကို လှိုင်က ရှင်းပြခဲ့တာပဲ၊ သမီး တို့သာတိုက်ကြီးပေါ်ပြန်တက်လာမယ်ဆိုရင် မေမေက သူတို့လင်မယားကို တခြားမှာနေခိုင်းပေးမှာပါ"

"တော်ပါပြီ မေမေ၊ သမီးတို့ကြောင့် သူတို့အခက်တွေ့





နေပါ့မယ်၊ သမီးတို့ ဒီမှာအဆင်ပြေပါတယ်၊ တိုက်က သားပေမဲ့ နေလို့ဖြစ်ပါတယ်"

"အေးကွယ် . . သမီး သူ သဘောထားကြီးတာတွေရလို့ မေမေဝမ်းသာပါတယ်၊ အဖြစ်အပျက်အားလုံးကိုလည်း သား နားလည်အောင် ရှင်းပြပြီးပါပြီ"

"ဟုတ်တယ် သူ၊ ဉာဏထင်နဲ့ပတ်သက်တာတွေလည်း ကိုယ်သိသင့်သလောက် သိခဲ့ပြီးပါပြီ၊ သူနဲ့ပတ်သက်ပြီး သူ စိတ်ထဲမထားစေချင်ဘူး"

"ကျေးဇူးပါပဲ ကိုလင်းရယ်"

"သူ ကျန်းမာအောင်နေနော်၊ ဒါမှ 'သူ'ရင်သွေးလေးလှ လှပပဖွံ့ဖွံ့ထွားထွားဖြစ်မှာ . . သိရဲ့လား"

'သူ'၏ဝမ်းဗိုက်ကို လာကိုင်သဖြင့် 'သူ'က ရှက်စနိုးဖြင့် ကိုလင်း့လက်ကိုဖယ်လေသည်။

"ကဲ . . သူ . . အခုမှသတိရလာကာစရှိသေးတယ်၊ နားပါစေကွယ်၊ တို့သားအမိ ကုမ္ပဏီကိစ္စစကားပြောစရာရှိတယ် . . လာ . . သား"

ဒေါ်တင်နွယ်ဝင်းက သားကိုလက်ဆွဲခေါ်သွား၏။ 'သူ'က ဗိုက်ကလေးကိုပွတ်ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဪ . . သားလေးလား၊ သမီးလေးလား . .

လောကကြီးထဲရောက်လာတော့မှာလေ။ ယခုအချိန်မှာ 'သူ'အတွက် အရေးအကြီးဆုံးလူသားနှစ်ယောက်ပဲရှိပါသည်။

သား (သို့မဟုတ်) သမီးလေး

ပြီးတော့ . . ကိုလင်း၊ ဒါပါပဲ။

"သူကို ဒီလိုခမ်းနားကြီးကျယ်တဲ့နေရာမှာထားဖို့ ကြိုးစားမယ် . . သူ . . သိလား"

'သူ'မွေးနေ့မှာ ညာဏထင်ပြောခဲ့ပါသောစကားများကို ခါးသီးစွာ ပြန်လည်ကြားယောင်၏။

ကိုလင်း၏စီးပွားရေး ဦးမော့မလာနိုင်အောင် နှောင့်ယှက်ဖျက်ဆီးသော ညာဏထင်၏လုပ်ရပ်များကို သူ တားဆီးကာကွယ်မှုဖြစ်မှာပါ။

သူက အိပ်ရာထက်မှ ဥာဏ်သာစွာထ၏။ တယ်လီဖုန်းမှ ကော့ဒ်လက်(စ်)ကိုလှမ်းယူလိုက်၏.

သူ နေထိုင်ခဲ့သောနေအိမ်ကြီးမှာတပ်ဆင်ထားသောတယ်လီဖုန်းနံပါတ်များကို 'သူ' ဘယ်လိုမေ့နိုင်ပါမလဲကွယ်။





ရှည်လျားစွာခေါ်ဆိုသော တယ်လီဖုန်းမြည်သံကို စိတ်ရှည်စွာ 'သူ'စောင့်ရပါ၏၊ ခဏအကြာမှာ နားရည်ဝလျက်ရှိသော ညာဏထင်၏ထူးသံကို ကြားရလေသည်။

"သူပါ ကိုညာဏထင်၊ သုနန္ဒာပါ"

"ဟာ . . သု၊ သု ကိုယ့်ဆီဖုန်းဆက်တယ် ဟုတ်လား၊ ဒီမှာ ကိုယ်ရှိတာ သု ဘယ်လိုသိ . . ဪ . . သု ဖေဖေ သုဆီရောက်လာခဲ့ပြီထင်တယ် . . ဟုတ်လား"

"ဟုတ်တယ်၊ ရှင် ထေ့လိုက် ငေါ့လိုက်တဲ့စကားတွေအားလုံးအတွက် ရှင့်ကိုချီးကျူးပါတယ်၊ ရှင် တော်တော်အငြိုးကြီးတဲ့လူပဲ"

"ဟာ . . အငြိုးကြီးတာဘယ်ဟုတ်မလဲ သုရဲ့၊ လူဆိုတာ ကိုယ့်ခံစားချက်နဲ့ကိုယ်ပဲလေ၊ ကိုယ့်မေမေ သေဆုံးခဲ့ရတာရယ်၊ သုနဲ့ခွဲခဲ့ရတဲ့အတွက် ကိုယ်ပြောသင့်ပြောထိုက်တာ ပြောတာလောက်ပါ၊ ကိုယ်အပြောခံရတာနဲ့ စာရင်မနှိုင်းလောက်ပါဘူး"

"ရှင့်မေမေက သူ့ရောဂါနဲ့သူ သေဆုံးခဲ့တာပါ၊ သုကိစ္စတွေထဲဆွဲမထည့်ပါနဲ့၊ သုနဲ့ခွဲရတာကတော့ ရှင်နဲ့သု ဖူးစာကံမပါလို့ဆိုတာ ရှင်သိထားဝါ၊ နောက်ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းလက်ထွန်းရဲ့စီးပွားကိုပျက်အောင် နှောင့်ယှက်တာမျိုးမလုပ်ပါနဲ့ ကိုညာဏထင်၊ သုကို ရှင် ရွေ့စ်အိမ်နဲ့ထားနိုင်တယ်ပဲထားဦး၊ ရှင့်ဆီကို သု လုံးဝပြန်လာမယ်မထင်ပါနဲ့၊ မမျှော်လင့်ပါနဲ့”

“ပြတ်သားလှချေလား သုရဲ့၊ အခုပဲ ‘သု’တိုက်ကြီးပေါ်ကနေ တိုက်ကလေးပေါ်ရောက်သွားပြီလေ၊ ‘သု’လူက သုကို ဒီထက်ပိုမထားနိုင်တော့ပါဘူး”

“အရေးအကြီးဆုံးက သုကို ကိုလင်းချစ်မြတ်နိုးဖို့ပဲ လိုအပ်ပါတယ်၊ ‘သု’ဘာနဲ့ပဲ နေရ၊နေရ၊ ဘာနဲ့ပဲ စားရ၊ ဝတ်ရ၊ ‘သု’မျှော်လင့်တာ အေးချမ်းတဲ့မိသားစုမေတ္တာအိမ်ကလေးပါ။ အခုကိုပဲ . . ကိုလင်းရဲ့ရင်သွေးကို ‘သု’လွယ်ထားရပြီ ကိုညာဏထင်၊ ရှင် သုကိုအရင်ကချစ်ခဲ့တဲ့မေတ္တာတွေထောက်ထားပြီး ‘သု’တို့ရဲ့စီးပွားရေးကို ရှေ့ဆက်ပြီး မနှောင့်ယှက်ဖို့ သု တောင်းပန်ပါတယ်၊ ဒါပါပဲ”

သုက ကော့(ဒ်)လက်(စ်)တို့ နေရာတကျပြန်ချလိုက်ချိန်မှာ လင်းလက်က သု၏ကိုယ်လေးကို သိုင်းဖက်လိုက်၏။

“သုရဲ့သစ္စာတရားတွေကို ကိုယ်ယုံပါတယ် သုရယ်၊ ကျေးဇူးတင်ပါတယ်”






လင်းလက်၏တီးတိုးစကားသံကို သု နွေးထွေးစွာကြားလိုက်ရချိန်လောက် . . စိတ်ချမ်းသာဖွယ်ကောင်းသော အချိန်အခါမရှိတော့ပါ။

သုက လင်းလက်၏ရင်ခွင်ထဲ ခိုဝင်ကာ အားရပါးရ ငိုချလိုက်လေသည်။ ။

အလိုရှိရာ တောင့်တရာ ပြည့်စုံကြပါစေ
‘စာချစ်သူများ၏



မအေးလေး
၅၊ ၄၊ ၂၀၀၂